
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအသိအစဉ်

သို့

မမဘုံ ...

ပျော်ရွှင်ပါစေ။ အမြဲတမ်း အားပေးနေပါတယ်။ ပျော်ရွှင်ပြီး ပရိသတ်ချစ်ခင်တဲ့ မမဘုံတစ်ယောက် အမြဲဖြစ်ပါစေ။ သဝန်တိုမင်္ဂလာကကြိုးစားအုပ်က အရမ်း ကောင်းပါတယ်။

မမဘုံကို အမြဲအားပေးနေပါတယ်။

ချစ်ခင်စွာဖြင့် ...

**နန်းငယ်**
ရှမ်းပြည်မြောက်ပိုင်း
သီပေါမြို့။
ခေတ္တ/ ရန်ကုန်
စမ်းချောင်းမြို့နယ်
ပုသိမ်လမ်း။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

ညီမလေး မယ်မင်းဘုံ ...

ကြိုးစားပါ။ အမြဲအားပေးနေပါတယ်။

အောင်မြင်ပြီး ပရိသတ်ချစ်တဲ့ စာရေးဆရာမလေး ဖြစ်ပါစေ။ စာအုပ်ကောင်းကောင်းလေးတွေ များများရေးပေးပါ။ အားပေးနေပါတယ်။

ကျန်းမာပျော်ရွှင်ပါစေ ချစ်ညီမလေး ဘုံ

Super One (S.B.T)
KMA (Cosmetics)
Tu Zar.



စေတနာစာပေ၏

## [illegible]

သို့

မမမယ်မင်း ...

ထွက်သမျှစာအုပ်တွေ အမြဲအားပေးပြီး အမြဲတမ်းလည်း ဖတ်ဖြစ်ပါတယ်။

မမ အသစ်ထွက်မယ့်ဝတ္ထုတွေကိုလည်း အမြဲတမ်း စောင့်မျှော်လင့်လျက်ပါ။

မမ ရေးသမျှဝတ္ထုတွေ ကောင်းပါတယ်။

အမြဲတမ်း အားပေးလျက်ပါ။

Super One (S.B.T)
Zar Zar Phyo.

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

စာရေးတဲ့ ဘုံလေး ...

စာတွေရေးလို့ ပင်ပန်းနေပြီလား။ ပရိသတ်တွေအတွက် မနားမနေ ကြိုးစားနေတယ်ဆိုတာ ဘုံလေးစာတွေ ဖတ်ကြည့်တာနဲ့တင် သိနေပါပြီ။ ချေလို့နေလို့ ချစ်လေသည့် စာအုပ်လေးဟာ ခေါင်းစဉ်ဆန်းသလို ဇာတ်လမ်းလေးကလည်း ဆန်းတယ်နော်။ အခြောက်မကြီး မြင့်မိုးမယ်နဲ့ မင်းသားအမေ ခေါ်ချေချေကို တအားကြိုက်တာပဲ။ အဲဒီကားလေး ဘယ်သူနဲ့ ရိုက်မှာလဲဟင်။ ဘုံလေးရေ ... နောက်လတွေမှာ ထွက်မယ့် စာအုပ်တွေမှာ ဘုံလေး ဓာတ်ပုံလေးတွေ ထည့်ပေးပါဦးနော်။ ဘုံလေး ပုံလေးတွေ မမြင်ရတာကြာပြီ။

ချစ်တဲ့ ဘုံလေး အနုပညာခရီးတစ်လျှောက် ဆူးညှောင့်ကင်း၍ အမြဲ ပျော်ရွှင်ပါစေ။

**မမယမင်းထွေး**
လ-၀-က ရုံး
အင်းတော်မြို့နယ်။



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

ဆရာမရေ ...

စာအုပ်က ဒီတစ်ခါထွက်တာ နောက်ကျတယ်နော်။ သဝန်တိုမင်္ဂလာကကြိုး ဖတ်ပြီးပြီ။ တော်တော်လေးလည်း စောင့်လိုက်ရတယ်နော်။ နောက်လတော့ မြန်မြန်ထွက်ပေးပါဗျာ။

Ye Myint Tun
ကြည်တော်ကုန်း၊
ရမည်းသင်းမြို့။
၃ရပ-၁၆၀
ရတနာပုံတက္ကသိုလ်
မန္တလေး။

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

မမမယ်မင်းဘုံ ...

ညီမလေးကို မှတ်မိသေးလား။ နေးဂျာမူပါ။ မူ မမဆီ စာမရေးဖြစ်ပေမယ့် စာအုပ်တွေကတော့ အမြဲဖတ်ဖြစ်တယ်။ စာတိုက်နဲ့က အလှမ်းဝေးနေလို့ မမဆီ စာမထည့်ဖြစ်တာပါ။ မမရဲ့ဝတ္ထုတွေထဲမှာ မူ အပိုင်တောင် စာအုပ်ဆိုင်ကနေ ဝယ်သိမ်းထားလိုက်တဲ့ စာအုပ်လေး ရှိတယ်။ "ချေလို့နေလို့ချစ်လေသည်" အဲဒီစာအုပ်ထဲက မင်းသမီးလေး "ပဲပိုးတီ"က မူပေါ့နော်။ အရမ်းကြိုက်တာပဲ။ ဇာတ်ကွက်တိုင်းက romantic အရမ်းဖြစ်။ အရမ်းကြိုက်။

မမရေ ... အားရင် မူ့ဆီ စာပြန်ထည့်ပေးပါနော်။ မမ ထာဝရပျော်ရွှင်ပါစေ။

**နေးဂျာမူ**
လုံခင်းမြို့၊ ဖားကန့်
ကချင်ပြည်နယ်။



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

ချစ်ရ လေးစားရတဲ့ ဘုံဘုံ ...

ဘုံဘုံဆီကို စာရေးထားပေမယ့် ဝတ္ထုထဲမှာ ဝင့်ရဲ့စာ မပါဘူးနော်။ မရောက်လို့လား။ မထည့်တာလားဟင်။ ဝင့်ရဲ့ မိတ်ဆက်စာလေး ဘုံဘုံရဲ့ဝတ္ထုစာအုပ် တစ်အုပ်အုပ်ထဲမှာ ပါ,ပါစေလို့ အမြဲဆုတောင်းနေတယ်။

ဘုံဘုံ ... ဘုံဘုံရဲ့ ဒီလမှထွက်တဲ့ "သဝန်တိုမင်္ဂလာကကြိုး"ကို ဖတ်ပြီး အကြာကြီး စောင့်ရကျိုးနပ်သွားတယ်။ ဇာတ်လမ်းလေးကို အရမ်းကြိုက်လို့။ ဒါပေမဲ့ အားမရဘူး။ ဒီ့ထက်ကို စာမျက်နှာအများကြီး ထပ်ဖတ်ချင်သေးတာ။ ဘုံဘုံ... နောက်အုပ်တွေကျ ထူထူလေး ရေးပေးနော်။ ဒီတစ်ခါတော့ ဝင့်စာကို သေချာထည့်လိုက်တယ်။ အချိန်ရရင်တော့ စာလေးပြန်ပေးနော်။ မိတ်ဆက်စာ စာအုပ်ထဲပါရင်လည်း ကျေနပ်နေပါပြီ။

ဘုံဘုံ စိတ်တွင်ရွှင်မြူး အလှထူးပါစေနော်။

ဘုံဘုံ ပရိသတ် ...

**ရှိုင်းဝင့်ချယ်**
၆၈၊ ကန်အောက်ရပ်၊ မင်းလုံလမ်း

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

**အမှတ်တရအစီအစဉ်**

သို့

ဆရာမရေ ...

အခုတလော ဆရာမ ဗီဒီယိုကားလေးတွေ ကျွန်တော်တို့ဆီမှာ တော်တော်ထွက်နေတယ် ခင်ဗျ။ ရိုးမြေကျခေါင်းခါသည်တို့၊ အထင်လွဲ သစ်ရွက်တို့၊ လရောင်နံ့ပါတ်ခြောက်တို့ အဲဒီကားလေးတွေကို အရမ်းကြိုက်တယ်။ ဆရာမဝတ္ထုတွေကိုတော့ လတိုင်း မှန်မှန်လေး ထွက်ပေးပါလို့ တောင်းဆိုပါတယ်။ ကျွန်တော်တို့ဘက်က လှမ်းတော့ ဆရာမစာအုပ်တွေကို လတိုင်း မဖတ်ရဘူး။ မန္တလေးရောက်ရင်တော့ ရအောင်ဝယ်တယ်။

ဆရာမ ခင်မင်စွာဖြင့် ...

Lun Zane Khoe
ဗန်းတဲ့ရွာ၊ တီးတိန်မြို့
ချင်းပြည်နယ်။

# မယ်မင်းဘုံ

## သကြားမှုန်းတဲ့ သင်္ကြန်



စိစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## မယ်မင်းဘုံ၏ထွက်ပြီးစာအုပ်များ


၁။ အချစ်ဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် (အောင်သီရိဗိဒီယို)

၂။ ချစ်ရင် ... နှစ်မိနစ်စောင့် (ရွှေစင်ဦးဗီဒီယို)

၃။ ငွေတောင်ပြည်ကမြို့သူ (အောင်သီရိဗိဒီယို)

၄။ ချစ်သူ့လိမ်းဖို့ဒေးကရင်မ် (အောင်သီရိဗိဒီယို)

၅။ အမုန်းကမ်ရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည် (ရွှေစင်ဦးဗီဒီယို)

၆။ အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန်ငါသေပါရစေ (အောင်သီရိဗီဒီယို)

၇။ ဆယ်ကျော်သက်ဂိမ်း (အောင်သီရိဗိဒီယို)

၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည် (အောင်သီရိဗိဒီယို)

၉။ ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင် (အောင်သီရိဗိဒီယို)

၁၀။ နဖူးမှာရေးဖို့မေ့တဲ့စာ (အောင်သီရိဗိဒီယို)

၁၁။ အနန်းမြို့ကသတို့သား (မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေး)

၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါအချစ်တွေမိုးလင်းခဲ့တယ် (အောင်သီရိဗိဒီယို)

၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန်အသိပါ (အောင်သီရိဗိဒီယို)

၁၄။ နှတ်သားအိပ်ဆေးခတ်ထားတဲ့ညနေခင်း (အောင်သီရိဗိဒီယို)

၁၅။ ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည် (အောင်သီရိဗိဒီယို)

၁၆။ ဘာညာသာရကာ (အောင်သီရိဗိဒီယို)

၁၇။ ပျားရည်ဆမ်းဒွိဟ (အောင်သီရိဗိဒီယို)





၁၈။ အနမ်း Equation (အောင်သီရိဗိဒီယို)

၁၉။ တဆိတ်လောက်ခင်ဗျာ ချစ်သူကို ... ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ (အောင်သီရိဗိဒီယို)

၂၀။ အငြိုးကွန်ယက်နတ်သမီး (အောင်သီရိဗိဒီယို)

၂၁။ ဖို့လေးရည်းစားမြို့ကြီးသား (အောင်သီရိဗိဒီယို)

၂၂။ အမုန်းပြယ်ဝိုင် (အောင်သီရိဗိဒီယို)

၂၃။ နှလုံးသား Hacker (အောင်သီရိဗိဒီယို)

၂၄။ ကွန်းခိုဖြစ်သောမျက်ဝန်းလေးဆီ (အောင်သီရိဗိဒီယို)

၂၅။ သူ့စိတ်နာတဲ့ကြားဖြတ်အစီအစဉ် (အောင်သီရိဗိဒီယို)

၂၆။ 4 In 1 (အောင်သီရိဗိဒီယို)

၂၇။ လရောင်စစ်စစ်သမီးရည်းစား (အောင်သီရိဗိဒီယို)

၂၈။ ကိုယ့်နှလုံးသားတွင် သတို့သမီးပုန်းနေသည် (အောင်သီရိဗိဒီယို)

၂၉။ နေမထိအလွမ်း (အောင်သီရိဗိဒီယို)

၃၀။ မိုးလုံလေလုံအိမ်ထောင်ပြုသည် (အောင်သီရိဗိဒီယို)

၃၁။ နောက်ကျောကချစ်သူ (အောင်သီရိဗိဒီယို)

၃၂။ ရိုးမြေကျခေါင်းခါသည် (စိမ်းဝါနီဗိဒီယို)

၃၃။ သံယောဇဉ်မျက်စောင်းထိုး (အောင်သီရိဗိဒီယို)

၃၄။ မြားနတ်မောင်ဝုန်းဒိုင်းကြဲနေသည် (အောင်သီရိဗိဒီယို)

၃၅။ ဆေးကျောင်းသားနှင့်အီကိုကွင်း (အောင်သီရိဗိဒီယို)

၃၆။ အခန့်မသင့်မုန်တိုင်း (အောင်သီရိဗိဒီယို)

၃၇။ ချေလို့နေလို့ ချစ်လေသည် (အောင်သီရိဗိဒီယို)

၃၈။ သဝန်တို မင်္ဂလာက,ကြိုး (အောင်သီရိဗိဒီယို)

<u>ယခုလ</u>

၃၉။ သကြားဖျန်းတဲ့သကြိန်


www.burmeseclassic.com

www.burmeseclassic.com



# မယ်မင်းဘုံ
## သကြားဖျန်းတဲ့သကြိန်

**၂၀၁၅ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်**

**တန်ဖိုး**
၁၀၀ ကျပ်
**အုပ်ရေ**
၅၀၀
**ထုတ်ဝေသူ**
ဦးကျော်လှိုင် (၀၀၆၅၁) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉–လမ်း၊ လသာမြို့နယ်။
**ပုံနှိပ်သူ**
ဦးကျော်လှိုင် (၀၀၄၇၇)၊ စေတနာ Offset
အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

မယ်မင်းဘုံ **၈၉၅.၈၃**
သကြားဖျန်းတဲ့သကြိန်၊ မယ်မင်းဘုံ၊ ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၅
၂၅၆–စာ၊ ၅ x ၇ လက်မ။
သကြားဖျန်းတဲ့သကြိန်



အမှန်တကယ်တော့
အချစ်ဆိုတာ
ကိုယ့်စိတ်ချမ်းသာမှုကို
အလိုလိုက်နေခြင်းပါပဲ။
လောကမှာ
ကိုယ်အလိုလိုက်မိဆုံးကလည်း
ကိုယ့်ရင်ထဲက စိတ်ဆန္ဒပဲလေ။



www.burmeseclassic.com

www.burmeseclassic.com







(၁)

ရုံးက ဖယ်ရီကားက ဒီနေ့မှ နောက်ကျနေတာကြောင့် ဖန့်ဝါတို့တွေက ရုံးရှေ့ဝမှာ ရပ်စောင့်ရင်း ကားအလာကို မျှော်နေကြတာဖြစ်သည်။

"ငါတို့တွေလည်းနော် မနက်ရုံးလာ ညနေရုံးပြန်။ ဟော... အိမ်ပြန်ရောက်တော့ မောပြီး အိပ်ပျော်။ နောက်တစ်နေ့ မိုးလင်း ရုံးပြန်လာရနဲ့ ဒီသံသရာထဲမှာပဲ ဝဲလည်ထဲလည်နေတော့မှာလားဟယ်"

ပွင့်သစ်က အစချီပြောလိုက်တဲ့ ညည်းညူမှုကြောင့် ဖန့်ဝါက ဘာမှမပြောသေးဘဲ ပြုံးရုံသာ ပြုံးမိသွားသည်။ ကကယ်



www.burmeseclassic.com

www.burmeseclassic.com



လည်းပဲ ပွင့်သစ် ပြောသလိုမျိုး ဖန့်ဝါတို့ဘဝတွေက ဒီအတိုင်း သံသရာလည် ပြီးဆုံးနေတာပဲဖြစ်၏။

"ဒါကတော့ ကိုယ်တွေက ဘဂသမားတွေပေါ့ဟယ်။ ဒီလိုမျိုး သံသရာလည်မှ လစဉ် ဒိုးပြားမုန့်မှာ ဟာကိုး။ တစ်နေ့ တစ်နေ့ ငါတို့မှာ နားချိန်ရှားပါတယ်ဆိုမှ အဲဒီ ဖယ်ရီ နောက်ကျတာကို စောင့်ရတာကလည်း ဘေစ်ဒုက္ခပဲ ပေါ့။ အခုထိ မလာနိုင်သေးဘူး"

ရုံးဝန်ထမ်းတွေက ဖယ်ရီစောင့်နေရင်း စိတ်မရှည်စွာ တစ်ယောက်တစ်ပေါက် ပြောနေကြတုန်းမှာ ပါးဖေါင်ဖိတ်ငြိမ် နေတဲ့ ဖန့်ဝါရဲ့ဖုန်းလေးက မြည်လို့လာလေ၏။ ဖန့်ဝါက ကိုကြီးဆီက ဖုန်းဖြစ်တာမို့ မျက်နှာက အလိုလို ကြည်လင်စွာ ပြုံးမိသွားရင်း ဖုန်းကိုင်လိုက်၏။





"ဟုတ် ... ကိုကြီး"

"ဝါ ... အခုထိ မပြန်ရသေးဘူးလား"

"ဟုတ်တယ်။ ဖယ်ရီ နောက်ကျနေလို့လေ ကိုကြီးရဲ့။ ကိုကြီးကော အခု ဘယ်မှာလဲ"

"ဝါ့ရုံးရှေ့က စတိုးဆိုင်ရှေ့မှာ ကိုယ့်ကားရပ်ထားတယ်။ ဒီဘက်ကို လာခဲ့လိုက်"

ဖန့်ဝါက အံ့သြစိတ်နဲ့အတူ တစ်ဖက်ကားလမ်းက စတိုးဆိုင်ဘက် လှမ်းကြည့်လိုက်လျှင် ကိုကြီးရဲ့ကား ရပ်ထားတာကို တွေ့ရလေသည်။ ဝါက တကယ်ကြီးဆိုတဲ့ အတွေးကြောင့် ကျေနပ်ပျော်ရွှင်မိသွားလေ၏။ ဖန့်ဝါကို လာကြိုတာပါလို့ မပြောပေမယ့် လာကြိုတာပဲမို့ ဖန့်ဝါက ကြည်နူးကျေနပ်စွာဖြင့် ကိုကြီးနဲ့ လိုက်သွားဖို့ သူငယ်ချင်းတွေကို နှုတ်ဆက်လိုက်သည်။

"ပွင့်သစ် ... ဇာခြည် ... ငါ့ကို ကိုကြီး လာကြိုလို့ အရင်သွားနှင့်လိုက်တော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



“အမယ်လေး … မိန်းမ၊ အဲဒါကြောင့် ရုပ်ကိုက ပြုံးရွှင်နေတာ။ အေးပေါ့လေ… ကံကောင်းသူတွေများကျ ဖယ်ရီနောက်ကျလို့ စောင့်ရတယ်ဆိုတာ မရှိဘူး။ လာကြိုမယ့်သူက အဆင်သင့်။ ဟင်း … မနာလိုလိုက်တာ”

“ဒါကတော့ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပဲလေ ချစ်တို့ရယ်။ ဟဲ ဟဲ … တော့တာ”

ဖန့်ဝါက ရင်ထဲက အကြည်ဓာတ်လေးက မပျောက်နိုင်စွာ သူငယ်ချင်းတွေကို နှုတ်ဆက်လိုက်ရင်း ကားလမ်းဖြတ်ကူးကာ ကိုကြီးရဲ့ကားပေါ်သို့ တက်လိုက်သည်။ အမြဲတမ်း မွှေးပျံ့နေတဲ့ ကိုကြီးရဲ့ကားထဲမှာ ကိုကြီးဆီကနေရတဲ့ ရေမွှေးနံ့ ခပ်သင်းသင်းလေးက ဖန့်ဝါ စိတ်ကို အလတ်ဆတ်စေဆုံးပဲ ဖြစ်သည်။

“ကိုကြီးက ဘယ်လိုက ဘယ်လို ဒီရောက်လာတာလဲ”

“အန်တီ့ကို ဖုန်းဆက်လိုက်တော့ မင်း ရုံးမှာပဲ ရှိသေးတယ်တဲ့။ လမ်းကြုံတာနဲ့ တစ်ခါတည်း လာခေါ်တာ”





ဟင်း … အဖြေကြီးကလည်း။ ဖန့်ဝါက ရိုမန့်တစ်မဖြစ်သော ကိုကြီးရဲ့အဖြေစကားအတွက် အလိုမကျစွာ နှုတ်ခမ်းက အလိုလို ဆူမိသွားသည်။ တကယ်ဆို ဟုတ်,ဟုတ် မဟုတ်,ဟုတ် ဖန့်ဝါကို တကူးတကကြီး လာကြိုပါတယ်လို့ ဖြေလိုက်တော့ ဘာဖြစ်မှာမို့လို့။ ဖန့်ဝါက ကိုကြီးရဲ့စကားအတွက် မျက်နှာက အလိုလို မှုန်ကုတ်သွားကာ “အင်”တစ်လုံးတည်းသာ အသံထွက်ပြီး ဘာမှဆက်မပြောတော့ချေ။ ဖန့်ဝါ အဲဒီလိုဖြစ်သွားသည်။

ကိုကြီးတစ်ယောက်ကတော့ ရိပ်မိဟန်လည်း မတူပေ။ သူ့ဘာသာသူ ကားကိုသာ အာရုံစိုက် မောင်းနေလေ၏။

“ဝါ … တစ်ခုခု စားမလား”

တိတ်ဆိတ်နေတုန်း မေးလိုက်တဲ့ စကားသံကြောင့် ဖန့်ဝါက တအံ့တသြဖြင့် ကိုကြီးကို ကြည့်မိသွားကာ ဘာမှမပြောရသေးခင် ကိုကြီးက ဆက်ပြောလေ၏။

“Signature ထဲဘဲဝင်လိုက်မယ်လေ”



www.burmeseclassic.com

ဖန့်ဝါဆီက အဖြေကိုမစောင့်ဘဲ Signature ထဲ မောင်းဝင်လာခဲ့လျှင် ဖန့်ဝါက ကိုကြီးအကြောင်း နောကြေစွာ ဖြင့် ငြိမ်သက်စွာ လိုက်လာခဲ့၏။ စားသောက်စရာများ မှာပြီး နောက်မှာ ကိုကြီးက သူ့ဘောင်းဘီအိတ်ကပ်ထဲမှ ကတ္တီပါဘူး လေး ထုတ်လိုက်ကာ ဖန့်ဝါရှေ့သို့ တွန်းပို့လိုက်ရင်း ...

"ဒီနေ့ ကိုယ့်မိတ်ဆွေတစ်ယောက်နဲ့တွေ့လို့ သူနဲ့အတူ စိန်ဆိုင် လိုက်သွားတာ။ ဒီလက်စွပ်လေးကို မြင်တော့ ဝါ နဲ့လိုက်မှာပဲလို့ တွေးမိလို့ ဝါ့အတွက် ဝယ်လာတာ"

ဖန့်ဝါက ကတ္တီပါဘူးလေးကို ဖွင့်ကြည့်လိုက်လျှင် လှပသော စိန်လက်စွပ်လေးကို တွေ့ရ၏။ လေပွတစ်ချက်မှုတ် ထုတ်လိုက်ကာ ကိုကြီးကို ငေးကြည့်လိုက်ရင်း ...

"အဲဒါတွေ မလိုအပ်ပါဘူး ကိုကြီးရယ်"

"ကိုယ်က ဝါ့အတွက် လိုအပ်တာကို ဝယ်ပေးတာမှမဟုတ် တာ။ ဝါနဲ့လိုက်မယ် ထင်လို့လေ။ ယူထားပါ။ ကိုယ် အန်တီ့ကိုလည်း ပြောထားပြီးပြီ"





ဖန့်ဝါက ဆက်မပြောချင်တော့တာမို့ အငြိုင်ငြင်း မနေတော့ဘဲ ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်ကာ ...

"ကျေးဇူးတင်ပါတယ် ကိုကြီး"

"ကျေးဇူးတင်ဖို့ မလိုပါဘူး ဝါ။ ဩော် ... နေဦး။ ဒီနေ့ ဘာလို့ နောက်ကျနေတာလဲ။ ဝါတို့ရုံးက ရုံးဆင်းချိန် ဒီလိုပဲ မမှန်ဘူးလား"

"ဟင် ... မဟုတ်ပါဘူး။ ရုံးက အချိန်မှန် ဆင်းပါတယ်။ ဖယ်ရီက လမ်းမှာ ကားပျက်နေလို့ လာကြိုတာ နည်းနည်း နောက်ကျနေတာပါ။ ဒီတလောက ဘတ်ဂျက်ပိတ်တော့ မယ့်လဆိုတော့ ဖန့်ဝါတို့ တစ်ရုံးလုံး အလုပ်တွေ များနေ ကြတာလေ"

"အင်း ... ဟုတ်သားပဲ။ သင်္ကြန်တောင် ရောက်တော့မယ် နော်"

သင်္ကြန် ...။ ဖန့်ဝါက သင်္ကြန် ရောက်တော့မယ့် အသံကြောင့် ခေါင်းသာ ညိတ်ပြလိုက်သည်။

www.burmeseclassic.com



"ဒီနှစ်လည်း ဝါတို့ တရားစခန်းပဲ ဝင်မှာမှလား"

"အင်း ... ဝင်ဖြစ်မယ် ထင်တာပဲ။ နှစ်တိုင်း ဒီလိုပဲဟာ။ ဖန့်ဝါအတွက်က သင်္ကြန်ဆိုတာ သာမန်နေ့ရက်တွေလိုပါပဲ"

"အဲဒါ အကောင်းဆုံးပဲလေ ဝါ။ ဘာကို မကျေမနပ်ဖြစ်နေရတာလဲ"

ကိုကြီးက ဖန့်ဝါကို လေသံမာမာဖြင့် မေးလိုက်တာမို့ ဖန့်ဝါက အကြောက်အကန် ခေါင်းခါယမ်းရင်း ...

"မဟုတ်ပါဘူး။ မကျေမနပ် ဖြစ်တာမှ မဟုတ်တာ။ ဖန့်ဝါအတွက် သင်္ကြန်ဆိုတာ သာမန်ရက်လိုပဲလို့ ပြောတာပါ။ ဖန့်ဝါက သင်္ကြန်တွင်း တရားစခန်းဝင်တာကုသိုလ်ရတဲ့ကိစ္စဟာ ဘာကို မကျေမနပ် ဖြစ်ရမှာလဲ"

"ဝါ ... အဲဒီစိတ်အတိုင်းပဲ အမြဲထား,ထားပါ။ ကြားလား"

ဖန့်ဝါက ခေါင်းသာ ညိတ်ပြလိုက်သည်။ ဘာတွေမှန်းလဲ မသိဘူး။ သင်္ကြန်ဆိုတာနဲ့ သိပ်ပြီး sensitive တွေဖြစ်



ပြနေတာ။ ဖန့်ဝါအတွက်ကတော့ နာမည်ကသာ "ဖန့်ဝါတန်ခူး" ဆိုပြီး သင်္ကြန်ဆန်ခဲ့တာ၊ တကယ်တမ်းကျ ဖန့်ဝါကတော့ သင်္ကြန်ဆိုတဲ့ ပျော်ရွှင်မှုမှာ လူငယ်ဆန်ခြင်းတော့ မရှိခဲ့ဘူးပါပေ။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏
## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မမမယ်မင်းဘုံ ...

မမ ရေးပြီးထားသမျှ စာအုပ်တွေ အကုန်လုံးဖတ်ပြီးပါပြီ။ အားလုံးကိုလည်း အရမ်းကြိုက်ပါတယ်။ မမ အခုထွက်တဲ့ သဝန်တိုမင်္ဂလာကကြိုးစာအုပ်လေးကို ကြိုက်ပါတယ်။ ဖတ်ရင်းနဲ့ပဲ လက်ကမချချင်အောင်ကို ဖြစ်မိပါတယ်။

မမမယ်မင်းဘုံရေ ... အရမ်း အရမ်းကို အောင်မြင်ပါစေရှင့်။

ပရိသတ်

ညီမလေး
**ချယ်ရီလွင်**



## စေတနာစာပေ၏
## အမှတ်တရအစီအစဉ်

သို့

မမဘုံရေ ...

သဝန်တိုမင်္ဂလာကကြိုး၊ ချေလို့ နေလို့ ချစ်လေသည် (၂)အုပ်လုံးကို အရမ်းပဲ ကြိုက်တယ်။ အခွေ ဘယ်တော့ ထွက်မှာလဲ။ ကြာဦးမှာလား မမဘုံ။ မြန်မြန်ရိုက်ပေးဖို့ ပြောပေးပါ။

အရမ်းကြည့်ချင်လှပါပြီ။ မမဘုံ ဒီထက်မကကို ကောင်းတဲ့ဇာတ်လမ်းကောင်းလေးတွေ ဖန်တီးနိုင်ပါစေ။

မမဘုံကို အမြဲတမ်း
အားပေးနေတဲ့ ...

**ခင်သကာ**
18 – အောင်ဘောဂလမ်း
ဖော့ကန်ရပ်
အင်းစိန်
ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com





## (၂)

"ဟော့ ... ဟော့ ... ဂျာကြီးဆီက အထူးသတင်း ပါလာတယ်"

မမအေးက အသံစာစာဖြင့် လှမ်းပြောတာကြောင့် အားလုံးက စိတ်ဝင်တစား ဖြစ်သွားရကာ အာရုံတွေက မမအေးဆီ ရောက်ကုန်၍ ဘာလဲ အသည်းအသန် မေးကြတော့သည်။

"ဘာတုံး ... မမအေးရဲ့။ ပြောစရာရှိရင်လည်း မြန်မြန်ပြောပါ။ ဒီတလောမှာ လူက သိပ်ရင်အတုန်ခံနိုင်တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဟဲ့ ... ပြောပါ့မယ်။ အရေးကြီးတယ်။ ဒီလိုဟော့ ... ဂျာကြီးဆီ အထူးသတင်း ဝင်လာတယ်။ တို့ကုမ္ပဏီကို သူဌေးက တာဝန်မယူတော့ဘူးတဲ့"

"ဟင် ... ဘယ်လို"

"ဟာ"

ကြားလိုက်ရတဲ့ သတင်းစကားတွေကြောင့် အကုန်လုံးက မျက်ကလဲဆန်ပျာတွေ ဖြစ်ကုန်ကာ တစ်ယောက်တစ်ပေါက်တွေ ပွစိ ပွစိ ထွက်ကုန်ကြတာမို့ မမအေးကပဲ အဲဒီဆူညံပွက်လောမှုတွေကို အလျင်အမြန် အတောသပ်ပေးရလေ၏။

"ဟဲ့ ... ဟဲ့ ... သြော် ... စကားလေးတော့ ဆုံးအောင်နားထောင်ကြပါဦးဟယ်။ သူဌေးက တာဝန်မယူတော့ဘူး။ မှန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံခြားမှာ တို့သူဌေးက နောက်အိမ်ထောင်ပြုလိုက်ပြီတဲ့။ အဲဒါကြောင့် သူကမြန်မာပြည်က လုပ်ငန်းတွေကို တာဝန်မယူချင်တော့ဘူးတဲ့။ မြန်မာပြည်မှာရှိတဲ့ သူ့ရဲ့လုပ်ငန်းတွေကို သူဌေးရဲ့





သားကို လွှဲပြောင်းပေးလိုက်တယ်တဲ့။ အဲဒါကြောင့် ဒီနေ့ကစပြီး တို့သူဌေးက ဦးမြတ်သာရဲ့သား ဦးထင်းလင်းသာဖြစ်သွားပြီ။ ဒီကုမ္ပဏီရဲ့ CEO နာမည် ပြောင်းသွားပြီဆိုတာ အသိပေးတာ"

"သြော် ... အလုပ်ကတော့ တည်မြဲတယ်မှလား မမအေး"

အနောက်အရှတ်ဆို ထိပ်ဆုံးကပါသော ပွင့်သစ်ကပြောင်ချော်ချော် လှမ်းမေးလိုက်တာ ဖြစ်ပေမယ့် ဒီမေးခွန်းရဲ့အဖြေကိုတော့ ဖန့်ဝါတို့ တစ်ရုံးလုံး သိချင်ကြတာပဲ ဖြစ်သည်။ ဘော့စ်ပြောင်းသွားပြီဆို စနစ်တွေ စည်းကမ်းတွေ လူတွေပြောင်းလဲပစ်လိုက်မှာကိုတော့ အလွန်စိုးရိမ်မိပါသည်။

"ဒါတော့ မသိဘူး။ ဂျာကြီး ထပ်ပြောလိုက်တာကတော့အခု သူဌေးရဲ့သား ဒီမှာရှိတဲ့ လုပ်ငန်းတွေ အမွေရသွားတော့ မြန်မာပြည်ကို ပြန်လာမယ်တဲ့။ ဘော့စ်အသစ်ကဘယ်လိုဆိုတာကိုတော့ ကျုပ်တို့လည်း မှန်းဆမရဘူးဟေ့။ ဒီတစ်ပတ်အတွင်း ရောက်လာတော့မယ်ဆိုတော့ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



တွေအားလုံး ငြိမ်ဝပ်ပိပြားဖို့ လိုတာတော့ အမှန်ပဲ။ အားလုံး အရင်ကထက်ပိုပြီး စည်းစနစ်ရှိဖို့နဲ့ အလုပ်ကို ပိုအာရုံစိုက်ပါလို့ ဂျာကြီးက မှာနိုင်းလိုက်တယ်။ အစည်းအဝေး မနက်ဖြန်ခေါ်ရင် ဂျာကြီး သေချာပြောလိမ့်မယ်"

မမအေး စကားအဆုံးမှာ ဖန့်ဝါတို့က အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြကာ ပခုံးတစ်ချက် သာတွန့်ပြလိုက်သည်။ အမယ်လေးကွယ် ... ရုံးပိတ်ရက်လေးတွေ နီးလာပြီဆိုတဲ့ ခွန်အားနဲ့ အားတင်းပြီးလုပ်နေတုန်း ဘော့စ်အသစ် ရောက်မယ်ဆိုတော့။ အဲဒီ အသစ်ရောက်လာမယ့် ဘော့စ်ဟောင်း ဦးမြတ်သာရဲ့သား ဘော့စ်အသစ်ဟာ ဖန့်ဝါတို့ အရင်သူဌေး ဦးမြတ်သာလို ဝန်ထမ်းတွေအပေါ် ကောင်းပါ့မလား တွေးမိရင်း အားလုံးရင်ထဲ ဒိတ်ခနဲတော့ ဖြစ်ကြတာ အမှန်ပဲဖြစ်သည်။

❋ ❖ ❋



ကိုယ် ပေးခဲ့တာပါပဲ။
ရက်ရက်ရောရော ပေးခဲ့ပေမယ့်
ပေးခဲ့တဲ့ အတိုင်းအဆနဲ့ တူညီစွာ
ပြန်မရဘူးဆိုရင်
ခံစားချက်ကြောင့်
အချိန်တွေ ကုန်ဆုံးစေတယ်။



www.burmeseclassic.com

www.burmeseclassic.com



## (၃)

ထင်းလင်းက လေဆိပ်မှာ သူ့ကို လာကြိုနေတဲ့ လူသုံးယောက်ထဲမှာ တစ်ယောက်ကိုတော့ မှတ်မိနေတာမို့ သူ့ကို ပြုံးပြနှုတ်ဆက်နေတဲ့ အဲဒီသုံးယောက်ကို အသိအမှတ်ပြုသလို ခေါင်းဆတ်ပြကာ ထွက်လာခဲ့သည်။

"မင်္ဂလာပါ ဘော့စ်။ မတွေ့ရတာ တော်တော်ကြာပြီ။ ဘော့စ်က အရမ်းကိုခန့်ပြီး ပိုချောလာတော့ မနည်းကြည့်နေရတယ်"

"ဘယ်လိုလဲ။ အားလုံး အဆင်ပြေတယ်မှလား ကိုကျော်ဇင်"

www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ်။ ပြေပါတယ်။ ဘော့စ် ... သူတို့က ကုမ္ပဏီကပဲလေ။ သူက ..."

ထင်းလင်းက မိတ်ဆက်ပေးတော့မှာကို ကြိုသိနေတာမို့ လက်အသာကာပြကာ ...

"နောက်မှ မိတ်ဆက်ပေးပါ။ သွားကြမယ်လေ"

"ဟုတ်ကဲ့ပါ ဘော့စ်။ ကား အဆင်သင့်ပါပဲ"

ထင်းလင်းက သူတို့ရှေ့ကနေပဲ ကြော့ကော့စွာ ထွက်လာခဲ့၏။ ကားတံခါးကို ရိုကျိုးစွာ ဖွင့်ပေးလျှင် သူက ကားပေါ်တက်ထိုင်လိုက်ကာ ကားစထွက်ပြီ ဆိုတာနဲ့ အိတ်ထဲက မာပိုလိုဘူးကိုထုတ်ကာ စီးကရက် ထုတ်လိုက်၏။

"ဘော့စ် ... ကားမှန်ချပေးရမလား"

ကိုကျော်ဇင် မေးခွန်းကြောင့် သူက ဆတ်ခနဲပြန်ကြည့်ရင်း ...

"ကားထဲမှာ Air Con ဖွင့်ထားလို့ ဆေးလိပ်မသောက်ပါနဲ့လို့ ပြောချင်တာလား ကိုကျော်ဇင်"





"ဟာ ... အဲဒီလို မဟုတ်ပါဘူး။ ဘော့စ် သဘောကျ လုပ်ခွင့်ရှိပါတယ်။ ကျွန်တော် ဆိုလိုချင်တာက ..."

"ဒီမှာ ... Reason မပေးနဲ့။ လုပ်ပြီးသွားမှ ဖြေရှင်းတာကို ကျွန်တော် လုံးဝမကြိုက်ဘူးဆိုတာ မှတ်ထားပါ။ ဪ ... ခင်ဗျားအတွက် Double-Black ပါတယ်။ အရက်သောက်တတ်တယ် မှုလား"

"ခင်ဗျာ။ ဪ ... ဟုတ် ... ဟုတ်ကဲ့"

ထင်းလင်းက သူ့ကို တအံ့တသြ ရှိလှတဲ့ အဲဒီအကြည့်တွေ အပြောတွေကို သဘောတကျဖြစ်စွာ ပြုံးလိုက်ရင်း ဆေးလိပ်မီးညှိလိုက်သည်။ Air Con ဖွင့်ထားမှန်း သိသိချည်းနဲ့ သူက တမင်ဆေးလိပ်သောက်လိုက်တာ ဖြစ်သည်။ ဆေးလိပ်နဲ့တွေ မွှန်နေပေမယ့်လည်း အားလုံး တစ်ခွန်းမှ မပြောရဲဘဲ ငြိမ်နေတာကြောင့် သူက ထပ်ပြုံးလိုက်ရင်း ...

"ကိုကျော်ဇင် ... မနက်ဖြန်ကျရင် ကျွန်တော် ကုမ္ပဏီလာမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အဟာမ်း ... အားလုံး ready ပါပဲ ဘော့စ်"

ကိုကျော်ဇင် ပုံစံက တော်တော်လေး အသက်ရှူကျပ်နေဟန် ဖြစ်နေတာကြောင့် သူက ကိုကျော်ဇင့်ကို ကြည့်လိုက်ရင်း ခွင့်ပေးလိုက်သည်။

"ခင်ဗျားကို ကြည့်ရတာ တော်တော် အသက်ရှူကျပ်နေပုံပဲ။ ကားမှန်တွေ ချလိုက်ပါ။ ကျွန်တော် ခွင့်ပြုတယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဘော့စ်"

သူ့ဆီက ခွင့်ပြုချက်ရမှ ကားမှန်တွေ ချလိုက်သည်။ ရန်ကုန်မြေရဲ့ လေတချို့က သူ့ပါးပြင်ကို လာထိခတ်လေသည်။ သူ့အတွက် စိန်ခေါ်မှုများစွာ ရှိနေသည့် ဒီရန်ကုန်မှာ သူ ပြန်လာနေရခြင်းဟာ လွတ်လပ်မှု ရှိနေသလိုကြီးကို ခံစားရတာကတော့ ကောင်းသောအချက်ပဲ ဖြစ်၏။

❋ ❖ ❋





(၄)

ဒယ်ဒီရဲ့ ဘဝအစပါလို့ အမြဲတမ်း ကြွေးကြော်ခဲ့တဲ့ ဒယ်ဒီ ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်း များစွာထဲမှာမှ အသေးဆုံးလို့ ပြောနိုင်သလို၊ ဒါဟာ အကြီးမားဆုံးဘဝဖြစ်ဖို့ ပံ့ပိုးပေးတဲ့ လုပ်ငန်းရယ်လို့ ပြောလို့ရအောင် အဓိပ္ပာယ်များစွာ အမှတ်တရပေါင်းများစွာ ရှိနေသည့် မြန်မာ့စားသောက်ကုန် Export ကုမ္ပဏီဟာ အခုချိန်မှာတော့ သူ့ရဲ့လက်ထဲသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ဒယ်ဒီပိုင်ဆိုင်တဲ့ မြန်မာပြည်က လုပ်ငန်းသုံးပုံပုံ နှစ်ပုံလောက်ကို သူက လွှဲပြောင်းပိုင်ဆိုင်ခွင့် ရရှိခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေမယ့် သူ့အတွက် အာရုံအရဆုံးဟာ ဒယ်ဒီ့ဘဝအစဆိုတဲ့ ဒီလုပ်ငန်းကိုပဲ ဖြစ်သည်။

ထင်းလင်းက အဲဒီအတွက် ဒီမှာပဲ အစပြုဖို့ စဉ်းစားကာ ရုံးခန်းကို သူရောက်လာလျှင်တော့ အားလုံးက ဝမ်းပန်းတသာဖြင့် လှိုက်လှိုက်လှဲလှဲကို ကြိုဆိုကြတာဖြစ်သည်။ သူ ရုံးခန်းထဲ ဝင်ဝင်ချင်းမှာပဲ အမျိုးသမီးငယ်တစ်ယောက်က သူ့ကို ပန်းစည်းလာပေးကာ အားလုံးက တညီတညွတ်တည်း နှုတ်ဆက်ကြတာဖြစ်၏။

"မင်္ဂလာပါ ဘော့စ်။ ကျွန်တော်/ကျွန်မတို့ အားလုံး ဘော့စ်ကို ကြိုဆိုပါတယ်"

ထွက်လာတဲ့ အသံက တညီတညွတ်တည်းမို့ သူက စည်းလုံးမှု အင်မတန်ရှိသည့် ဒီလုပ်ငန်းရဲ့ ဝန်ထမ်းတွေကို သဘောတကျ ပြုံးကြည့်လိုက်ကာ ...

"အားလုံးနဲ့ စကားပြောရအောင် meeting Room ကို သွားရအောင်။ ကိုကျော်ဇင် ဘယ်မှာလဲ meeting Room"





"ကြွပါ ဘော့စ်"

ထင်းလင်းက ကိုကျော်ဇင်နဲ့အတူ meeting Room ထဲသို့ လှမ်းလာခဲ့လျှင် ဝန်ထမ်းအားလုံးက သူ့နောက်ကနေ စပ်ယှိယှိ လိုက်လာကြသည်။ အစည်းအဝေးခန်းထဲ ရောက်လို့ အားလုံး နေရာတကျ ဖြစ်ပြီဆိုရင် သူကပဲ စတင်စကားစလိုက်သည်။

"အားလုံးပဲ ကျွန်တော်က ဒီကုမ္ပဏီကို ဆက်လက်တာဝန်ယူသွားမယ့် CEO အသစ် ထင်းလင်းသာပါ။ ဒီလုပ်ငန်း ဒီကုမ္ပဏီဟာ ကျွန်တော့်ဒယ်ဒီရဲ့ ဘဝအစ အောင်မြေဖြစ်ခဲ့တဲ့အတွက် ဒီနေရာကို ကျွန်တော်က target ထားပြီး ပိုအောင်မြင်သထက် အောင်မြင်အောင် လုပ်မှာပါ ...

ဒီမှာ အလုပ်လုပ်ကြတဲ့ ဝန်ထမ်းတွေက ဒယ်ဒီ ဒီလုပ်ငန်းကို စလုပ်ကတည်းက အတူလက်တွဲခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ မျိုးဆက်တွေနဲ့ပဲ ဆက်လက် အလုပ်လုပ်နေတယ်လို့ ဒယ်ဒီ ပြောပြပါတယ်။ အဲဒီတော့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

ဘုံလေးရေ ...

မင်္ဂလာပါကွယ်။

သဝန်တိုမင်္ဂလာကကြီး ဖတ်လို့ကောင်းပါတယ်။

ဝမ်းနည်းရအောင် ရေးထားတယ်။

ဘုံလေးက စာရေးသိပ်တော်တာပဲ။

ချောလည်း ချောပါတယ်။ ဘာကြောင့်လဲဆိုတော့ အခုလထွက်တဲ့ မြင်ကွင်းဂျာနယ်စာအုပ်မှာ ဓာတ်ပုံနဲ့ ဘုံလေး အကြောင်းရေးတာ ဖတ်ရပါတယ်။

အရမ်းလည်း အားကျပါတယ်။

**မချောထက် (မချေ)**
ညောင်ပင်သာရပ်
မိတ္ထီလာ



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

အစ်မ မယ်မင်း ...

အစ်မရဲ့စာအုပ်တွေကို အမြဲတမ်း အားပေးနေပါတယ်။ ထွက်သမျှစာအုပ်တွေကို အမြဲဖတ်ဖြစ်နေပါတယ်၊ အရမ်းလည်း ကြိုက်တယ်။

ဒီထက်မက စာအုပ်ကောင်းတွေ အများကြီး ရေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်နော် အစ်မ။

အစ်မရဲ့ပရိသတ် ...

**ယမင်း**
ကိုးနဝင်းဘုရားလမ်း
ကွင်းတောင်ရပ်ကွက်
ကျောက်တံခါးမြို့
ပဲခူးတိုင်း

www.burmeseclassic.com

www.burmeseclassic.com



တော် တာဝန်ယူလိုက်တဲ့ အချိန်မှာလည်း ကျွန်တော့်ဘက်က တာဝန်ကျေအောင် လုပ်ပေးရမှာပေါ့ ...

ဒီရက်တွေက တစ်နှစ်တာ စာရင်းချုပ်မယ့်ကာလတွေဆိုတော့ ဝန်ထမ်းတွေအားလုံး အလုပ်တွေ များနေကြမှာပေါ့။ OK... လုပ်စရာရှိတာ လုပ်ကြပါ။ ဒီနေ့ကစပြီး ဒီမှာ ကျွန်တော် ရုံးထိုင်ပါမယ်။ အားလုံး ပျော်ရွှင်စွာ အလုပ်လုပ်နိုင်ကြမှာပါ။ ဒါပါပဲ။ လုပ်စရာရှိတာ သွားပြီး ဆက်လုပ်လို့ ရပါပြီ”

သူ့ရဲ့ စကားပြောဆိုမှု အဆုံးမှာတော့ အားလုံးက အသိအမှတ်ပြုစွာ ခေါင်းညွှတ်ပြရင်း ထွက်သွားကြလေသည်။ ထင်းလင်းက ဘေးမှာရှိနေတဲ့ ကိုကျော်ဇင်ကို တစ်ချက်ကြည့်လိုက်ရင်း ...

“ဒီနေ့ကစပြီး ဒီလုပ်ငန်းကို ကျွန်တော် System အသစ်နဲ့ အုပ်ချုပ်မယ်။ အဲဒီအတွက် လုပ်ငန်းတစ်ခုလုံးကို ကျွမ်းကျင်တဲ့ ကျွန်တော့်အတွက် အကောင်းဆုံး Support





လုပ်ပေးနိုင်မယ့် စက္ကထရီ တစ်ယောက် လိုအပ်တယ်။ ခင်ဗျား စီစဉ်ပေးနိုင်မလား”

“ဖြစ်ပါတယ် ဘော့စ်။ ကျွန်တော်တို့ ဝန်ထမ်းထဲက လုပ်ငန်းအကျွမ်းကျင်ဆုံးဖြစ်မယ့် တစ်ယောက်ကို ဘော့စ်ရဲ့ စက္ကထရီ လုပ်ခိုင်းလိုက်ရမလား။ ဒါမှမဟုတ် ဝန်ထမ်းအသစ် ထပ်ပြီး ခေါ်ပေးရမလား”

“ဟား ... ခင်ဗျား တော်တော်ဝေးတာပဲ။ ဒီလုပ်ငန်းရဲ့ လည်ပတ်မှုတွေ သိချင်ပါတယ် ဆိုမှတော့ ကျွန်တော်က ဒီကဝန်ထမ်းတွေထဲက တစ်ယောက်ကို စီစဉ်ခိုင်းတာပေါ့ဗျ။ သုံး,လေးယောက်လောက် Select လုပ်ပေး။ ကျွန်တော့်ဘာသာ ရွေးမယ်။ ဟုတ်ပြီနော် ... မရှင်းတာ ဘာရှိသေးလဲ”

“မရှိပါဘူး ဘော့စ်၊ ကျွန်တော် အမြန်ဆုံး စီစဉ်လိုက်ပါ့မယ်”

ထင်းလင်းက သဘောကျစွာ ခေါင်းတစ်ချက်ညိတ်ပြလိုက်ရင်းက သူ့ရဲ့အစီအစဉ်ကို မန်နေဂျာ ကိုကျော်ဇင်အား ကြေညာခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ခင်ဗျား ဝန်ထမ်းအားလုံးကို ကြေညာလိုက်ပါ။ ဒီနေ့ညကျရင် ကျွန်တော့်ရဲ့ ဝန်ထမ်းအသစ်တွေနဲ့ ပါတီတစ်ခု ကျင်းပမယ်။ အားလုံး မပျက်မကွက် တက်နိုင်းပါ"

"ခင်ဗျာ"

သူ့စကားကြောင့် ကိုကျော်ဇင်က အံ့အားသင့်လှစွာဖြင့် ခင်ဗျာတောင် အာမဋိတ်ပြုယူရကာ သူ့ကို ပြုံးကြည့်သည်။ ထင်းလင်းက သဘောကျ ကျေနပ်စွာသော အပြုံးဖြင့် သိအောင် ထပ်ပြီး ပြောပြလိုက်သည်။

"ကျွန်တော် System အသစ်နဲ့ အုပ်ချုပ်မယ်လို့ ပြောပြီးပြီလေ။ ဝန်ထမ်းတွေကို ပျော်ပျော်ရွှင်ရွှင်နဲ့ အလုပ်လုပ်နိုင်းဦးမှာ။ ဒီည ပါတီကို ကလပ်မှာ စီစဉ်ထားနိုင်းပြီးပြီ။ လာမယ့် သကြ်န်အတွက်လည်း စီစဉ်ထားပေးပြီးသား"

❋ ❖ ❋





"ဘယ်လို ... သင်္ကြန်အတွက် ဟုတ်လား။ တို့ ဘော့စ်အသစ်က ဘာတွေ စီစဉ်ထားမှာပါလိမ့်။ ဘယ်တော့မှ ပွဲလမ်းသဘင် မလုပ်ဘူးတဲ့ ငါတို့ရုံးမှာ ဒီည ပါတီလုပ်ဖို့ ဖိတ်တယ်ဆိုတော့ အံ့သြတာပဲ။ ဘော့စ်အသစ်က သူ့အဖေနဲ့တော့ လုံးဝမတူဘူးနော်"

"အဲဒါတော့ အဟုတ်ဘဲ။ ဦးမြတ်သာက တိကျတယ်။ စည်းကမ်းကြီးတယ်။ ဒီလို staff party မျိုး ဘယ်တုန်းကများ လုပ်ပေးခဲ့ဖူးလို့လဲ။ ဘာပဲဖြစ်ဖြစ် ငါတို့တော့ ကံကောင်းတာပဲ။ ဘော့စ်က လူငယ်ဆိုတော့ ပျော်တတ်တယ်။ ဟိ ဟိ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက တစ်ယောက်တစ်ခွန်း ပြောနေကြပေမယ့် ဖန့်ဝါကတော့ အဲဒီစကားဝိုင်းထဲကို ဘာတစ်ခွန်းမှ ဝင်မပြောဖြစ်ချေ။ ဘော့စ်အသစ်က ဒီည Staff party ကျင်းပမယ့်ကိစ္စကို ဖန့်ဝါ မတက်ဖြစ်လောက်ဘူး ဆိုတာ ကြိုလို့သိနေတာဖြစ်၏။

"ဟဲ့ ... ဖန့်ဝါ ငြိမ်သက်နေပါလား။ အားလုံး ပျော်မြူးနေတာ။ နင်က ဘာဖြစ်နေတာလဲ။ ဒီည အပြတ်ကဲဖို့ တွေးနေတာလား"

ပွင့်သစ်က ဖန့်ဝါရဲ့ပခုံး ဆတ်ခနဲပုတ်ရင်း တက်တက်ကြွကြွ မေးလိုက်လျှင် ဖန့်ဝါက မျက်နှာမဲ့ပြရင်း ခေါင်းခါပြလိုက်ကာ ...

"ဘယ်ကသာ ... ငါ ဒီည staff party ကို တက်ဖြစ်မှာမဟုတ်ပါဘူး"

"ဟဲ့ ... ဘာဖြစ်လို့လဲ။ ဒါ အခွင့်အရေးဟာ ... ငါတို့တွေ ဒီလိုနေရာမျိုးကို ကိုယ့်ဘာသာဆို ဘယ်လိုရောက်





မှာလဲ။ အခုဟာက ဘော့စ်ရဲ့ စေတနာ မေတ္တာတွေကြောင့် ရောက်ရမှာ။ ဒီည မဖြစ်,ဖြစ်အောင် တက်စမ်းပါ ဖန့်ဝါရယ်"

ဖန့်ဝါက အဲဒီ တိုက်တွန်းမှုအတွက် ပွင့်သစ်ကို အရင်ဆုံး ပြုံးကြည့်မိလိုက်သည်။ ဖန့်ဝါ ဒီည party တက်ဖို့ ဆိုတာ မဖြစ်နိုင်ဘူးလေ။

"တကယ် တက်လို့မရလို့ပါ ပွင့်သစ်ရယ်။ ဒီနေ့ည ကိုကြီးရဲ့အိမ်မှာ ညစာလိုက်စားဖို့ ပြောထားပြီးသား ဖြစ်နေလို့။ အလုပ်အကြောင်းပြပြီး ဖျက်ဖို့ဆိုတာကလည်း ဒါ overtime လည်း မဟုတ်ဘူးလေ။ နောက် မေမေက လည်း ကလပ်(club)ဆိုတော့ လွှတ်မယ် မထင်ဘူး။ ဘော့စ်ကို နောက်မှပဲ အကျိုးအကြောင်း ပြောပြလိုက်တော့မယ်။ အခုလောလောဆယ်တော့ ဘော့စ်နဲ့က ရင်းလည်း မရင်းနှီးသေးဘူး ဆိုတော့ မတက်ဘူး ဘာညာ မပြောတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဖန့်ဝါကလည်းဟယ်။ အန်တီက လွှတ်မှာပါ။ ငါတို့တွေလည်း ပါနေတာပဲဟာ။ ပြီးတော့ ဒီပွဲက ဆောင်က ငါတို့တွေနဲ့ ရင်းနှီးမှုယူတဲ့သဘော ဖြစ်မယ်။ ဝန်ထမ်းလေးရှိတာမှ တို့ရုံးမှာ အယောက်နှစ်ဆယ်လောက်ဟာ။ နင် မလာတာနဲ့ ဆောင့်စ်က သိမှာပဲ"

"အာ ... မသိပါဘူး။ လူစစ်မှာမှ မဟုတ်တာ။ သိလည်း နောက်နေ့မှ ငါ ဆောင့်စ်ကို ကြည့်ကျက် ပြောလိုက်မယ်လေ"

"နင်ကလည်းဟာ။ တကယ့်ပွဲကြီးမှ လွှတ်ရတယ်လို့"

ဖန့်ဝါက မချိတင်ကဲတွေဖြင့် ဖန့်ဝါကို ဖွတ်လိုက်စေချင်ကြတဲ့ သူငယ်ချင်းတွေရဲ့ စေတနာကို နားလည်ပါသည်။ ဒါပေမဲ့လည်း ဖန့်ဝါ ပြောလည်း လက်မခံဘူးဆိုတာ သေချာသည့် သေချာမှုကိုလည်း သဘောပေါက်နေသည် ဖြစ်တဲ့အတွက် ရိုးနေပြီဖြစ်သော ဗီလင်အတွက် အပြုံးနဲ့သာ တုံ့ပြန်ကာ ...





"နင်တို့ပဲ ပျော်ကြပါဟာ။ ငါက ပျော်ပွဲရွှင်ပွဲနဲ့ ပတ်သက်ပြီး သိပ်ကံမပါဘူးဆိုတာ နင်တို့လည်း သိရက်နဲ့။ မနက်ဖြန်ကျမှသာ club မှာ ဘယ်လိုပျော်ခဲ့တယ်ဆိုတဲ့အကြောင်း ငါ့ကိုပြောပြ ... ဟုတ်ပြီလား"

ဖန့်ဝါက သူငယ်ချင်းတွေ နားလည်ပေးနိုင်အောင် ပြောရင်း ကိုယ့်စိတ်ကိုလည်း နားလည်ပေးခိုင်းလိုက်ရလေသည်။ ဖန့်ဝါက အဲဒီလို ပျော်ပွဲရွှင်ပွဲဆို ဘယ်တော့မှ ပွဲတိုးခွင့်ရခဲ့တာ မဟုတ်တာ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com







(၅)

တက်ကြွခုန်ပေါက်ကာ မိုးပေါ်ရောက်နေတဲ့ Beat တွေကြားမှာ လှုပ်ကာမြူးနေတဲ့ ဒယ်ဒီ့ဝန်ထမ်း (အခုတော့ သူ့ဝန်ထမ်း)တွေကိုကြည့်ပြီး သဘောတကျ ပြုံးနေမိသည်။ အားလုံးကို ပျော်ရွှင်မှု ပေးနိုင်ခြင်းဟာ သူ့အတွက်တော့ စိတ်ချမ်းသာခြင်းပဲ မဟုတ်လား။

"ထင်းလင်း ... မင်း ဒီလောက်ထိအောင် ငွေတွေအကုန်ခံပြီး ဒီလို Staff party ကျင်းပတဲ့ မင်းရည်ရွယ်ချက်ကဘာလဲ။ Club ကြီးတစ်ခုလုံးငှားပြီး မင်းကျတော့ ချောင်ကပ်ထိုင်နေတယ်။ နားကိုမလည်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

သို့

မမယ်မင်းဘုံ ...

မမယ်မင်းရဲ့စာအုပ်တွေကို အရမ်းကြိုက်ပါတယ်။ မမရဲ့ "ချေလို့ နေလို့ ချစ်လေသည်" စာအုပ်ကိုတော့ အရမ်းကြိုက်ပါတယ်။ နောင်လည်း ဒီထက်ကောင်းတဲ့ စာအုပ်လေးတွေ ရေးနိုင်ပါစေ။

မမရဲ့ပရိသတ် ...

Shuma Wa Khin
ရေနံချောင်းမြို့နယ်
အောင်ဆန်းရပ်ကွက်



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

ညီမက အစ်မရဲ့ ပရိသတ်တစ်ဦးပါ။ အစ်မထွက်သမျှ စာအုပ်တွေကို အမြဲအားပေးနေပါတယ်။ အစ်မရဲ့စာအုပ်တွေကိုလည်း ကြိုက်ပါတယ်။

နောက်လည်း ဒီထက်ကောင်းတဲ့ စာအုပ်တွေကို အမြဲဖန်တီးနိုင်ပါစေနော် အစ်မ ...

အစ်မရဲ့ချစ်ပရိသတ် ...

Yamin Htay
ကိုးနဝင်းဘုရားလမ်း
ကွင်းတောင်ရပ်ကွက်
ကျောက်တံခါးမြို့နယ်
ပဲခူးတိုင်း

www.burmeseclassic.com

www.burmeseclassic.com



"မလည်ဘူးဆိုရင်လည်း စောင့်ကြည့်လေကွာ။ ဒီလောက်ကတော့ ထင်းလင်းအတွက် မိုင်နာပါ။ မင်းကို စုံစမ်းခိုင်းထားတာတွေကော ဘယ်လိုလဲ"

"အားလုံး အိုကေတယ်။ ပါမစ်အတွက်လည်း စိတ်မပူနဲ့။ မင်းဖြစ်ချင်တဲ့အတိုင်း ဖြစ်တယ်"

ထင်းလင်းကို အစွမ်းကုန် ကျေနပ်စွာဖြင့် Double Black အရသာကို တစ်ငုံခံစားလိုက်ရင်း ထိုင်နေရာမှထကာ Dancing Floor ဆီ သွားလိုက်သည်။ သူက DJ ကို brake Sing ပြလိုက်တာနဲ့ music beat သံတွေက တိခနဲ ငြိမ်ကျသွားကာ Club တစ်ခုလုံးက ငြိမ်သက်ကာ လှုပ်နေတဲ့ သူ့ဝန်ထမ်းတွေက ဘာဖြစ်တာပါလိမ့်ဟု လှုပ်လှုပ်ရှားရှား ဖြစ်သွားလျှင် သူက လက်ခုပ်သုံးချက် တီးလိုက်ရင်း ...

"အားလုံးပဲ ... Excuese ပါ။ ဒီနေ့ ဘယ်လိုလဲ ပျော်ကြရဲ့လား"

"အရမ်းပျော်တာပေါ့"



အားလုံးက တက်ညီစွာ ဖြေကြလျှင် ထင်းလင်းက ကျေနပ်စွာ ခေါင်းညိတ်လိုက်ရင်း ...

"Ok ... အဲဒါပဲ။ ကိုယ့်ဝန်ထမ်းတွေ အားလုံးဟာ လုံးဝ fresh ဖြစ်ပြီး ပျော်မြူးနေရမယ်။ ဒီ Club တစ်ခုလုံးမှာ ကိုယ်တို့ family တွေပဲ ရှိတယ်။ အလွတ်ပျော်လို့ရတယ် နော် ...

နောက်ပြီးတော့ အားလုံးကို ကြေညာစရာတစ်ခု ရှိသေးတယ်။ အခု လာမယ့် သင်္ကြန်အတွက် ကျွန်တော် မဏ္ဍပ်ဆောက်ဖို့စီစဉ်ထားတယ်။ ဝန်ထမ်းမိသားစုအားလုံး ကျွန်တော့်မဏ္ဍပ်မှာ ပျော်ဖို့အတွက် ကျွန်တော် စီစဉ်ပေးတာပါ"

"ဝါး ... မိုက်တယ်ဗျိုး"

အားလုံးက လက်ခုပ်တီးသံတွေဖြင့် ဆူညံစွာ ပျော်ပါးနေကြတာကိုပဲ သူက သဘောတွေကျပြီးရင်း ကျနေတာဖြစ်၏။ သင်္ကြန်အတွက် မဏ္ဍပ်ဆောက်ကာ သူကလည်း အလွတ်ပျော်ဖို့ ရည်ရွယ်ထားတာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဘက်က ဒီလိုမျိုး ပျော်စရာ အစီအစဉ်တွေကို ဝန်ထမ်းတွေအတွက် အမြဲလုပ်ပေးသွားပါမယ်။ တစ်ခု ရှိတာက ကျွန်တော် စီစဉ်ပေးတာကို အသိမှတ်ပြုသော အားဖြင့် အားလုံး လူစုံတက်စုံ ပါဝင်ဆင်နွှဲပေးဖို့ Request လုပ်ပါတယ် ...

ကိုကျော်ဇင် ... ကျွန်တော့်ရဲ့ ဝန်ထမ်းတွေကို ဒီည ဘောက်ဆူးတွေ စီစဉ်ပေးထားလိုက်ဦးနော်။ ဒီနေ့ အားလုံး လူစုံတယ်မှလား"

"ဟုတ်ကဲ့ ... ဘော့စ်။ ဟို တစ်ယောက်ပဲ မလာတာပါ။ အားလုံးတော့ စုံပါတယ်"

မလာဘူး။ ထင်းလင်းက သူ စီစဉ်ထားတဲ့ Staff party အတွက် ရောက်မလာတဲ့ အဲဒီတစ်ယောက်သော ဝန်ထမ်းကို စိတ်ဝင်စားမိသွားကာ မေးရတော့၏။

"သူက ဘာဖြစ်လို့ မလာတာလဲ။ ကျွန်တော် အားလုံးကို ဆုံချင်လို့ Staff party လုပ်တာလေ။ ဘာဖြစ်လို့တဲ့လဲ"





"ဟိုဟာ ... သူ့အိမ်က ကိစ္စလေးတွေ ရှိလို့ထင်ပါတယ် ဘော့စ်။ ကျွန်တော်လည်း သူ ဘာလို့မလာတာလဲကိုတော့ မမေးထားလိုက်ဘူး။ ဒီရောက်မှ သူ မလာမှန်း သိတာ"

"ဟုတ်ပြီလေ ... အကြောင်းရှိလို့ Staff party မတက်ဘူးဆိုလည်း မန်နေဂျာဖြစ်တဲ့ ခင်ဗျားကိုတော့ အကြောင်းကြားသင့်တာပေါ့။ အယ်သူတုံး ... သူက"

"ဖန့်ဝါတန်ရူးပါ ဘော့စ်။ Accountat ပါ"

ဖန့်ဝါတန်ရူး။ သူက ကြားလိုက်ရတဲ့ နာမည်ဆန်းဆန်းကြောင့် ရေရွတ်မိသွားပြီးမှ ကိုကျော်ဇင့်ကို ခေါင်းအသာ ဆတ်ပြလိုက်ရင်း ...

"ဟုတ်ပြီ။ မနက်ဖြန် ကျွန်တော် သူနဲ့တွေ့ချင်တယ်။ အိုခေ ... အားလုံးပဲ Relax နော်။ လွတ်လွတ်လပ်လပ် ပျော်ကြပါ"

ထင်းလင်းက DJ ကို On ခိုင်းလိုက်လျှင် Taylor Swift ရဲ့ Blank Space Remix က က,လို့ကောင်းတဲ့ Beat



www.burmeseclassic.com

www.burmeseclassic.com



နဲ့အတူ ထွက်လို့လာလေ၏။ ဝန်ထမ်းအားလုံးက Rules and Discipline ဆိုတဲ့ စည်းမျဉ်းစည်းကမ်းတွေထဲက ခဏထွက်လို့ စိတ်တွေကို လွှတ်ထားကာ ပျော်ရွှင်နေကြတာက သူ့အတွက် လည်း ပျော်စရာတစ်ခုပဲ ဖြစ်လေသည်။

❋ ❖ ❋





(၆)

"ဘော့စ် … ဝင်ခွင့်ပြုပါရှင့်"

တံခါးခေါက်သံနှင့်အတူ ကြားလိုက်ရတဲ့ ခွင့်တောင်းသံကြောင့် သူက ဝင်ခွင့်ပြုလိုက်လျှင် မိန်းကလေးတစ်ယောက် ဝင်လို့လာ၏။ အဲဒီ တခဏလေးဟာ သူ့အတွက်တော့ ဆပ်ပ ရိုက်စ်ပဲဖြစ်၏။ ထင်းလင်းဟာ ခဏလေးမှ ခဏလေးကို အဲဒီ မိန်းကလေးကို ငေးကြည့်မိတာပါ။ ဒါပေမဲ့ မျက်လုံးလွဲတာတောင် စွဲကျန်နေမယ့် မျက်လုံးကြည်တောက်တောက်လေးနှင့် ထင်းပြီး ထွက်ကာ ကော့စင်းနေတဲ့ နှာတံလေးတွေဟာ အလှတရားလို့ ပြောရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဖန့်ဝါတန်ရှူးပါ ဘော့စ်။ ဘော့စ် တွေ့ချင်တယ် ဆိုတာ ခိုင်းစရာများ ရှိလို့ပါလားရှင်"

ဖန့်ဝါတန်ရှူး။

ဒီမိန်းကလေး။ သူမက မနေ့ညက ပါတီမလာတဲ့ တစ်ယောက်လား။ ထင်းလင်းက ဖန့်ဝါတန်ရှူး ဆိုတဲ့ နာမည်နဲ့ လိုက်ဖက်စွာ ဖန့်ဝင်းနေအောင် ဝါနေတဲ့ အသားအရေကောင်း ခြင်းကို အသိအမှတ်ပြုစွာဖြင့် ဘော့စ်ပီသစွာ စကားဆက်ရ သည်။

"ဩော် ... မင်းက ဖန့်ဝါတန်ရှူးလား။ ထိုင်ပါဦး။ မနေ့က Staff party ကို အားလုံးလာခဲ့တယ်။ မင်း မလာဘူး ဆိုတော့ ဘာကိစ္စများရှိလဲ သိချင်လို့ ခေါ်တွေ့တာပါ။ ပြောပါဦး"

သူ့မေးခွန်းကြောင့် မိန်းကလေးက မျက်နှာပျက် သွားသလို မဲ့ခနဲ ဖြစ်သွားပေမယ့် ချက်ချင်းပင် သူ့ကို အဖြေ ပြန်ပေးလေ၏။





"မနေ့က staff party ကို ပျက်ကွက်ခဲ့တဲ့ အတွက် အများ ကြီး တောင်းပန်ပါတယ် ဘော့စ်။ အမှန်တိုင်း ပြောရမယ် ဆို မနေ့က ကျွန်မရဲ့ personal ကိစ္စတစ်ခု ချိန်းထားပြီး သား ဖြစ်နေလို့ ဖျက်မရတာနဲ့ staff party ကို ပျက်ကွက် မိခဲ့တာပါ"

Personal ။ ထင်းလင်းက ကိုယ်ရေးကိုယ်တာ ဘာအကြောင်းအရာတွေများ ရှိနေမလဲလို့ ဆက်စပ်တွေးမိလိုက် ရင်းက ဒီမိန်းကလေးဟာ ထက်မယ့်ပုံစံလေး ဆိုတာကိုပါ အကဲ ခတ်မိသွားသည်။

"ဟုတ်ပါပြီ။ Staff party ဆိုတာမျိုးကတော့ ဒါဟာ အလုပ်တစ်ခုမှ မဟုတ်တာ။ ပျော်ပွဲတစ်ခုပေါ့။ ဒီအပေါ် မင်း ပျက်ကွက်ခဲ့တဲ့အတွက် ဒါ အပြစ်လို့ ပြောလို့မရပါ ဘူး။ ဒါပေမဲ့ နောက်နောင် တတ်နိုင်သမျှ ကိုယ်စီစဉ်တဲ့ ပွဲတွေကို ရှိပေးပါ။ ကိုယ်က ကိုယ့်ဝန်ထမ်းတွေအတွက် စီစဉ်ထားတဲ့ စေတနာတစ်ခုမှာ ဝန်ထမ်းတွေဘက်ကလည်း ပြန်ပြီး respect ရှိစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဘော့စ်။ နောက် မဖြစ်စေရပါဘူး"

"ကောင်းပါပြီ။ staff party ကိစ္စကို စိတ်ထဲမထားပါနဲ့။ လာမယ့် သင်္ကြန်ပွဲအတွက်သာ ကိုယ့်မဏ္ဍပ်မှာ ဝန်ထမ်း မိသားစုအားလုံး ပျော်ဖို့ စဉ်းစားထားပါ"

"ရှင်"

ထင်းလင်းက တအံ့တသြ ဖြစ်နေဟန်တူနေသည့် အဲဒီကောင်မလေးကို အကဲခတ်ရင်း မေးဆတ်ပြကာ ...

"ဘာဖြစ်တာလဲ"

"ဩော် ... ဘာမှမဖြစ်ပါဘူး ဘော့စ်"

"ဟုတ်ပြီ။ နောက် မပျက်ကွက်ပါစေနဲ့။ သွားလို့ရပါပြီ ဖန့်ဝါတန်ရှူး"

"ဟုတ်ကဲ့"

ဖန့်ဝါတန်ရှူးက သူ့ကို အရိုအသေပြုဟန် ခေါင်း လေးတစ်ချက်ညွှတ်ကာ ထွက်လို့သွားလေသည်။ မိန်းကလေးဟာ သူ့အတွက်တော့ တစ်မျိုးသော ဆွဲဆောင်မှုလေးလို ဖြစ်နေ၏။





ထင်းလင်းက ချက်ချင်း ဆုံးဖြတ်ချက် ချလိုက်ကာ ကိုကျော်ဇင့်ကို ချက်ချင်းပဲ ဆက်သွယ်လိုက်၏။

"ကိုကျော်ဇင် ... ကျွန်တော့်ရဲ့ စက္ကူထရီရာထူးကို ဖန့်ဝါတန်ရှူးကိုပဲ တာဝန်ပေးလိုက်ပါ"

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

မမယ်မင်းဘုံ ...

ချောလို့ နေလို့ ချစ်လေသည် စာအုပ်လေးက တော်တော်ကောင်းတာပဲ။ ဘယ်သူတွေနဲ့ ဓိဒီယိုရိုက်မှာလဲ၊ အရုပ်ကောင်လေးတွေနဲ့ ကြည့်လိုက်ရရင်တော့ ရှယ်ပဲနေမှာ၊ အားပေးနေမှာပါ။ မမယ်မင်းဘုံရဲ့ဓာတ်ပုံလေးတွေနဲ့ အကြောင်းတွေကို မြင်ကွင်းမဂ္ဂဇင်းမှာ ဖတ်လိုက်ရပါတယ်။

အောင်မြင်ပါစေ ...

**မမဝီ**
မွန်ပြည်နယ်
မော်လမြိုင်မြို့
ရှမ်းကုန်းလမ်း
နံ့သာကုန်းရပ်



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

မမမယ်မင်းဘုံ ...

မမရဲ့ကလောင်နာမည်လေးက သိပ်လှတာပါပဲ။ အမည်ရင်းလားဟင်၊ မမဝတ္ထုခေါင်းစဉ် အမည်လေးတွေက အရမ်းလန်းတာပဲ၊ မမရဲ့စိတ်ကူးလေးတွေက ရင်ထဲကို ထိစေတယ်။ ချောလို့နေလို့ ချစ်လေသည် ဓာတ်လမ်းလေးကို တအားကြိုက်ပါတယ်၊ မမမယ်မင်းဘုံရေ ... မမရဲ့လက်ရာ အထူးထုတ်လေးတွေ ရေးပေးပါဦးလား။ အမှတ်တရပေါ့။

**ဆွေစင်အိ**
အမှတ်(၁၀၁၀) ဈေးရပ်ကွက်
ဝါးခယ်မ။

www.burmeseclassic.com

www.burmeseclassic.com





ဖန့်ဝါအတွက် အဲဒါဟာ ပျော်စရာတော့ ပျော်စရာပဲဖြစ်၏။ ဒါပေမဲ့ 100% ရာနှုန်းပြည့် မပျော်ရွှင်နိုင်သေးကာ အိမ်သို့ပြန်ရောက်လျှင် ရောက်ခြင်း မေမေ့ကို မရဲတရဲ ပြောပြဖြစ်၏။

"မေမေ ... ဒီနေ့ ဖန့်ဝါ အလုပ်ရာထူး ထပ်တိုးလာတယ်"

"အမ် ... ဟုတ်တယ်။ ဘာရာထူးတုံး"

"စက္ကထရီလေ။ အခု အသစ်တာဝန်ယူလိုက်တဲ့ ဘော့စ်ရဲ့စက္ကထရီ။ သူက အခုမှစပြီး ဒီကုမ္ပဏီကို ကိုင်မှာဆိုတော့ support ကောင်းကောင်းပေးပြီး သူ့အတွက် အဆင်ပြေတဲ့လူကို ရွေးခန့်တဲ့ သဘောပဲ မေမေရဲ့။ အားလုံးထဲမှာ သမီးကို အဲဒီတာဝန်ပေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ သမီးရယ်။ ကိုယ့်အလုပ်မှာ ယုံကြည်ခြင်း ပိုခံရတဲ့သဘောပေါ့။ ဝမ်းသာတယ်"

"ဟုတ် ... မေမေ။ ဟို ... အဲဒါလေ။ ဘော့စ်က ဒီနှစ် သင်္ကြန်မဏ္ဍပ်ဆောက်တယ်။ ဒါပေမဲ့ family မဏ္ဍပ်ပါ။ ဝန်ထမ်းတွေချည်းပဲ။ အားလုံးက ဘော့စ် စီစဉ်ပေးတဲ့ သင်္ကြန်အတွက် မဏ္ဍပ်ထိုင်ကြဖို့ သမီးကို တိုက်တွန်းကြတယ် မေမေ"

ဖန့်ဝါရဲ့မရဲတရဲ ပြောထွက်တဲ့ စကားအဆုံးမှာ မေမေက တစ်ချက်တော့ စဉ်းစားသွားရင်း ...

"သမီးက တရားစခန်း ဝင်ရမယ့်ဟာ"

"ဟုတ် ... သမီး သိပါတယ် မေမေ။ ဟို ... ဒါပေမဲ့ ဒါက အလုပ်ကစီစဉ်တဲ့ သင်္ကြန်မဏ္ဍပ်ဆိုတော့ အားလုံးက ဖန့်ဝါကိုလည်း ပါစေချင်ကြတာပါ။ မမအေးတို့ ဂျာကြီးတို့ဆိုလည်း အစက နယ်ပြန်မလို့လေ။ အခု မဏ္ဍပ်ရှိတာနဲ့ မပြန်ကြတော့ဘူး"





"သမီးက သင်္ကြန်မဏ္ဍပ် ထိုင်ချင်လို့လား"

မေမေ့ဆီက အဲဒီမေးခွန်းက ဖန့်ဝါအတွက်တော့ တကယ့် ရှုပါအားဆေးပဲ ဖြစ်၏။ ဖန့်ဝါက ရျက်ချင်းပင် ခေါင်းညွှတရစဝ် ညိတ်ပြရင်း ...

"ဟုတ် ... ဟုတ်တယ်။ မေမေရယ် ... သမီးက ငယ်ငယ်လေးကတည်းက သင်္ကြန်ဆို ဘုန်းကြီးကျောင်း၊ တရားစခန်း အဲဒီလိုနဲ့ပဲ ကုန်ဆုံးဖြစ်တာလေ။ သင်္ကြန်ရေမစိုခဲ့တာ နှစ်ချီနေခဲ့ပြီ။ ဒီတစ်ခါတော့ ရုံးကမဏ္ဍပ်ဆိုတော့ ဖန့်ဝါ မငြင်းချင်ဘူး။ တစ်ခါမှလည်း သင်္ကြန်ဆိုတာကို ဟုတ်တိပတ်တိ မပျော်ခဲ့ဘူးဆိုတော့ တစ်ခါလောက်တော့ သမီး သင်္ကြန်မှာ ပျော်ချင်တယ် မေမေ"

ဖန့်ဝါက အ,ထစ် အ,ထစ်ဖြင့် ထွက်လာတဲ့ ခွင့်တောင်းစကားတွေမှာ အသံတွေက တကယ်ပဲ စိတ်လှုပ်ရှားနေဟန်၍ တုန်တောင် တုန်နေသည်။ ဖန့်ဝါ တကယ် မျှော်လင့်မှာ ခွင့်တောင်းမိတာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပြောရမယ်ဆို ဖန့်ဝါလည်း ခေတ်လူငယ
မိန်းကလေးတစ်ယောက်ပဲ။ ပျော်ပျော်ပါးပါး သင်္ကြန်ဆိုတဲ့ အရသာ
ကို ခံစားချင်တာပေါ့။ ဒါပေမဲ့ ဖန့်ဝါမိသားစုဟာ သင်္ကြန်ဆိုတာ
ကုသိုလ်ကောင်းမှုကို အထူးပြုလုပ်ရတဲ့ အချိန်ကာလအဖြစ် သတ
မှတ်ကာ ဘုန်းကြီးကျောင်းကို နေ့စဉ် သင်္ကြန်တစ်တွင်းလုံး
ဆွမ်းချိုင့်ပို့ သီလယူ ဥပုသ်စောင့်ကာ သင်္ကြန်ကို ကုန်ဆုံးခဲ့ရတာ
ရှိသလို၊ တရားစခန်းဝင်ခြင်းဖြင့်လည်း သင်္ကြန်ကို ကုန်ဆုံးစေ
တာမျိုးဖြစ်၏။

သင်္ကြန်အကြိုနေ့မှာမွေးတဲ့ ဖန့်ဝါရဲ့မွေးနေ့ကိုပ
အထူးပြုတဲ့သဘောဖြင့် သင်္ကြန်ဆိုတာဟာ ဖန့်ဝါတို့ မိသားစုမှာ
တော့ အထူးအားဖြင့်ကို ကုသိုလ်တွေလုပ်တဲ့ အချိန်ပဲဖြစ်သည်။
အဲဒီတော့လည်း ဖန့်ဝါဟာ လူကြီးတွေ စိတ်သဘောကျ ကုသိုလ်
တွေဖြင့် နေထိုင်ရင်း တိတ်တဆိတ် ပျော်ရွှင်မှုကို တောင့်တ
လွမ်းဆွတ်နေရတာ ဖြစ်၏။

"သင်္ကြန်ဆိုတာကတော့ သိတဲ့အတိုင်း ပျော်ကြရွှင်ကြဆို
ပေမယ့် အမူးသမားတွေနဲ့ ဖြစ်ချင်တိုင်း ဖြစ်နေကြတာ



တွေနဲ့။ မေမေ စိတ်မချပါဘူး။ သောက်စားမူးယစ်ပြီး ဖြစ်ချင်သလို သင်္ကြန်မှာ ဖြစ်နေကြတဲ့ အဲဒီ သရုပ်ပျက်မှုတွေကြားထဲ သမီးကို ဘယ်လိုစိတ်ချပြီး လွှတ်ရမလဲ။ မဖြစ်ပါဘူး သမီးရယ်"

"ဟို ... မေမေရယ်။ အဲဒါတော့လည်း အဲဒါပေါ့။ ဒါပေမဲ့ အခု ဒီမဏ္ဍပ်က ဘော့စ်က ဝန်ထမ်းတွေအတွက်ပဲ ဆောက်တာ။ အားလုံးကလည်း ညီအစ်ကို မောင်နှမတွေလို ဖြစ်နေတာပဲဟာ။ သမီးကတော့ ဒီသင်္ကြန်ကို မဏ္ဍပ်ထိုင်ချင်တယ်"

"အို ... မဖြစ်ပါဘူး။ မေမေတို့က တရားစခန်း ဝင်မှာလေ။ ညည်းတစ်ယောက်တည်း ဘယ်လိုနေမလဲ။ မဖြစ်ဘူး ... မဖြစ်ဘူး"

"မမအေးတို့ ပွင့်သစ်တို့က သင်္ကြန်တစ်တွင်းလုံး သမီးနဲ့ နေပေးမှာပါ။ သူတို့ကို အိမ်မှာခေါ်ထားလိုက်မယ်လေ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



ဖန့်ဝါက စိတ်တွေက ဝိုဝိုပြီး တက်ကြွလာကာ မေမေ ခွင့်မပြုပြုအောင် ဖွတ်ပြောနေလေလျှင် မနေသာတော့တဲ့ ဘွားဘွားက ဖန့်ဝါဘက်က ကူပြောပေးလေ၏။

"မြေးလေးက အရမ်းကို တက်ကြွနေတာ။ ဒီနှစ်တော့ ခွင့်ပြုရင် ပြုလိုက်ပါလား သမီးရယ်။ အေးအေးဖော်တို့ ပွင့်သစ်တို့ ဆိုတာကလည်း ဒီအိမ်မှာ ဝင်ထွက်နေတာ ဖန့်ဝါလေးရဲ့အစ်မတွေလို ဖြစ်နေတာပဲဟာ။ သူတို့နဲ့ စကားပြောကြည့်ပြီး ခွင့်ပြုသင့် ခွင့်ပြုလိုက်ပါ"

"ဟုတ်ပါတယ် ဘွားဘွားရယ်။ ပြောပေးပါဦး။ မေမေ ခွင့်ပြုပေးပါနော်။ တခြားဆို သမီး မပူဆာပါဘူး။ အခု ဟာက သမီးတို့ တစ်ရုံးလုံး ပါကြမယ့်ပွဲ ဖြစ်နေလို့ပါ။ ခွင့်ပြုပါ ... နော် ... မေမေ ... နော်"

ဖန့်ဝါက ဖွတ်ကို တောင်းဆိုနေလျှင် မေမေက အခက်တွေ့နေစွာဖြင့် မှုန်တေတေ လုပ်နေကာ ...





"ဟင်း ... ခက်တယ်ဟယ်။ ဒီအပျော်အပါးပဲ မက်နေတယ်။ ငါတော့ မပြောတတ်တော့ဘူး။ ဒါပေမဲ့ စိတ်မချတာကတော့ အမှန်ပဲ ...

အလုပ်က စီစဉ်တဲ့ကိစ္စ ဖြစ်နေပြန်တော့လည်း ငါ ဖွတ်ငြင်းတော့လည်း မကောင်းဖြစ်ဦးမယ်။ အမေ ... အမေ့မြေးကို ဘယ်လိုလုပ်မလဲ အဲဒါ"

"ခွင့်ပြုသင့် ပြုလိုက်ပါဟယ်။ သူလည်း ပျော်ချင်ရှာမှာပေါ့"

"ဟင်း ... စိတ်ညစ်တယ်။ အေးလေ ... အားလုံးကပါပြီး ညည်းမပါပြန်ဘူး ဆိုတော့လည်း မကောင်းဘူးပေါ့။ မေမေကတော့ ညည်းသဘောပဲ ဟုတ်ပြီလား"

"ဟား ... ဝမ်းသာလိုက်တာ မေမေရယ်။ အာ့ဆို မဏ္ဍပ် ထိုင်ခွင့် ရပြီပေါ့နော်"

-ပ္ : ဖန့်ဝါက ဝမ်းသာလွန်းလှစွာ လက်သီးလက်မောင်း တန်း၍ ပျော်ရွှင်နေမိစွာဖြင့် ပျော်မဆုံးခင်မှာ မေမေက ဆက် အသာကာပြ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"နေဦး။ မောင်နေထက် ရှိသေးတယ်။ သူကကော ခွင့်ပြုပါ့မလား"

"မေမေကလည်း မေမေတောင် ခွင့်ပြုတဲ့ကိစ္စပဲဟာ။ သူ ခွင့်ပြုရမှာပေါ့"

"ဟွန်း ... မသိတော့ဘူးဟော့။ ငါတော့ တကယ် စိတ်မချဘူး။ တရားစခန်းကို စိတ်မဖြောင့်ဘဲ ဝင်ရတော့မယ်။ ဒါပေမဲ့ မောင်နေထက်က သင်္ကြန်တွင်း ဘယ်မှမသွားဘူးဆိုရင်တော့ သမီးနဲ့အတူ သူ လိုက်ပေးမှာပါ။ အဲဒီလိုဆိုရင်တော့ စိတ်ချသေးတယ် ...

ဖန့်ဝါ ... ညည်း မောင်နေထက်ကို အဲဒီအကြောင်း ပြောလိုက်ဦး"

"ဟုတ်"

ဖန့်ဝါက ရင်ထဲက အပျော်လေးတွေ ပျောက်သွားမှာစိုးလို့သာ ဟုတ်ဟု ခေါင်းညိတ်ပြလိုက်သည်။ ကိုကြီး တစ်ယောက် သဘောကော တူပါ့မလား။ သူကလည်း မေမေတို့နဲ့



လိုင်းတူ သင်္ကြန် sensitive လေ၊ ဒါပေမဲ့လည်း မေမေတောင် သဘောတူသေးတာပဲဟာ။ ကိုကြီးလည်း သဘောတူလောက်မှာပါ။

အဲဒီလိုသာဆိုရင်တော့ အပျော်တွေ နှစ်ထပ်ကွမ်းဆင့်ကာ ဒီအတာရဲ့ ပျော်စရာတွေဟာ အားလုံး ဖန့်ဝါအတွက်ချည်း ဖြစ်လာလိမ့်မည်။ စိတ်ကူးမိလိုက်တာနဲ့တင် ဒီ မတ်လ (March)ကြီးကို ရီမှုနဲ့ အမြန်ကျော်ချကာ နားထဲမှာ ကြားယောင်လာမိတာကတော့ တူးပို့တုံချမ်းသံတွေနှင့် ပျော်စရာကောင်းသော ကြည်နူးစရာကောင်းသော သီချင်းသံလေးကို အလိုလို ကြားယောင်မိကာ ပြုံးမိသွားလေသည်။

"သင်္ကြန်မှေဦး xxx တူးပို့ တူးပို့ xxx သင်္ကြန် xxx မြူးသာယာ"

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

ဆရာမ မယ်မင်းဘုံ ...

နေကောင်းပါရဲ့လား။ ဆရာမရဲ့စာအုပ်တွေ ဖတ်လို့ကောင်းတဲ့ ဇာတ်လမ်းတွေပါပဲ။

အခွေတွေလည်း အမြဲကြည့်ပါတယ်။ အချို့ဇာတ်ခန်းလေးတွေက ရင်ထဲအထိ ရောက်ပါတယ်။

အချို့ဇာတ်တွေက စာအုပ်ကိုမမီဘူး။ စာအုပ်ကောင်းတွေလည်း အများကြီး ရေးနိုင်ပါစေ။

**မိုးဇွေ**
၂၆ - ဘီလမ်း
80 - 81 လမ်းကြား
မန္တလေး။



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

မမမယ်မင်းရဲ့ ချေလို့နေလို့ ချစ်လေသည့် စာအုပ်ကို ညီမလေး အရမ်းကြိုက်ပါတယ်။ အစ်မရဲ့ထွက်သမျှစာအုပ်တွေကိုလည်း အမြဲတမ်း အားပေးလျက်ပါ။

အစ်မ နောက်လထွက်မယ့် စာအုပ်တွေကိုလည်း စောင့်မျှော်နေပါတယ်။ အစ်မရေ စာအုပ်အမည်လေးကကောဘာလေးများ ပေးထားလဲဟင်။

အစ်မရဲ့ အမြဲတမ်းပရိသတ် ...

**တာဓာဖြိုး**
ပျဉ်ပုံရွာသစ်ကျေးရွာ
ပဲခူးတိုင်းဒေသကြီး

www.burmeseclassic.com

www.burmeseclassic.com







ရင်ထဲမကောင်းဘူးဆိုတာ

ကြီးမားတဲ့အမှား လုပ်မှမဟုတ်ဘူး

ကိုယ်ပို့ထားတဲ့ message ဟာ

seen ဖြစ်သွားပါရက်

Reply ပြန်မလာရင်လည်း

ကြေကွဲရတယ်။

အသေးစိတ်လေးကအစ လိုက်ခံစားပြီး

ရင်ထဲမကောင်းတတ်လာတာဟာ

အချစ်ရဲ့ ဘေးထွက်ဆိုးကျိုးပဲ။



www.burmeseclassic.com

www.burmeseclassic.com





## (၇)

"ခွင့်မပြုနိုင်ဘူး။ မင်း လုံးဝမကျော်ပ်ထိုင်ဖို့ မစဉ်းစားပါနဲ့ ဖန့်ဝါ။ ကိုယ် ခွင့်မပြုဘူး"

နေထက်က တကယ့်ကို ခါးခါးသီးသီးပဲ ငြင်းဆန်မိလိုက်လေသည်။ ဖန့်ဝါကို သကြြန်ဆိုတာနဲ့ လုံးဝ အပတ်အသက် မရှိစေခဲ့တာဟာ အကောင်းဆုံးပါလို့ သူ ပြောရက်နဲ့ ဖန့်ဝါက မကျော်ပ်ထိုင်ပါရစေတဲ့။

"ကိုကြီး ... အဲဒါတော့ မဟုတ်သေးပါဘူး။ ဖန့်ဝါက ပြောပြနေတာလေ။ ဘာဖြစ်လို့ ဒီလောက် အော်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝါ ... မင်း တရားစခန်း ဝင်ရမှာလေ"

"မေမေကိုယ်တိုင်က မဏ္ဍပ်ထိုင်ဖို့ ခွင့်ပြုပေးတာ။ ကိုကြီးကို အဲဒီကိစ္စ ပြောပြတာ"

ဖန့်ဝါ လေသံက နည်းနည်းမာတာကြောင့် ဖန့်ဝါ သူ့ကို တင်းပြီးပြောတယ်ဆိုတာ သူ သိလေသည်။ ဖန့်ဝါဟာ သကြ်န်နဲ့ကင်းတဲ့ မိန်းကလေးလို့ သူ ရဲရဲယုံကြည်ခဲ့သမျှ အခု တော့ ပြောရပြီဖြစ်သည်။

"ဖန့်ဝါ ... မင်းကို ကိုယ်က သင်္ကြန်မှာ အဲဒီလို မဏ္ဍပ်ထိုင် လျှောက်သွားတာကို မကြိုက်ဘူးလို့ ပြောထားတယ်လေ"

"ကိုကြီး ... ဖန့်ဝါ စိတ်ဆိုးလာပြီနော်။ ဘာဖြစ်လို့ ဒီလောက်ထိ ချုပ်ချယ်နေတာလဲ။ မေမေကတောင် ခွင့်ပြု လိုက်တဲ့ကိစ္စမှာ ကိုကြီး ခွင့်မပြုဘူးဆိုတော့ ဖန့်ဝါက မသွားရဘူးဆိုတဲ့ သဘောလား။ မရဘူး။ ဒီမဏ္ဍပ်ထိုင်ဖို့ ကို ဖန့်ဝါ ရအောင် မေမေ့ကို ပြောခဲ့ရတာ။ ထိုင်မှာပဲ"





"ဖန့်ဝါ"

သူက စိတ်တိုလာစွာ ဖန့်ဝါကို အော်ပစ်လိုက်တော့ သည်။ ဖန့်ဝါက မျက်ရည်တွေ ဝဲတက်လာ၍ ...

"ဖန့်ဝါ အရမ်းစိတ်ညစ်တယ် သိလား။ ကိုကြီး ဘာလို့ ဖန့်ဝါကို နားမလည်ရတာလဲ။ သင်္ကြန်ဆိုတာ ကိုကြီး အတွက် ဘာတွေ ခါးသီးနေရတာလဲ။ တကယ်ဆို မေမေ ခွင့်မပြုတဲ့ကိစ္စ ဆိုရင်တောင် ချစ်သူဖြစ်တဲ့ ကိုကြီးက ဖန့်ဝါဘက်ကတောင် ရပ်တည်ပေးရမှာ မဟုတ်ဘူးလား"

"ဟုတ်တယ်။ တခြားကိစ္စဆို ငါ မင်းဘက်က ကာကွယ် ပေးမှာ။ ဒါပေမဲ့ သင်္ကြန်မှာ အဲဒီလို လျှောက်လည်တာ ကို ငါမှ မကြိုက်တာ။ ကိုယ်မကြိုက်ရင် မင်း ဘာမှမ လုပ်ရဘူး"

အဲဒါတော့ တစ်ဆိတ်က လွန်ပြီဖြစ်၏။ ဖန့်ဝါက ပြင်းပြင်းထန်ထန် ကန့်ကွက်စကား ဆိုတာထက် အာဏာရှင် ဆန်ဆန်ကြီးကို တစ်ချက်လွှတ် အာဏာသုံး ပြောတာမို့ ရင်ထဲ မှာ နာကျင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးက လူတစ်ယောက်ကို အဲဒီလိုချုပ်ကိုင်လို့ ရမယ်ထင်နေတာလား။ ဖန့်ဝါကို ဟိုဟာမလုပ်နဲ့ ဒါမလုပ်နဲ့ဆိုပြီး အမြဲတမ်း ရှာနေကဲ့ ပြဿနာတွေကို ဖန့်ဝါဘက်က အမြဲသည်းညည်းခံခဲ့တာပဲ။ တကယ်ဆို ဖန့်ဝါက အငယ်ပါ။ ကိုကြီးကတောင် အမြဲအလျှော့ပေးရဦးမယ်"

ဖန့်ဝါက ကလေးတစ်ယောက်လို သူ့ကို အပြစ်တွေချည်းဖွဲ့နေကာ သကြၤန်မဏ္ဍပ် မထိုင်ရတဲ့ အပေါ်မှာပဲ အပြစ်တွေတင်နေတာကြောင့် နေထက်က ခေါင်းသာတွင်တွင်ခါယမ်းလိုက်ရင်း ...

"မဆိုင်ဘူး။ ဝါ့ကို ကိုယ် ပြောနေတာတွေ တားမြစ်နေတာတွေ အားလုံးဟာ ဝါ ကောင်းဖို့အတွက်ချည်းပဲ"

"မသိဘူး။ ကြာလာတော့ အဲဒါတွေဟာ ဖန့်ဝါအတွက် အချုပ်အနှောင်ပဲ။ မေမေ လက်ခံထားတဲ့ ကိစ္စကို ဖန့်ဝါကတော့ ဆက်လုပ်မှာပဲ"

ဖန့်ဝါက သူ့ကို အပြတ်ပြောကာ ထွက်သွားလေ၏။ နေထက်က "ဖန့်ဝါ"လို့ လှမ်းအော်ခေါ်လည်း လှည့်မကြည့်ချေ။





သူက ဒေါသထွက်စွာဖြင့် တောက်တစ်ချက်ခေါက်ကာ နောက်ကလည်း လိုက်မသွားတော့ချေ။

ဘာပဲဖြစ်ဖြစ် ဒီကိစ္စကိုတော့ သူ လုံးဝလက်သင့်မခံနိုင်ပေ။ သကြၤန်မဏ္ဍပ်ထိုင်ဖို့ကို သူ ဘယ်လိုနည်းနဲ့မှကို ခွင့်မပြုနိုင်ချေ။ ဖန့်ဝါဟာ သူလက်ထပ်ဖို့အထိကို ရည်ရွယ်ထားတဲ့ မိန်းကလေးပဲဖြစ်၏။ ဖန့်ဝါအလုပ်က မဏ္ဍပ်လုပ်လို့ သကြၤန်ပွဲကို ဆင်နွှဲတာကြီးကို သူ ဘယ်လိုမှ လက်သင့်ခံလို့ မရချေ။

သကြၤန်ဟာ သူ့အတွက် မကြိုက်စရာ အိပ်မက်တွေရှိသည်။ သကြၤန်ကို သူ မချစ်သလို သူချစ်တဲ့သူကိုလည်း မချစ်စေချင်ပေ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com







ဘော့စ်ရဲ့ စက္ကူထရီအဖြစ် သူ့ တာဝန်ထမ်းဆောင်ခွင့်ရတဲ့အတွက် ဖန့်ဝါ တာဝန်ဟာ ပိုကြီးလာသလို ခံစားရသလို တကယ်လည်း တာဝန်ပိုကြီးသွားရတာ ဖြစ်သည်။ ဘော့စ်နဲ့ အတူတူ ကုမ္ပဏီကိစ္စတွေကို လုပ်ရတာဟာ သိပ်တော့ ပြဿနာမရှိပေမယ့် ဖန့်ဝါတို့ရဲ့ ဘော့စ်အသစ်ဟာ အင်မတန်မှကို ထူးဆန်းစွာသော အမူအကျင့်တွေကို ပိုင်ဆိုင်ထားတဲ့ လူထူးလူဆန်းတစ်ယောက်လို့ပဲ ပြောရမလား။ ရက်ရောတတ်တယ်ပဲ ဆိုရမလား။

နားကို မလည်နိုင်စွာ အရမ်းကို သဘောကောင်းတာပဲ ဖြစ်၏။

ဥပမာ ဆိုပါစို့။

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

ချစ်စွာသော ဘုံ ...

ဘုံ့စာအုပ်လေးတွေ တအားကြိုက်ပါတယ်။
ဘုံရေ ... စာအုပ်ပေါင်း (၃၉)အုပ်မြောက် ရှိပြီပေါ့။
မှုံတို့ ပရိသတ်အတွက် အမှတ်တရလေးရေးပေးပါ။
အမြဲအားပေးနေတာနော်။

**မှုံနံ့သာ**
ပနစ် - ဓာတု
ဒဂုံတက္ကသိုလ်



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

မမမင်း ...

ထွက်သမျှစာအုပ်တွေကို အားပေးနေတဲ့ မမရဲ့ ချစ်ပရိသတ်တစ်ယောက်ပါ။ မမရဲ့ အသစ်ထွက်မယ့် ဝတ္ထုတွေကို စောင့်မျှော်လျက်ပါ။ စာအုပ်တွေထဲမှာ "နောက်ကျောက ချစ်သူ"ဆိုတဲ့ စာအုပ်လေးကို ညီမလေး အရမ်းသဘောကျ ကြိုက်နှစ်သက်ပါတယ်။ နောင်လည်း ဒီထက်ပိုကောင်းတဲ့ စာအုပ်တွေကို ဆထက်တပိုး ရေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ မမရဲ့ဓာတ်ပုံလေးကို လိုချင်တယ်။ မမ ထည့်ပေးလိုက်ပါဦးနော်။

မမရဲ့အရေးအသားနဲ့ မမကို ချစ်တဲ့ ...

ညီမလေး
**ရွှေမဝခင်**
မကွေးတိုင်း၊ ရေနံချောင်း
အောင်ဆန်းဒိုင်နယ်
ဘိုကုန်းရပ်ကွက်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလုပ်ငန်းစုမှာ အရင် ဘော့စ် ဦးမြတ်သာရဲ့အဓိက ထုတ်ထားတဲ့ စည်းကမ်းနဲ့ ဆောင်ပုဒ်ကတော့ အလုပ်ကို ကိုယ့်မိသားစုလို သဘောထားဖို့နဲ့ Time is money ဆိုတဲ့ လက်သုံးစကားကိုပဲ ဖြစ်သည်၊ ဒါပေမဲ့ ဘော့စ်ကတော့ တမျိုးတဖွေ ဆန်းလှစွာ ဝန်ထမ်းပျော်မှ အလုပ်ပေါ်မည်ဆိုတဲ့ စကားသုံးပြီး အားလုံးကို ပျော်စေ ဆိုတာချည်းပဲ ဖြစ်၏။

တစ်ရက်မှာတော့ ဘော့စ်က အစည်းအဝေးခေါ်ကာ ဆွေးနွေးစေတဲ့ ကိစ္စကတော့ တကယ်ပဲ အံ့အားသင့်စရာ ဖြစ်လေသည်။

"ရန်ကုန်မှာ traffic တွေကြောင့် ကားစီးလာရတဲ့ ဝန်ထမ်းတွေအတွက် တကယ်ကို အဆင်မပြေ ဖြစ်ကြမယ်။ ကားကျပ်ဒဏ်ကြောင့် ကျွန်တော့်ဝန်ထမ်းတွေကို အဆင်မပြေ မဖြစ်စေချင်ဘူး။ အဲဒါကြောင့်မို့လို့ အလုပ်ချိန်ကို ကိုးနာရီ right time ရောက်ရမယ်ဆိုတဲ့ စည်းကမ်းကို ဖျက်လိုက်ပြီ။ အဓိက,က အလုပ်ကို ရောက်လာဖို့ပဲ။ အချိန်





ထက် ပိုပြီးအရေးကြီးတာက အလုပ်လုပ်ချင်စိတ်ရှိတဲ့ hyperactive စိတ်ဓာတ်ပဲ။ အဲဒီတော့ အလုပ်နောက်ကျတာကို အပြစ်မယူဘူး ဆိုတာကို အားလုံး သိစေချင်လို့ အခုလို အသိပေးတာပါ"

အားလုံးက ဘော့စ်ရဲ့စကားကြောင့် မျက်နှာမှာ တကယ်ပဲ အပြုံးပန်းဆင်ကုန်ကြတာဖြစ်သည်။ ဝန်ထမ်းထဲက တစ်ယောက်ဖြစ်တဲ့ ဖန့်ဝါလည်း ရုံးနောက်ကျခြင်းအပေါ်ကို ဗွေမယူတဲ့ ဘော့စ်ရဲ့စကားကြောင့် ပျော်တယ်ဆိုပေမယ့် စိတ်ထဲတော့ တစ်မျိုးကြီးပဲ ဖြစ်ရလေသည်။ အစည်းအဝေးပြီးသွားသော အခါတွင်တော့ ဝန်ထမ်းအားလုံး ထွက်သွားတဲ့အချိန်မှာ ဖန့်ဝါရဲ့နားမလည်နိုင်စွာသော အကြည့်တို့ကို ဘော့စ်က သတိထားမိသွားဟန်ဖြင့် မေးဆတ်ပြကာ ...

"ဘာလဲ ... ဖန့်ဝါ။ ဘာများ မေးချင်တာရှိလို့လဲ"

"ဟို ... ဟိုဟာ"

ဖန့်ဝါက ပါးစပ်က မထွက်နိုင်စွာ ဟိုတွေ ဟိုဟာတွေ လုပ်နေလျှင် ဘော့စ်က စကြည့်သလို ပြန်ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဖန့်ဝါတန်ရူး အရေးကြီးဆုံးတစ်ခု ပြောထားမယ်။ ငါ့ရဲ့ စက္ကူထရီက အူလို့မရဘူး။ ထူလို့မရဘူး။ ငါ ရှေ့တစ်လှမ်း တိုးရင် အနောက်က အလိုက်တသိ လိုက်တတ်ဖို့က အဓိက အချက်ပဲ"

"ဒါပေမဲ့ အခု ဘော့စ် ချမှတ်လိုက်တဲ့ စည်းမျဉ်းက သိပ် ပေါ့လျော့လွန်းမနေဘူးလား"

ဖန့်ဝါက မနေနိုင်လွန်းစွာ ဖွင့်မေးလိုက်ရလျှင် ဘော့စ်ဟာ ထင်မှတ်မထားလှစွာ သဘောတကျဖြင့် ရယ်မော ရင်း ...

"ငါက ဒီကုမ္ပဏီကို ပိုင်တဲ့ ဘော့စ်ပါ။ မတူညီတဲ့ System တွေနဲ့ အုပ်ချုပ်နေတာ။ ဩော် ... အဲဒါထားပါ ဦး။ မနက်ဖြန် လကုန်ပြီ။ မနက်ဖြန်ကစပြီး သကြီန် အတွက်ပဲ အားလုံး အာရုံစိုက်နိုင်းပါ။ သကြီန်အတွက် လိုအပ်မယ့် ပစ္စည်းတွေ ရိက္ခာတွေ အားလုံး လစ်ဟင်းမှု မရှိအောင် လုပ်ရမယ်"





"ရှင် ... ဘော့စ်။ မနက်ဖြန်က စာရင်းနောက်ဆုံးပိတ်ရ မှာလေ"

"မလိုပါဘူး။ မင်းကလေ တော်တော် ဆရာလုပ်တာပဲ။ ငါက ဒါဆို ဒါပေါ့"

ဖန့်ဝါက ကြာလေ ဘော့စ်ကို နားမလည်လေ ဖြစ် ရစွာ တကယ်ပဲ အံ့သြရလေသည်။

"ဘော့စ် ... ဘော့စ်က အပျော်တွေ သိပ်များနေသလို ..."

"ဟား ... ဖန့်ဝါတန်ရူး။ မင်းက ဘယ်လိုစက္ကူထရီလဲကွ။ ငါ့ကိုချည်းပဲ တောက်လျှောက် ဆရာလုပ်နေတယ်။ ဒီမှာ ငါ ဘော့စ်။ ငါပြောတာသာလုပ် ...

ဒီလတွေဆိုတာ မြန်မာတို့ရဲ့ ပျော်ပွဲရွှင်ပွဲလေ။ သကြီန်ပြီးပြီဆိုမှ အလုပ်ပြန်လုပ်မယ်။ ဒီနေ့ကစပြီး မင်း ခေါင်းထဲမှာ ငါ့သကြီန်မဏ္ဍပ်အတွက် အကောင်းဆုံးစီစဉ် မှုပေးနိုင်ဖို့ပဲ ထည့်ထား။ အဲဒါ အလုပ်ကို တာဝန်ကျေ တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘော့စ်က ပြောပြီး အစည်းအဝေးခန်းထဲက ကြော့ကော့စမတ်ကျစွာ ထွက်သွားလေသည်။ နားမလည်ပေ။ ဘာမှန်းကို နားမလည်တော့ချေ။ ဘော့စ် မြန်မာပြည် ပြန်ရောက်ကတည်းကနေ စတင်ကာ ကုမ္ပဏီကို အုပ်ချုပ်ချိန်အထိ အလုပ်ထက် အပျော်အပါးကိစ္စက ပိုလို့တွေကို များနေတာဖြစ်သည်။

သာမန်ရိုးရိုးလေး တွေးကြည့်မယ်ဆိုရင်တော့ ကိုယ့်ဘော့စ်က ဒီလောက်ထိ free ပေးထားတဲ့ကိစ္စဟာ အရမ်းကို ပျော်စရာကောင်းတဲ့အကြောင်း ဖြစ်ပေမယ့် ဘော့စ် အဲဒီလိုလုပ်တာဟာ တစ်ခုခုတော့ အကြောင်းရှိနေလိမ့်မည်ဟု ဖန့်ဝါက ထင်ထားလေသည်။

❋ ❖ ❋





(၈)

ဖန့်ဝါက မေမေ့ရှေ့မှာမို့ သည်းခံနေရတဲ့ ဒေါသတွေဟာ အပြင်ရောက်တာနှင့် ပွင့်ထွက် ပေါက်ကွဲပစ်လိုက်ချင်အောင်ကို စိတ်တွေက ရှုပ်ထွေးနေတာဖြစ်သည်။ ကိုကြီးဟာ မေမေ့ကို ဘာတွေသွားပြောလိုက်သလဲ မသိပေ။ မေမေက အကြိန်မလျှော့ပ်ထိုင်မယ့်ကိစ္စ အပေါ်ကို တားချင်ဟန် ရှိလာတာကြောင့် ဒီလိုဖြစ်ရတာဟာ ဘယ်သူ့ကြောင့်ဆိုတာ အရှင်းကြီးပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကုန် ရုံးမှာ ငြိမ်ငြိမ်ကုပ်ကုပ် အလုပ်လုပ်ကာ ရုံးအဆင်းမှာတော့ ကိုကြီးကို ပေါ်တင်ကြီးပဲ ဖွင့်မေးလိုက်တော့သည်။

"မေမေ့ကို ကိုကြီး ဘာတွေပြောလိုက်တာလဲ"

"ဝါ့ကို သင်္ကြန်မဏ္ဍပ်ထိုင်ခွင့် မပြုစေချင်ဘူးလို့ ပြောလိုက်တာလေ"

"ကိုကြီး"

ဖန့်ဝါက ရင်ထဲမှာ အောင့်မျက်လာကာ ကိုကြီးကို နာနာကြည်းကြည်း အော်မိသွားသည်။ ဘာဖြစ်လို့ ဒီလောက် အထိ လိုက်ဖျက်နေရတာလဲ။

"ကိုယ် ပြောတာကို နားထောင်စမ်းပါ ဝါရာ။ မင်းကို စိတ်ပူလို့"

"စိတ်ပူတယ်ဆိုရင် ကိုကြီး မဏ္ဍပ်ကို လိုက်ခဲ့လို့ရတယ်"

"မလိုက်ပါဘူး။ မင်းလည်း မသွားရဘူး။ ငါ သင်္ကြန်နဲ့ လုံးဝမပတ်သက်ဘူး"





ဖန့်ဝါက သိပ်ကို အတွေ့ဆန်လေသော ကိုကြီးကို အံ့သြနပမ်းဖြစ်ရစွာ ကြည့်လိုက်ရင်း ရန်ဖြစ်ချင်စိတ်တွေက ပေါ်လာရကာ စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်တော့သည်။

"အဲဒါဆိုရင်တော့ ကိုကြီးကို အားလုံးနဲ့ ဆန့်ကျင်နေတာပဲ။ သင်္ကြန်နဲ့ မပတ်သက်ဘူးဆိုရင် ကိုကြီး ဖန့်ဝါနဲ့လည်း မပတ်သက်နဲ့။ ဖန့်ဝါက သင်္ကြန်မှာမွေးတဲ့သူ"

"ဝါ ... စကားကို ပြောချင်ရာ လျှောက်မပြောနေနဲ့။ ကိုယ် သင်္ကြန်မှာ အဲဒီလို လည်တာ ပတ်တာကို မုန်းတယ်ဆိုတာ မင်း သိသားပဲကွာ။ ကိုယ့်ကိုထပ်ပြီး against မလုပ်နဲ့တော့။ မင်း အန်တီနဲ့ တရားစခန်း ဝင်နေကြ အတိုင်း ဝင်ရမယ်"

"မေမေကတောင် ခွင့်ပြုတဲ့ကိစ္စကို ကိုကြီးလည်း ဘာမှ ဖျက်ဖို့ မကြိုးစားနဲ့တော့။ ဖန့်ဝါ လုံးဝအလျှော့ပေးမှာ မဟုတ်ဘူး။ ဘာဖြစ်လို့ ကိုကြီးကကော ဒီလောက်တား နေရတာလဲ။ ချစ်သူတစ်ယောက်ဟာ အဲဒီလောက်အထိ

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ချယ်ကန့်သတ်ဖို့တော့ မလိုပါဘူး။ အဲဒီလောက် ချုပ်ချယ်ချင်နေရင်လည်း ဖန့်ဝါကို ဘာကြောင့်များ ချစ်ခဲ့သေးလဲ"

"အေး ... ချုပ်ချယ်ရမှာပဲ။ မင်းကို ငါ လက်ထပ်ဖို့အထိ ရွေးခဲ့တာဟာ မင်း သကြိန်ကို မလည်တတ်ဘူး မပျော်တတ်ဘူး ဆိုတာကို သိလို့။ အဲဒီ တစ်ချက်တည်းနဲ့တင် မင်းကို ငါ ရွေးခဲ့တာ"

"ဘာ"

ကြားရတဲ့စကားဟာ တကယ်ပဲ ကြားခဲ့တာလားဟု သံသယရှိနိုင်စွာကို ကိုကြီး ပြန်ဖြေလိုက်တဲ့ အဖြေစကားဟာ ဖန့်ဝါကို ငြိမ်သက် မှင်သက်စွာ တုန်လှုပ်စေသော စကားပဲဖြစ်၏။ ကိုကြီးရဲ့နှုတ်ဖျားက ထွက်လာတဲ့ ဒီစကားဟာ အမှန်တဲ့လား။

ဖန့်ဝါကို သကြိန်မလည်တတ်လို့ ရွေးတာ။ အရွေးချယ်ခံလိုက်ရတာ။ ဖန့်ဝါက ရင်ထဲက ဖြစ်လာတဲ့ ဆင့်ပွားအတွေး





တွေနဲ့အတူ နင့်နေအောင် ခံစားသွားရကာ အဲဒီလို ပြောထွက်ခဲ့တဲ့ ကိုကြီးကို နာနာကြည်းကြည်း ကြည့်မိကာ မျက်ရည်တို့က ကျလို့လာ၏။

"ဆော ... ဆောရီး ဝါ။ ကိုယ် ဆိုလိုတာ ..."

"တော်ပြီ။ ဆက်မပြောနဲ့တော့။ ရှင့်ကို ဖန့်ဝါပဲ ပြောမယ်။ ကျွန်မတို့ ဓာတ်လမ်းပြီးသွားပြီ ကိုမြဲနေထက်။ ဖန့်ဝါဟာ သကြိန်နဲ့ တစ်ထပ်တည်းရှိနေမယ့်သူပဲ။ ရှင် လုံးဝလိုက်မလာနဲ့။ ရှင်နဲ့ ကျွန်မ ဒီနေ့ပဲ လမ်းခွဲလိုက်ပြီ"

ဖန့်ဝါက နာကြည်းလွန်းစွာဖြင့် သူ့ကို ပမ်းခွဲစကားဆိုကာ ထွက်သွားဖို့ ခြေလှမ်းအပြင်မှာ သူက ဖန့်ဝါလက်တွေကို ဆွဲထားလိုက်ရင်း ...

"ဖန့်ဝါ ... ကိုယ် တောင်းပန်တယ်။ ကိုယ် ပြောတာက"

"မပြောပါနဲ့တော့။ ကျွန်မတို့က ဒီမှာတင် အဆုံးသတ်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

ဘုံလေးရေ ...

"သဝန်တိုမင်္ဂလာကကြီး"လေးက ကောင်းလိုက်တာ။ လုံးဝထင်မထားတဲ့ ဇာတ်အသိမ်းလေးမို့ ပိုကြိုက်မိတယ်။ ဘုံလေးရဲ့အရေးအသားတွေ ဖတ်ရတာ အသက်တစ်ဝက်လောက် ငယ်သွားသလို ခံစားရတယ်။

ဘုံလေးရဲ့ အမြဲပရိသတ် ...

**ဖြိုးခမ**
(၃)ရပ်ကွက်၊
ပုလောမြို့၊ တနင်္သာရီတိုင်း။



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

ဆရာမမယ်မင်း ...

"သဝန်တိုမင်္ဂလာကကြီး"ဖတ်ပြီးပါပြီ။ ဆရာမရဲ့ စာအုပ်တိုင်းမှာ ဖတ်တိုင်း မကြိုက်တာ ဘာမှမရှိဘူး။ ဆရာမ စာအုပ်တွေထဲမှာ "သံယောဇဉ်မျက်စောင်း"ကိုလည်း ကြိုက်တယ်။ ဇာတ်လမ်းလေးက တစ်မျိုးလေး ကွဲထွက်နေလို့။ ဆရာမ လူငယ်ချည်း သီးသန့်အချစ် fancy ဝတ္ထုလေးတွေ ထပ်ရေးပေးပါဦး။ ဆယ်ကျော်သက်ဂိမ်းလိုမျိုး နောက်ထပ်တစ်အုပ် ထပ်ဖတ်ချင်သေးတယ်။ ဆရာမရဲ့စာအုပ်တွေကို အမြဲတမ်း ဖတ်ရှုအားပေးနေတယ်နော်။

ဖြစ်နိုင်ရင် စာအုပ်တိုင်းကိုတောင် အပိုင်ဝယ်ပြီး သိမ်းထားချင်တဲ့ အမာခံပရိသတ်ဆိုတာလေးပါ ထည့်ပြောပါရစေနော်။

**ချမ်းမြင့်ကျော်**
ညောင်ကန်ရွာ၊ ဘုတလင်မြို့နယ်
စစ်ကိုင်းတိုင်း

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ ကိုယ်က လက်ထပ်ဖို့ ရည်ရွယ်ထားကြတယ်ဆိုတာ အားလုံးသိနေကြပြီ။ မင်း အဲဒီလို စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ ဝါရယ်"

ဖန့်ဝါ နောက်ဆုံးအချိန်ထိတိုင် ချစ်လို့ဆွဲထားတာ မဟုတ်တဲ့ ကိုကြီးကို စိတ်နာရစွာဖြင့် လက်တွေကို ပုတ်ထုတ်ပစ်ကာ ...

"လုပ်မယ်။ ရှင် ထပ်သိထားရမှာက သကြိန်မှာ ကျွန်မ အရမ်းပျော်နေမယ် ဆိုတာပဲ။ ဖယ်"

ဖန့်ဝါက သူ့ကိုတွန်းတိုက်၍ ထွက်လာခဲ့လိုက်သည်။ ရင်ထဲမှာ တကယ်ကိုပဲ နာကျင်ခံစားရလေသည်။ ဖန့်ဝါ အားကိုးကြီးစွာ ချစ်ရတဲ့ ကိုကြီးဟာ ဖန့်ဝါကို ချစ်ခဲ့တာမှ မဟုတ်တာ။ သကြိန်မှာ ဖန့်ဝါက မလည်မပတ်ဘဲ နေလို့တဲ့။

သကြိန်ဟာ သူ့အတွက် အတိတ်တစ်ခု ရှိခဲ့ဖူးတယ် ဆိုရင်တောင် အဲဒီ အတိတ်အတွက် ဖန့်ဝါက မားစာခံ ဖြစ်ရတာ။ ဖန့်ဝါ သူ့ကို သိပ်ချစ်တာကိုလည်း ဝန်ခံပါရစေ။





ချစ်လွန်းလို့ကို ကိုကြီး တားမြစ်သမျှ ထိန်းချုပ်သမျှ အားလုံးကို ဖန့်ဝါ နားလည်ပေး လက်ခံပေးခဲ့တာ ဖြစ်သည်။ ဒါပေမဲ့ ဒီတစ်ခါကတော့ ကမ်းကုန်သွားပြီပဲ ဖြစ်သည်။ ကိုယ့်ရဲ့အချစ်တွေအတွက် သူ တားခဲ့တာဟာ သကြိန်မှာ ဖန့်ဝါက မလည်တတ် မပျော်တတ်လို့တဲ့။ ဖန့်ဝါကို အဲဒီတစ်ချက်ကြောင့် ရွေးခဲ့တာပါတဲ့။

ဖန့်ဝါက နာကြည်းစွာ နှုတ်ခမ်းတို့ကို ခပ်တင်းတင်း ဖိကိုက်ထားရင်း ကိုကြီးကို တအားကြီးကိုပဲ စိတ်နာမိသည်။

❋ ❖ ❋



www.burmeseclassic.com


www.burmeseclassic.com







သင်္ကြန်မှာလုံးတဲ့ မုန့်လုံးရေပေါ်တွေထဲ
ရေတ်သီးပါရင် ပူစပ်သွားတတ်သလို
ကိုယ့်ရင်ထဲ ခံစားသွားရအောင်
ရက်စက်တော့မယ့် အပူအစပ်တွေ
ပေးမယ်ဆိုရင်
သင်္ကြားလေးတော့ ဖျန်းပေးပါမေ ... !



www.burmeseclassic.com

www.burmeseclassic.com







(၉)

"အဖြစ်အပျက်က အဲဒါပါပဲ မမအေး။ ဖန့်ဝါ အဲဒါကြောင့် မို့လို့ မေမေတို့ တရားစခန်း မဝင်ခင် မမအေးဆီ လာနေမလို့။ ဒီသကြင်္န်တစ်တွင်းလုံးပေါ့"

"ဖန့်ဝါရယ် … တို့တွေက ပြောစရာလား။ ဖန့်ဝါ သကြင်္န်တွင်းတွေ အစ်မနဲ့ အတူနေတော့ ပိုတောင်ပျော်စရာကောင်းသေး။ ညည်းမနေလည်း ကျုပ်တို့တစ်တွေက ညည်းအိမ်မှာ လာသောင်းကျန်းမှာ။ အခု ကျုပ်အိမ်မှာဆိုတော့ ပိုတောင် ကဲလို့ကောင်းသွားသေး။ ဘာမှ စိတ်ညစ်မနေနဲ့ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားအတွက်တော့ ဖန့်ဝါက မရှိပြုံးတစ်ခုကိုသာ ပြုံးနိုင်၍ ခေါင်းညိတ်ပြလိုက်ရသည်။ တကယ်လည်း စိတ်ထဲမှာ တနုံ့နုံ့ ခံစားနေရတာ ဖြစ်တာမို့ ဖန့်ဝါဟာ မျက်နှာကပြုံးနေတယ် ဆိုပေမယ့် အဲဒီအပြုံးဟာ တကယ့်ကို စိတ်မသက်မသာ ဖြစ်ရတယ်ဆိုတာ သိနေတဲ့ မမအေးက ဖန့်ဝါပခုံးကို ပုတ်၍ နှစ်သိမ့်ကာ ...

"ဖန့်ဝါရယ် ... ပြုံးပြုံးရွှင်ရွှင် နေပါအေ။ ညည်းက အဲဒီလို အေးတိအေးစက် လုပ်နေတော့ ဘယ်စိတ်ကောင်းမလဲ။ ဖန့်ဝါ ဘာစားချင်လဲ ပြော။ မမအေး ကိုယ်တိုင် ချက်ကျွေးမယ်။ ဘာစားမလဲ"

မမအေးက တက်တက်ကြွကြွဖြင့် ဖန့်ဝါကို စိတ်ပြေလက်ပျောက်ဖြစ်အောင် စကားတွေ လမ်းလွှဲနေတာကြောင့် ဖန့်ဝါက ပြုံးရုံသာ ပြုံးမိသွားသည်။ တကယ်ဆို ဖန့်ဝါအတွက် ဂရုစိုက်ကြင်နာမယ့်သူတွေမှဖြင့် ပုံလို့ပဲ ဖြစ်သည်။ ဒါပေမဲ့ ဒီအချိန်မှာ အသည်းကွဲနေတယ် ဆိုတာထက် ပိုသာနေတဲ့ ခံစား





ချက်က စိတ်ထဲမှာ တနုံ့နုံ့နဲ့ နာကျင်အောင့်မျက်ကာ ဖန့်ဝါကို မချစ်ခဲ့ဘူးဆိုတဲ့ အတွေးကတင် လူကို ကြွေကွဲဝမ်းနည်းစေတာပဲ ဖြစ်သည်။

"ကျေးဇူးအများကြီး တင်ပါတယ် မမအေးရယ်။ ဖန့်ဝါကို ကိုယ့်ဆွေမျိုးရင်းချာ ညီမလေးလို ဂရုစိုက်ပေးလို့ တကယ် ကျေးဇူးပါ"

"ဒါတွေ ပြောနေဖို့ မလိုပါဘူး ဖန့်ဝါရယ်။ အန်တီကိုယ်တိုင်ကလည်း မမအေးဆီ ယုံယုံကြည်ကြည် လွှတ်တယ်ဆိုကတည်းက ဖန့်ဝါလေးကို မမအေးက ပိုပြီးတော့တောင် ဂရုစိုက်ရဦးမှာ။ စိတ်ထဲမှာ ကျဉ်းကျပ်မှုတွေ စိတ်ညစ်တာတွေ ဘာမှမဖြစ်နဲ့။ ဟုတ်ပြီလား။ တို့ ညီအစ်မတွေ သင်္ကြန်မှာ ဘယ်လိုကဲကြမလဲ ဆိုတာသာ စဉ်းစားကြစို့"

"ဟုတ်တယ်။ ဖန့်ဝါလည်း အဲဒါအတွက်ပဲ ခေါင်းထဲရှိတယ်။ အမိက,ကတော့ ဒီနှစ်သင်္ကြန်ဟာ ဖန့်ဝါအတွက်တော့ အထူးခြားဆုံးနဲ့ အမှတ်တရ အဖြစ်ဆုံးပဲ။ ဖန့်ဝါ

www.burmeseclassic.com

www.burmeseclassic.com



သင်္ကြန်ကို ဘယ်လောက် ချစ်တတ်တယ် ဆိုတာ သူ သိကို သိစေရမယ်"

"အေးဟယ် ... ငါလည်း ဘာပြောရမှန်းတောင် မသိတော့ပါဘူး။ ဖန့်ဝါ ... သူ့မှာ သင်္ကြန်နဲ့ ပတ်သက်တဲ့ ရာဇဝင် တစ်ခုခု ရှိဖူးတယ်နဲ့ တူပါတယ်"

ရာဇဝင်။

ဖန့်ဝါက အဲဒီစကားကြောင့် အတွေးတစ်ခုတော့ ဝင်လာမိသည်။ ဘာကြောင့်ပဲဖြစ်ဖြစ်ပေါ့။ ဘာရာဇဝင်တွေပဲ ရှိခဲ့ ရှိခဲ့ အဲဒီအတိတ်တွေမှာ နစ်မြောပြီး ဖန့်ဝါဟာ ဓားစာခံ သက်သက် ဖြစ်ခဲ့ရတာတွေအတွက် ဖန့်ဝါ ကိုကြီးကို တကယ်ပဲ စိတ်နာသည်။

အဲဒီအတွက် လုံးဝလည်း ကိုကြီးဆက်တဲ့ဖုန်းကို လည်း မကိုင်ခဲ့သလို ကိုကြီးရဲ့ ဆက်သွယ်မှုနဲ့ ဝေးနိုင်သမျှဝေး အောင် နေခဲ့ပါသည်။

❋ ❖ ❋





"မင်း ဘာဖြစ်နေတာလဲ ဖန့်ဝါတန်ရူး"

သူ့ရဲ့မေးခွန်းအဆုံးမှာ ဖန့်ဝါတန်ရူး ဆိုတဲ့ အဲဒီ မိန်းကလေးဟာ တော်တော်လေး ထိတ်လန့်တုန်လှုပ်သွားပုံရလေသည်။ ပုံစံက တွန့်ခနဲ ဖြစ်သွား၍ မှိုင်းတိမှိုင်းတိုင် မျက်ဝန်းတွေဖြင့် ပြန်ကြည့်ကာ ...

"ဘာ ... ဘာလဲဟင် ... ဘော့စ်"

"မင်း တစ်ခုခု ဖြစ်နေတယ်ဆိုတာ အသေအချာပဲ။ ဘာ ဖြစ်နေတာလဲ ... ပြော"

"ဘာမှ မဖြစ်ပါဘူး ဘော့စ်။ ခေါင်းထဲ နည်းနည်းနောက် နေလို့ပါ"

မဟုတ်သေးပါဘူး။ ဖန့်ဝါတန်ရူးဟာ အမြဲတမ်း တက်ကြွနေတတ်တဲ့ သူပါ။ အခုပုံစံက ညှောင်နာနာနဲ့ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

မမဘုံ ...

စာအုပ်တွေတိုင်းရဲ့ အမာခံပရိသတ်တစ်ဦးပါ။ မမဘုံကို ဝိုင်း အရမ်းအားကျမိတယ်။ မမဘုံက ချောလည်း ချောတယ်။ စာရေးလည်း တအားကောင်းတော့ တကယ်အားကျ အတုယူမိတယ်။ ဝိုင်းကလည်း မမဘုံလို စာရေးဆရာမ ဖြစ်ချင်တာလေ။ မမဘုံရဲ့ စာအုပ်တွေထဲက ဇာတ်ကောင်မင်းသမီးလေးတွေရဲ့ ထက်မြက်မှုလေးတွေကို သဘောကျမိတယ်။ အမြဲဖတ်ရှုအားပေးနေတာပါ မမရေ။

မမ စာတွေတိုင်းကို ဒီထက်ပိုပြီးလန်းအောင် ဖန်တီးရေးသားနိုင်ပါစေ။

ထာဝစဉ်အားပေးနေပါ့မယ် ...

**မြမှုန်မှုန် (ဝိုင်း)**
ကြာဥယျာဉ်ရွာ၊ စဉ့်ကူမြို့နယ်
မန္တလေးမြို့။



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

ဆရာမမယ်မင်းရေ ...

မင်္ဂလာပါနော်။ မျိုးက မယ်မင်းရဲ့ "သံဝန်တို မင်္ဂလာကြီး"ဝတ္ထုလေးကို မနေ့ကပဲ ဖတ်လို့ပြီးတယ်။ သဘာဝကျတဲ့ ယုတ္တိရှိရှိ ဇာတ်အိမ်ခိုင်မာမှုနဲ့ ဖတ်ရတာမို့ တကယ်ပဲ သဘောကျမိပါတယ်။ မယ်မင်း နောက်လတွေမှာလည်း ပိုကောင်းတဲ့ ဇာတ်လမ်းတွေကို မျှော်နေမယ်။

**မျိုးပပအေး**
အမှတ်(၈+၉)၊ ဗောဓိကုန်းရပ်
တိုက်ကြီးမြို့။

www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတဲ့ပုံကလည်း စိတ်မပါ လက်မပါပုံစံ ဖြစ်နေတာကြောင့် သူက အဲ့တစ်ယောက်ကို အကဲတော့ ခတ်ကြည့်နေမိ၏။

"ဖန့်ဝါရေ ... ဧည့်သည် ရောက်နေတယ်"

ပွင့်သစ်က လာပြောတာကြောင့် ဖန့်ဝါက မေးဆတ်ပြလိုက်ကာ ...

"ဘယ်သူလဲဟင် ပွင့်သစ်"

"ကိုမြနေထက်"

"ဟင်"

ဖန့်ဝါတန်ခူးဟာ အထိတ်တလန့်ဖြင့် ဟင်,ခနဲ ထအော်ကာ သူ ဆောင်မှာရှိနေတာကို သတိထားမိပြီး ကိုယ်ရှိန် ပြန်သပ်ကာ သူ့ကို မဝံ့မရဲ လှမ်းကြည့်ရင်း ...

"ဆောရီး ... ခဏလေး ခွင့်ပြုပါနော်"

"အင်း ... သွားလေ"

သူက ခေါင်းညိတ်ပြကာ ခွင့်ပြုလိုက်လျှင် ဖန့်ဝါက သူမသူငယ်ချင်း ပွင့်သစ်နဲ့အတူ ခပ်သွက်သွက် ထွက်သွားလေ၏။





သူက လိုက်ကာလေးကို အသာလှပ်ကာ အပြင်က ရောက်လာတယ်ဆိုတဲ့ ဖန့်ဝါတန်ခူးရဲ့ ဧည့်သည်ကို လှမ်းကြည့်လိုက်သည်။ အမျိုးသားတစ်ယောက်ဖြစ်ကာ ပုံစံကတော့ တကယ့် Gent ဖြစ်တဲ့ ပုံဖြစ်၏။ အသားဖြူဖြူ အရပ်မြင့်မြင့်ဖြင့် သူ့ထက်တော့ အသက်ကြီးဟန်ပုံ ပေါက်သည်။ အထူးခြားဆုံးကတော့ အဲဒီအမျိုးသားရဲ့ မျက်နှာထားပဲ ဖြစ်၏။ သူ့ရဲ့မျက်နှာထားဟာ တင်းထန် ခက်မာနေတာပဲ ဖြစ်သည်။

ထင်းလင်းက လိုက်ကာ အသာဖွင့်ကာ အခြေအနေကို လှမ်း၍ အကဲခတ်နေမိသည်။ သူ့ကို နောက်ကျောခိုင်း အနေအထားဖြင့် ရပ်နေသော ဖန့်ဝါတန်ခူးက အဲဒီမျက်နှာထားတင်းတင်းဘဲကြီးနှင့် ဘာတွေပြောနေသလဲ ဘယ်လိုများ ပတ်သက်မှုတွေများ ရှိနေမလဲ ဆိုတာ သူက လှမ်းကြည့်ရင်းက စိတ်ဝင်စားလာမိသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com







"ဖန့်ဝါ ... ကိုယ်တို့ စကားအေးဆေး ပြောချင်တယ်။ မင်း လိုက်ခဲ့"

ဖန့်ဝါက ဒီအချိန်ထက်ထိကို လေသံမာဖြင့် ပြောဆို ဆက်ဆံနေတဲ့ ကိုကြီးကို တကယ်ပဲ ပို့ပိုစိတ်နာလာမိသည်။ သူဟာ တစ်သက်လုံး ဖန့်ဝါကိုဆို အမြဲတမ်း အနိုင်ယူလို့ ရမယ် လို့ပဲ သတ်မှတ်ထားပုံပေါ်သည်။

ဖန့်ဝါကို ဆယ်ရက်လောက် ဖုန်းဖြင့်သာ ဆက်သွယ်ပြီး လုံးဝဆက်သွယ်လို့ မရတော့မှ ရုံးအထိ လိုက်လာကာ ရောက်လာပြန်တော့လည်း ပြောတဲ့ပုံက အကြောကြီးနဲ့။ ဖန့်ဝါက ခပ်အေးအေး လေသံဖြင့်ပင် သူ့ကို ပြန်ဖြေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ အလုပ်ချိန်။ လိုက်လို့မရဘူး"

"ဖန့်ဝါ ... ကိုယ့်ကို စိတ်တိုအောင် လာလုပ်မနေနဲ့။ ကိုယ် မင်းကို ဒီလောက်အထိ ဆက်သွယ်နေတာတောင် မင်း ဘာကိစ္စ ကိုယ့်ကို စကားပြန်မပြောရတာလဲ။ မင်းကို ကိုယ် စကားအေးဆေးပြောမှ ဖြစ်တော့မယ်။ ကိုယ်နဲ့ အခု လိုက်ခဲ့ပါ ဝါ"

"ပြောပြီးပြီလေ။ ဒါ အလုပ်ချိန်။ လိုက်လို့ မရဘူး"

"ဟား ... မင်းတို့က အလုပ်လုပ်နေတာမှ မဟုတ်တာ။ အပျော်ရှာဖို့ လုပ်နေတာဟာ။ ဖန့်ဝါ ... ကိုယ့်ကို မင်း ကန့်လန့်လာတိုက်မနေနဲ့။ လာ ... အခု"

ဖန့်ဝါရဲ့လက်ကို ဆတ်ခနဲ လှမ်းဆွဲတာမို့ ဖန့်ဝါက ရုံးကလူတွေရှေ့ ဖြစ်နေတာကြောင့် ရှက်စိတ်က ဝုန်းခနဲ ဝင်ချလာကာ ကိုကြီး ကိုင်ဆွဲလိုက်တဲ့လက်ကို ရုန်းဖယ်ပစ်ရင်း ...

"ကိုကြီး ... အဲဒီလို မလုပ်ပါနဲ့။ ဖန့်ဝါရဲ့ဂုဏ်သိက္ခာကို ငဲ့ကွက်သောအားဖြင့် ပြန်သွားပေးပါ"





"ဟား ... မင်းက ကိုယ့်ကိုတောင် နှင်နေပြီပေါ့။ ဖန့်ဝါ ဒီလိုနဲ့ ပြတ်ပြီလို့ မင်း ထင်မနေနဲ့။ မင်းကို ကိုယ်က ဒီအတိုင်း ထားခဲ့မယ်လို့များ မင်း ထင်နေလို့လား ... လာခဲ့"

ကိုကြီးက ဒေါသတွေထွက်ကာ အကြီးကြီးပေါက်ကွဲ၍ ဖန့်ဝါလက်ကို ကျစ်ကျစ်ပါအောင် ဖမ်းဆုပ်ကိုင်ကာ အပြင်ကို ဇွတ်အတင်း ဆွဲခေါ်ချိန်မှာ ဖန့်ဝါရဲ့ နောက်ထပ်လက်တစ်ဖက် နွေးထွေးသော ဆုပ်ကိုင်မှု အထိအတွေ့ တစ်ခုကို ခံစားရကာ ဖန့်ဝါဟာ အားကိုးတကြီး ကြည့်မိလိုက်လျှင် ဖန့်ဝါရဲ့လက်တစ်ဖက်ကို လှမ်းကိုင်လိုက်သူဟာ ဘော့စ် ဖြစ်၏။

"ဒါ ကျွန်တော့်ရဲ့ဝန်ထမ်း။ အလုပ်ချိန်မှာ ခင်ဗျား ဒီ အပြုအမူမျိုးနဲ့ ခေါ်သွားလို့ မရဘူး"

ဖန့်ဝါဟာ ကိုကြီးနဲ့ ဘော့စ်ရဲ့အလယ်မှာ ရှိနေကာ ဘော့စ် ပြောလိုက်တဲ့ စကားကြောင့် ကိုကြီးရဲ့အာရုံက ဘော့စ်ဆီ ရောက်လို့သွားကာ ဘော့စ်ကို စူးစူးစိုက်စိုက် ကြည့်ရင်းက...



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကိုယ်လက်ထပ်မယ့် ဇနီးလောင်း။ သူ့ကို ခေါ်သွား ပိုင်ခွင့်ရှိတယ်။ မင်းက ဒီက ဘာလဲ"

"ဖန့်ဝါတန်ရူးရဲ့ အလုပ်ရှင်။ ဒီအလုပ်ချိန်မှာ သူ ဘယ်ကိုမှ သွားလို့မရဘူး"

"ဒီနေ့ကစပြီး သူ ဒီအလုပ်က ထွက်တယ်"

"ကိုကြီး"

ဖန့်ပါက အလန့်တကြား တားမြစ်လိုက်ချိန်မှာ ဘော့စ် ရဲရဲတင်းတင်းပင် ဖန့်ဝါရဲ့လက်တစ်ဖက်ကို ပိုတောင်ခပ်တင်းတင်း ဖျစ်ညှစ်လိုက်ကာ ...

"ကျွန်တော်ကလည်း လုံးဝခွင့်မပြုနိုင်ဘူး။ ဖန့်ဝါတန်ရူးဟာ ကျုပ်ရဲ့ စက္ကထရီ။ သူ့သဘောနဲ့ ဆိုရင်တောင် ချက်ချင်း အလုပ်ထွက်လို့ မရဘူး။ နောက်ပြီးတော့ အခုဟာက ဖန့်ဝါ ကိုယ်တိုင်ကိုက ခင်ဗျားနောက်ကို မလိုက်ချင်တာလေ။ ကျွန်တော့် ဝန်ထမ်းကို ဒီလိုနှောင့်ယှက်ဖို့ ခွင့်မပြုနိုင်ဘူး"





"မင်း"

"ဘော့စ်"

ကိုကြီးက ဒေါသမထိန်းနိုင်စွာဖြင့် ဘော့စ်ကို ထိုးတော့မယ့်ဟန်ဖြင့် ရှေ့တိုးလာလျှင် ဖန့်ဝါကလည်း ကိုကြီးကို အသည်းအသန် တားရလျှင် အားလုံးက ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်ကာ ဝန်ထမ်းတွေကလည်း ဘော့စ်အနား ဝိုင်းလို့လာ၏။

"ဖန့်ဝါ ... မင်းကြောင့် ငါ ဂုဏ်သိက္ခာတွေ တော်တော့်ကို ကျဆင်းနေရပြီ။ မင်း ငါနဲ့ အခု ပြန်လိုက်ခဲ့။ မင်း အမေ မရှိတုန်းမှာ ငါ့စကားကို မင်း နားထောင်ရမယ်။ ငါနဲ့ အခုချက်ချင်း ပြန်လိုက်ခဲ့ ... လာ"

ဖန့်ဝါက အရမ်းကို အတ္တဆန်နေသော ကိုကြီးရဲ့ ပေါက်ကွဲမှုတွေကို အရမ်းပဲ စိတ်ပျက်မိသလို ဖန့်ဝါအတွက်လည်း တကယ်ကို အရှက်ရစေတဲ့ အဖြစ်အပျက်ပဲ ဖြစ်ရလေသည်။ စိတ်ထဲမှာ ရှက်ရွံ့တာကော နာကြည်းတာတွေပါ ရောပေါင်းကာ ကိုကြီးရဲ့လက်တွေကို ရုန်းဖယ်ဆောင့်တွန်းရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ။ ဒီလောက်နဲ့ပဲ ရပ်လိုက်ပါတော့။ ဒီအထိကို တကူးတကလာပြီး အနိုင်ယူနေတဲ့ ကိုကြီးရဲ့စိတ်ကို ဖန့်ဝါ အရမ်းကြောက်သွားပြီ။ ကျွန်မဘဝကို ကျွန်မပဲ ပိုင်တယ်။ ဘာမှ ခြယ်လှယ်ဖို့ မစဉ်းစားပါနဲ့။ ဒီအထိလာပြီး နှောင့်*ယှက်တာကိုက* ရှင် သိပ်လွန်သွားပြီ။ ထွက်သွား"

"ဖန့် ... ဝါ"

ဖန့်ဝါက စိတ်ထဲမှာ ရှက်ရွံ့စိတ်တစ်ခုသာရှိ၍ မျက်စိစုံမှိတ်ကာ စုံကန် ပြောနေမိသည်။ ကိုကြီး တစ်ယောက်ဟာ လူပုံအလယ်မှာ သူ့ကို အဲဒီလို ပြောလိမ့်မယ်လည်း ထင်ထားပုံမရတာကြောင့် ဖန့်ဝါကို ဒေါသတကြီးဖြင့် တောက်ခေါက်ကာ ဝုန်းခနဲ ထွက်သွားလေသည်။ ဖန့်ဝါက စိတ်တွေ ဆင်းရဲလွန်းလှစွာ မျက်ရည်တွေ ကျလာတော့သည်။

"ဖန့်ဝါ ... မင်းကို ငါတို့အားလုံး နားလည်ပါတယ်။ ငါတို့ကို တောင်းပန်ဖို့ မလိုဘူး။ ကိုယ့်ကိုယ်ကိုယ် relax လုပ်ပါ ဖန့်ဝါတန်ရူး"





ဘော့စ်က ဖန့်ဝါကို ခပ်တိုးတိုး လေသံဖြင့် ပြောသွားကာ ထွက်သွားလေသည်။ ပွင့်သစ်က ချက်ချင်းဆိုသလိုပင် ဖန့်ဝါဘေးနား ရောက်လာကာ ဖန့်ဝါရဲ့ပခုံးတွေကို ခပ်တင်းတင်း ဖက်လိုက်ရင်း ...

"ဖန့်ဝါ ... နင် အဆင်ပြေပါတယ်နော်"

ပွင့်သစ်ရဲ့ စိုးရိမ်တကြီး မေးခွန်းအတွက် ဖန့်ဝါက မျက်ရည်စက်တွေကြားထဲက ခေါင်းတစ်ချက်တော့ ညိတ်ပြလိုက်သည်။ ရင်ထဲမှာ သိပ်ပြီးနာလာတာတွေ များတဲ့အခါမှာတော့ ချစ်တဲ့စိတ်ဆိုတာ ခဏတော့ ကွယ်ပျောက်သွားလေသည်။

ကိုကြီး အရမ်းလွန်တယ်။ အရာရာကို ချုပ်ကိုင်ဖို့ ဖန့်ဝါကို အနိုင်ယူတယ်။ ဖန့်ဝါက ရင်ထဲမကောင်းစွာ မျက်ရည်စတချို့ကို ပွတ်သုတ်လိုက်တော့သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com







## (၁၀)

ဖန့်ဝါရဲ့နှာခေါင်းက ကြိုင်ကြိုင်မွှေးနေတဲ့ အနံ့ကို ရှူရှိုက်မိသွားလျှင် မျက်လုံးတွေ မှိတ်ထားသော်လည်း ရင်ထဲထိတောင် အေးသွားသလို ခံစားမိလေသည်။ ဒီအနံ့ ... ဒီအနံ့ဟာ။ ဖန့်ဝါက တဝကြီး ရှူရှိုက်လိုက်ရင်းက မှိတ်ထားတဲ့ မျက်ဝန်းတွေကို ဖြည်းဖြည်းချင်း ဖွင့်လိုက်မိသည်။ ပိတောက် ...။ ဒါဟာ ပိတောက်နံ့ပဲ။

ဖန့်ဝါက အိပ်ရာကနေ ဆတ်ခနဲ ထထိုင်လိုက်ကာ နှာခေါင်းထဲမှာ သင်းပျံ့မွှေးနေအောင် အီလှတဲ့ ပိတောက်နံ့



www.burmeseclassic.com

www.burmeseclassic.com



တွေကို တဝရှုရှိုက်လိုက်သည်။ အခုမှပဲ သင်္ကြန်ဆိုတဲ့ အငွေ့အသက်ကို ခံစားလိုက်ရသလို ဖြစ်သည်။ ဒီလှိုင်လှိုင်မွှေးနေတဲ့ ပိတောက်နံ့က ဘယ်က ရတာပါလိမ့်။ ဖန့်ဝါက မျက်နှာတောင် မသစ်နိုင်သေးဘဲ ချက်ချင်းကို အခန်းထဲကနေ ထွက်လာခဲ့မိသည်။ မမအေး ပိတောက်ပန်းတွေ ဝယ်လာတယ် ထင်တယ်။

ဖန့်ဝါက အိပ်ခန်းတံခါး ဆွဲဖွင့်လိုက်တာနှင့် ဖောင်းဒိုင်းဆိုတဲ့ အသံနှင့်အတူ ဖန့်ဝါရဲ့ခေါင်းထက်မှာ နှင်းမှုန်တွေ ရောင်စုံကြိုးတွေ ကျလာကာ လုံးဝကို ဆပ်ပ်ပရိုက်စ် ဖြစ်ရလေသည်။ ဖန့် ... ဖန့်ဝါ အဲဒါ အိပ်မက် မက်နေတာမျိုးတော့ မဟုတ်ပါဘူးနော်။

ဖန့်ဝါရဲ့ရှေ့မှာ ရုံးကဝန်ထမ်းတွေ လူစုံတက်စုံ ရှိနေကြပြီး အဲဒီဝန်ထမ်းတွေရဲ့ အလယ်တည့်တည့်မှာတော့ စားပွဲဝိုင်းကြီးတစ်ခု ရှိနေကာ အဲဒီစားပွဲဝိုင်းကြီး ပေါ်မှာတော့ ပိတောက်တွေဟာ ဖွေးဖွေးလှုပ်နေ၍ ပိတောက်ရဲ့ အိစိမ့်နေတဲ့ မွှေးရနံ့တွေနဲ့အတူ အပြုံးတွေ ဝေနေသော မျက်နှာထားဖြင့်





ဘော့စ်ကိုပါ မြင်တွေ့လိုက်ရလျှင် ဖန့်ဝါဟာ အံ့သြလွန်း၍ ဘာမှကို မပြောနိုင်ချေ။

"ဆပ်ပရိုက်စ် ... ဖန့်ဝါလေး။ ဒီမှာ ကိတ်မုန့်လေး မီးလာမှုတ်လိုက်ပါဦး"

မမအေးက ဖန့်ဝါရဲ့လက်ကို ဆွဲခေါ်ကာ ကိတ်မုန့်ကို မီးမှုတ်ခိုင်းလျှင် ဖန့်ဝါက တအံ့တသြ ဖြစ်ပြီးရင်းကို ဖြစ်ရတာပဲ ဖြစ်သည်။

"မမအေး ... ဒါ ... ဒါက ဘာဖြစ်လို့လဲဟင်"

"ဘတ်ဒေးအကြိုလေ။ မနက်ဖြန် သင်္ကြန်အကြိုနေ့က မင်းရဲ့မွေးနေ့မှလား ဖန့်ဝါတန်ရူး။ ကိုယ့်ရဲ့စက္ကူထရိကို ဘတ်ဒေး တစ်ရက်စောပြီး လုပ်ပေးတာလေ။ ကဲပါ ... ဖယောင်းတိုင်မီး လာမှုတ်ဦး။ မင်းအတွက် စပါယ်ရှယ် ကိတ်ကို စီစဉ်ထားတာနော်။ လာကြည့်ဦး"

ဘော့စ်က တက်ကြွရွှင်လန်းစွာ လှမ်းပြောလိုက်လျှင်တော့ ဖန့်ဝါဟာ ပါးစပ်အဟောင်းသား ဖြစ်ရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကို ရှော့ခ်လ်က အကြီးကြီး ရသွားရလေသည်။ ဒါဟာ ဖန့်ဝါ အတွက် စီစဉ်ပေးတဲ့ ဘတ်ဒေးအကြိုပါတဲ့။

ဖန့်ဝါက တရွေ့ရွေ့ဖြင့် စားပွဲဝိုင်းကြီးပေါ်မှာရှိတဲ့ ပိတောက်ပန်းအိုးတွေကြားမှာ လင်းလက်စွာရှိနေ တဲ့ ဘတ်ဒေးကိတ်ကို အရင်ဆုံး ဖယောင်းတိုင်မီး မှုတ်လိုက်သည်။ အားလုံးရဲ့ လက်ခုပ်သံအဆုံးမှာ ဖန့်ဝါက ခွဲရမယ့် ဘတ်ဒေးကိတ်ကို ကြည့်လိုက်မိသည်။

ဟယ် ... တော်။

ဖန့်ဝါအတွက် စီစဉ်ထားတဲ့ ဘတ်ဒေးကိတ်က ပိတောက်ပန်းပုံစံ ခရင်မ်ဆင်ထားပြီး အရမ်း ကိုကြည့်လို့လှပတဲ့ မြင်တာနဲ့ စားချင်စဖွယ် ဖြစ်နေတဲ့ ဘတ်ဒေးကိတ် ဖြစ်သည်။ ဖန့်ဝါက အံ့သြပျော်ရွှင်လွန်းလှစွာ ဖန့်ဝါကို ပြုံးပြီးကြည့်နေတဲ့ ဘော့စ်ကို ကြည့်မိသွားသည်။

"ဘော့စ်"





"ဒီကိတ် မုန့်က မင်း ဘတ်ဒေးအတွက် စပါယ်ရှယ်စီစဉ် ထားတာနော်။ ဘယ်လိုလဲ ... ကြိုက်တယ်မှလား ဖန့်ဝါ တန်ရှု :"

ဘော့စ်ဟာ ထင်ထားတာတွေထက်တောင် ပို၍ သဘောကောင်း မနော‌ကောင်း ရှိနေသေးကာ ဖန့်ဝါအတွက်ကို အခုလိုမျိုး ဝမ်းအံ့တသြ ဖြစ်သွားရလောက်သည်အထိ စေတနာ ကောင်း ပေးနိုင်လိမ့်မယ်လို့တော့ မျှော်တောင် မမျှော်လင့်မိခဲ့ချေ။

"ဘော့စ် ... ကျေးဇူးအများကြီး တင်ပါတယ်"

"ကျေးဇူးတင်ဖို့ မလိုပါဘူးကွာ။ ကိုယ် ပြောပြီးပြီပဲ။ ကိုယ့်ဝန်ထမ်းတွေ ပျော်ဖို့က အဓိကပါဆို။ ဒီသကြိန်မှာ ဘယ်သူတစ်ယောက်ယောက်ကိုမှ စိတ်မညစ်စေချင်ဘူး"

ဖန့်ဝါက ကိုယ့်အပေါ် စေတနာတွေများစွာ ထား ကြသည့် ဘော့စ်နှင့် ဖန့်ဝါရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို တကယ် ကိုပဲ ကျေးဇူးတင်စွာဖြင့် မျက်ရည်တွေပင် လည်လာမိသည်။ ကိုယ့်ကို အနိုင်ယူဖို့ပဲသိပြီး ကိုယ့်အပေါ် မကောင်းတဲ့ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဖန့်ဝါ ငိုကြီးချက်မနဲ့ ခံစားနေရချိန်မှာ ဖန့်ဝါဘေးမှာ အား ပေးဖော် မိတ်ဆွေကောင်းတွေမှ တစ်ပုံကြီးပင် ဖြစ်သည်။

"တကယ်ကို ကျေးဇူးအများကြီးတင်ပါတယ် ဘော့စ်။ အားလုံးကိုလည်း ဖန့်ဝါ ကျေးဇူးတင်ပါတယ်"

"ကဲပါ … ကျေးဇူးတင်တယ်ဆိုရင် ကိတ်လေး မြန်မြန် လှီးလိုက်။ ပြီးရင် အားလုံး မဏ္ဍပ် ဌဝ မယ်။ မနက်ဖြန်အတွက် ဘာတွေလိုအပ်ဦးမလဲ စီစဉ်စရာရှိတာ သွားစီစဉ်ရမယ်။ ဖန့်ဝါရဲ့မွေးနေ့အစစ်ကိုတော့ မဏ္ဍပ်မှာပဲ ကျင်းပလိုက်တာပေါ့။ အိုကေရဲ့လား"

အားလုံးက လက်ခုပ်တီးကာ သဘောတကျ အားပေးကြလျှင် ဖန့်ဝါကလည်း ရင်ထဲမှာ အရှင်ဓာတ်လေးက အလိုလို ရောက်လို့လာကာ နည်းနည်းလေး လှုပ်လှုပ်ရွရွတော့ ဖြစ်လာကာ ကိတ်မုန့်လှီးလိုက်သည်။ ဖန့်ဝါ ကိတ်ခွဲကာ အားလုံးကို ခွဲကျွေးဖို့အတွက် ပန်းကန်ထဲထည့်ကာ အရင်ဆုံးခွဲ့ဖို့အတွက် ဘော့စ်ဆီလာလျှင် ဘော့စ်က ခေါင်းအသာယမ်းပြရင်း …





"No … No … ကြီးစဉ်ငယ်လိုက်ပဲ။ ကိုကျော်ဇင်ကြီးက အားလုံးထဲမှာ အသက်အကြီးဆုံးဆိုတော့ ကိုကျော်ဇင်က စ"

"ဟား … ဘော့စ်ကတော့ ဖွဲ့ပြီဗျာ"

"ကဲပါ … ဂျာကြီးရယ်။ ရှက်မနေပါနဲ့တော့။ ဟ,လိုက်တော့။ ဟ,လိုက်တော့။ ကဲ … ကဲ … ဖန့်ဝါ ခွံ့လိုက်တော့လေ"

ဖန့်ဝါက အားလုံးနဲ့ရောကာ ပျော်နေပြီး ဂျာကြီးကို ကိတ်မုန့်ခွံ့လိုက်သည်။ ပြီးရင်တော့ အားလုံးကို တစ်ခွန်းစီလိုက်ခွံ့ကာ နောက်ဆုံးအလှည့်ကတော့ ဘော့စ်အလှည့် ဖြစ်၏။ ဘော့စ်က ကုမ္ပဏီရဲ့ ဘော့စ်ဆိုပေမယ့် အသက်အရွယ်ကကျတော့ ဖန့်ဝါထက် လပိုင်းလောက်ပဲ ကြီးတယ်ဟု ကြားဖူးထားသည်။

"ဘော့စ်"

"အင်း … ကိတ်ကတော့ တော်တော်စားကောင်းမယ့်ပုံပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



ဖန့်ဝါက ဘော့စ်ကို ကိတ်မုန့်ခွဲ့ကျွေးလိုက်၏။ ဘာပဲဖြစ်ဖြစ် စိတ်ထဲမှာ လန်းလန်းဆန်းဆန်း ရှိနေတာတော့ အမှန်ပဲ ဖြစ်သည်။

"ဘော့စ် ... ဘော့စ်ကလည်း မွေးနေ့ရှင်ကို ခွံ့ကျွေးလိုက်ဦးလေ တစ်လှည့်"

"ဟုတ်သားပဲ ... ဘော့စ်ရဲ့။ ဘော့စ်ကလည်း တစ်လှည့်ပြန်ခွံ့လိုက်ဦးလေ"

အားလုံးက အချွန်နဲ့ မ,ကြလျှင် ဘော့စ်က အပြုံးတစ်ခုနဲ့အတူ ဖန့်ဝါလက်ထဲက ပန်းကန်ကိုယူကာ ဖန့်ဝါကို ကိတ်မုန့်ခွံ့ကျွေးဖို့ ပြင်၏။

"ကဲ ... ရော့ ... မွေးနေ့ရှင်"

ဖန့်ဝါကို ကြည်ကြည်နူးနူးဖြင့် ခွံ့ကျွေးတော့မယ့် ဘော့စ်ကိုကြည့်ကာ စိတ်ထဲမှာ ဖျတ်ခနဲ ကိုကြီးကို သတိရမိသွားသည်။ ကိုကြီးသာ အဲဒီလိုမျိုးလေးဆို ဘယ်လောက်ပျော်ရွှင်ဖို့ကောင်းလိုက်မလဲ။



"ဟေး ... ဘာကြည့်နေတာလဲ"

ဘော့စ်က ထပ်သတိပေးလိုက်တော့မှ ဖန့်ဝါက သတိပြန်ဝင်ကာ ဘော့စ်ခွံ့ကျွေးတဲ့ကိတ်ကို စားဖို့ ပါးစပ်အဟမှာ ဖျတ်ခနဲ သတိရမိသွားတာကြောင့် ချက်ချင်းပဲ လှုပ်လှုပ်ရှားရှား ဖြစ်လာကာ ...

"ဘော့စ် ... ခဏလေး။ ဖန့်ဝါ အိပ်ရာက ချက်ချင်းထလာတာ။ ခဏလေးနော်။ မျက်နှာလေး သွားသစ်လိုက်ဦးမယ်"

"ဟမ်"

"ဟား ဟား ... ဟား ဟား ... ဖန့်ဝါ တစ်ယောက် ဂတော့ ဖြစ်ရမယ်ကွာ"

ဘော့စ်က ဖန့်ဝါရဲ့ခေါင်းကို ဆတ်ခနဲ ထုလိုက်ရင်း သဘောတကျ ပြောလိုက်ချိန်မှာ အဖြစ်အပျက်က တအားမြန်ဆန်ကာ အိမ်ရှေ့အဝကနေ "ဖန့်ဝါ"ဆိုတဲ့ ခေါ်သံနက်တစ်ခုက စည်ခနဲ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန့်ဝါက လှည့်အကြည့်မှာ ဖန့်ဝါဟာ "ကိုကြီး"ဆိုတဲ့ အခေါ်ကိုတောင် မခေါ်နိုင်ခင်မှာ ကိုကြီးဟာ တစ်ရှိန်ထိုး ဖန့်ဝါတို့ဆီကို ပြေးလာ၍ လုံးဝ မထင်မှတ်မထားစွာသော အပြုအမူကို လုပ်လိုက်တာဖြစ်သည်။

အဖြစ်အပျက်ဟာ အရမ်းကို မြန်ဆန်လွန်းနေတာကြောင့် ဖန့်ဝါတို့လည်း လှမ်းဆွဲချိန် မရလိုက်ဘဲ ဖန့်ဝါတို့အမီ လှမ်းဆွဲချိန်မှာတော့ ကိုကြီးက ဘော့စ်ကို ဆွဲထိုးပြီးသွားပြီဖြစ်သည်။

ကိုကြီး အဲဒီလို လုပ်လိမ့်မယ်လို့လည်း ဖန့်ဝါ ထင်မှတ်မထားတာကြောင့် ဖန့်ဝါမှာ အံ့အားသင့်ရစဉ်မှာ ဘော့စ်ကလည်း ဒေါသတကြီး ပေါက်ကွဲတော့တာ ဖြစ်သည်။

"တောက် … မင်းကများ ငါ့ကို … ကဲကွာ"

"ဟော့ကောင်"

"ဘော့စ် … မလုပ်ပါနဲ့။ ဘော့စ် … ဟဲ့ … ဖန့်ဝါ … ကိုမြနေကို ခေါ်သွားလေ"





ဘော့စ်နဲ့ ကိုကြီးက တစ်ယောက်ကို တစ်ယောက် ရန်ဆောင်၍ ထိုးမယ် ကြိတ်မယ်တွေ ဖြစ်ကုန်ကြတာမို့ အားလုံးက ဘော့စ်နဲ့ ကိုကြီးကို လူစုခွဲကာ အတင်းပဲ ကိုကြီးကို အပြင်ထုတ်သွားနိုင်းလျှင် ဖန့်ဝါကပဲ ကိုကြီးကို အတင်း အပြင်ဆွဲခေါ်လာကာ ခြံထဲရောက်မှ ပြဿနာက ရှင်းရတော့တာ ဖြစ်သည်။

"ဘာလုပ်တာလဲ ကိုကြီး။ ရှင် ဘာဖြစ်လို့ အဲဒီလောက် အထိ ဖြစ်နေတာလဲ"

"ဟား … မင်းရဲ့ဘော့စ်ဆိုတဲ့ကောင်က မင်းကို ကြာကူလီရိုက်နေတာကို ငါက ဒီတိုင်း ထိုင်ကြည့်နေရမှာလား"

"တော်တော့ … ရှင် တအားလွန်နေပြီ။ ဖန့်ဝါတို့ ဘယ်လိုမှ ညှိနှိုင်းလို့ မရတော့ဘူးဆိုတာကို ရှင် သိရက်နဲ့ ဖန့်ဝါဆီကို လာပြီး ဒုက္ခလာပေးနေတာ။ ဘော့စ်ကို ရှင် ဘာမှပြောဖို့ တိုက်ခိုက်ဖို့ အကြောင်းမရှိဘူး"

"ဘာလို့ မရှိရမှာလဲ။ မင်းက ငါယူမယ့် မိန်းမ။ မင်းနဲ့ ပတ်သက်ပြီး ငါ့မှာ အရာရာ တာဝန်ရှိတယ်။ မင်း ဒီအိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း နေစရာ အကြောင်းမရှိဘူး ဖန့်ဝါတန်ရှူး။ ငါနဲ့ အိမ်လိုက်ခဲ့"

ဒီအချိန်ထက်ထိတောင် ခေါင်းနိုက်နေတဲ့ မာနတွေက လုံးဝလျှော့မချသေးဘဲ ဖန့်ဝါကို လွှမ်းမိုးချင်နေတဲ့ ကိုကြီးရဲ့ အဲဒီစိတ်တွေကို ဖန့်ဝါဟာ တစိမ့်စိမ့် နာလာရသည်။ ဖန့်ဝါက ခနဲ့တဲ့ အပြုံးတစ်ခုဖြင့် ပြုံးလိုက်ရင်း ...

"ဟင်း ... တာဝန်အပြည့်ရှိတယ်။ ဒီအချိန်မှာ ဒီစကားမှ ပြောဖို့မှ မလိုအပ်တာ။ ရှင့်ရင်ထဲက ဖန့်ဝါအတွက် ဘာ သဘောထားရှိတယ်ဆိုတာ သိပြီးသွားကတည်းက ရှင့်ကို လုံးဝ မေ့ပလိုက်ပြီ"

"မင်း"

"နေဦး။ ကျွန်မပဲ ဆက်ပြောမယ်။ ရှင်ဟာ ကျွန်မရဲ့နှလုံးသားကို အကြိမ်ကြိမ် အခါခါ နာကျင်စေခဲ့တယ်။ ဘယ်တော့မှ အလျှော့ပေးရကောင်းမှန်း မသိခဲ့ဘူး။ ဒီအချိန်မှာ သည်းခံတယ်ဆိုတာ မဖြစ်နိုင်တော့ဘူး ...





သက်ရောက်မှုအတိုင်း တန်ပြန်မှာပဲ။ သကြိန်မှာ မပျော်တတ်တာကို သဘောကျလို့ ရှင် ကျွန်မကို ရွေးချယ်ခဲ့တယ်လို့ ပြောခဲ့တယ်နော်။ ကျွန်မ ရှင့်ကို စိန်ခေါ်တယ်၊ အရာရာ ဆန့်ကျင်ဘက်တွေပဲ ရှင် မြင်ရစေမယ်"

"ဖန့်ဝါ ... ငါ သည်းခံနေတာကို မင်း အကောင်းမှတ်မနေနဲ့။ သကြိန်ကိုလည်း မင်း လည်စရာအကြောင်းမရှိဘူး။ မင်း ငါနဲ့ ပြန်လိုက်ခဲ့။ မနက်ဖြန် မင်းမွေးနေ့ကို အန်တီရှိတဲ့ တရားစခန်းမှာ အလှူသွားလုပ်မယ်။ မင်း ငါနဲ့ ပြန်ကိုပြန်လိုက်ခဲ့ရမယ်။ သကြန်ပြီးတာနဲ့ ငါ မင်းနဲ့လက်ထပ်မယ်"

ကိုကြီးက သူ ဖြစ်ချင်တာတွေကိုပဲ တရစပ်ပြောသွားကာ ဖန့်ဝါရဲ့ပခုံးတွေကို ခ ဘင်းတင်း ဆုပ်ကိုင်လာတာမို့ ဖန့်ဝါက အဲဒီလက်တွေကို ဖယ်ချာရင်း ရုန်းထွက်လိုက်သည်။

ဖန့်ဝါ ရင်ထဲမှာ တကယ်ပဲ နာကျင်နေတာက ပိုနေတာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖွတ်လုပ်နေရင် ဖြစ်လာမယ့် အကျိုးအားလုံးဟာ အဆိုး တွေချည်းပဲနော်။ ရှင် ဖန့်ဝါရင်ထဲက ဒဏ်ရာတွေ နာသထက်နာအောင် ထပ်မလုပ်ပါနဲ့တော့ ...

တရားစခန်းမှာ အေးအေးဆေးဆေး ကုသိုလ်သွား ယူနေတဲ့ မေမေနဲ့ ဘွားဘွားက မမအေးဆီမှာ ဖန့်ဝါကို စိတ်ချလက်ချ ထားခဲ့တာဟာ ရှင် ဖန့်ဝါကို ဘာကြောင့် လက်ထပ်ဖို့ ရွေးခဲ့တယ် ဆိုတာကို သိသွားလို့ပဲ။ ဖန့်ဝါ ကို ဖိအားတွေ ထပ်ပေးလေလေ ဒီထက်ဆိုးကျိုးတွေဖြစ် လေလေ ဆိုတာ ရှင် မမေ့ပါနဲ့။ အေးအေးဆေးဆေးဖြစ် ပါ။ ဖန့်ဝါကို အနှောင့်အယှက် ထပ်မပေးပါနဲ့"

"ဖန့်ဝါတန်ခူး ... မင်းက ငါ့ကို ခြိမ်းခြောက်နေတာလား အခု ငါနဲ့ မင်းပြန်မလိုက်ခဲ့ဘူးပေါ့ ... ဟုတ်လား။ အေး မင်းမလိုက်ဘူးဆို မင်း ဒီသင်္ကြန်မှာ စိတ်အနှောင့်အယှက် တွေ ဖြစ်နေရမှာနော်"





ဖန့်ဝါက နှုတ်ခမ်းဘေးကို တွန့်ချိုးလိုက်ရင်း သိပ် အတ္တကြီးကာ အနိုင်ယူလိုစိတ်တွေ ကြီးမားနေတဲ့ ကိုကြီးကို စိန်ခေါ်ချင်တဲ့ မျက်လုံးတွေဖြင့် ကြည့်လိုက်ကာ သွေးအေးအေးပဲ ပြောလိုက်တော့သည်။

"လုံးဝ မလိုက်ဘူး။ ဒီသင်္ကြန်ကို ပျော်ကို ပျော်ပစ်လိုက် ဦးမှာ"

"တောက် ... မင်း ... ကွာ။ အေး ... သင်္ကြန်ကို အဲဒီ လောက် ချစ်ပြနေတဲ့ မိန်းမကို ငါက သေအောင်မုန်းတယ်။ မင်း ငါ့ရဲ့အမုန်းကို ခံယူဖို့ ပြင်ဆင်ထား ဖန့်ဝါတန်ခူး"

"ဟက် ဟက် ... ရှင်သာ ဒီကနေ အခုထွက်သွားလိုက် တော့"

ကိုကြီးက အရမ်းကို စိတ်ပျက်စရာ ကောင်းလှစွာ ဖန့်ဝါကို နာနာကြည်းကြည်း တောက်တစ်ချက် ခေါက်ကာ ကားဆီသွား၍ ကားကို အကြမ်းပတမ်း မောင်းချကာ ထွက်သွား လေသည်။ ဖန့်ဝါ ရင်ထဲမှာ ဆို့နင့်၍ လှိုက်မောလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါက်ဝကနေ လှမ်းကြည့်နေတဲ့ ဘော့စ်တို့ကို မြင်လိုက်ရလျှင် ဖန့်ဝါ တကယ်ပဲ အားနာမိစွာ ဘော့စ်ကို ကြည့်မိလိုက်သလို စိတ်ထဲမှာလည်း တစ်ခုခုအတွက် လေးလံနေမိသည်။

❋ ❖ ❋

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဗွစ်ရှီ့လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**





13.4.2015. (Monday)

# မဟာသင်္ကြန် အကြိုနေ့

www.burmeseclassic.com

www.burmeseclassic.com







(၁၁)

ထင်းလင်းက သူ့ရဲ့ သကြ်န်နံနက်ခင်းအတွက် သကြ်န်ကို ကြိုဆိုတဲ့ ပိတောက်ပန်းတွေကို မဏ္ဍပ်မှာ ဒီနိုင်းဆင်နိုင်းထားကာ သူ့ရဲ့ဝန်ထမ်းမိသားစုတွေ ပျော်ဖို့ သီးသန့်စီစဉ်ထားတဲ့ ဒီမိသားစုမဏ္ဍပ်ကို ဖွင့်လှစ်ဖို့အတွက် အလန်းဇယားဝတ်ဆင်ပြီး မဏ္ဍပ်ဆီ ထွက်လာတော့မယ့် ဆဲဆဲမှာ ဖုန်းကဝင်လာလေ၏။

သူက ရေစိုခံအိတ်ထဲ ထည့်ထားတဲ့ သူ့ရဲ့ရေစိမ်ခံ Sony Xperia Z ကို ထုတ်လိုက်ကာ Display Name က Daddy



www.burmeseclassic.com

www.burmeseclassic.com



မို့ ထင်းလင်းက မျက်မှောင်တစ်ချက် အရင်ကြုတ်မိပြီးမှ ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"

"Hey ... My Son ... Happy Myanmar Festival. how bout your plan ?"

ဒယ်ဒီ့ရဲ့ ထည်ဝါခန့်ညားတဲ့ အသံဝါဝါကြီးကို သူက ကြားလိုက်ရလျှင် အလိုလို ပြုံးမိသွားပြန်ကာ ...

"ဒယ်ဒီ ဒီမှာ သင်္ကြန်ဆိုတာတော့ သိသားပဲ"

"ဟား ဟား ... ငါ့သားကတော့ကွာ။ facebook ရှိပါတယ်ကွ။ ဒီနှစ်သင်္ကြန် ဘာတွေ hot မလဲဆိုတာကို ဒယ်ဒီ အမြဲ check နေတာပါ။ မင်း မဏ္ဍပ်ဆောက်တဲ့ကိစ္စ ဒယ်ဒီတောင် မသိရပါလားကွ။ မင်း Instagram တင်ထားမှ ဒယ်ဒီ သိရတယ်။ ဘယ်မှာလဲ သား။ ကန်တော်ကြီးလား၊ အင်းလျားလား ... မင်းက Location လည်း on မထားဘူး"





သူ ညက Instagram မှာ မဏ္ဍပ်ပုံကို ဓာတ်ပုံရိုက်ပြီး တင်လိုက်တာကို ဒယ်ဒီ မြင်သွားတာကိုး။ ထင်းလင်းက ကားထဲမဝင်သေးဘဲ အိမ်ရှေ့ဒန်းမှာ ခဏထိုင်လိုက်ရင်း ဒယ်ဒီကို ပြောလိုက်သည်။

"ကျွန်တော် ဒီနှစ်ဆောက်တဲ့ မဏ္ဍပ်က စီးပွားရေးမဏ္ဍပ် မဟုတ်ဘူး ဒယ်ဒီ။ ဒယ်ဒီ့ကုမ္ပဏီရဲ့ လမ်းထိပ်မှာပဲ ဆောက်တာ။ Family မဏ္ဍပ် ...

ဒယ်ဒီ့ဝန်ထမ်းတွေ အဲ ... မဟုတ်ပါဘူး ဆောရီး ကျွန်တော့်ဝန်ထမ်းတွေအတွက် စပါယ်ရှယ် bonus လုပ်ပေးထားတာ။ family မဏ္ဍပ် ဆိုပြီးတော့တော့ အထင်မသေးလိုက်ပါနဲ့နော် ဒယ်ဒီ။ ဓာတ်ပုံတွေ့တယ်မှလား။ ရှယ်နော်။ DJ, Alcohol, Snack bla ... bla အားလုံး ရေမီးစုံတယ်"

"ဘာကွ"

ဒယ်ဒီရဲ့ ဘာကွကို သူက ရယ်မိသွားသည်။ ဒယ်ယက ကြော်ငြာတစ်ခုကိုတောင် သတိရမိသွား၏။ ဒယ်ဒီ သူ့

www.burmeseclassic.com



စကားကြောင့် စိတ်တွေမကြည်ဘူး ဆိုတာ သဘောပေါက်ရကာ ဒယ်ဒီ ဆက်ပြောတဲ့စကားကို သူက သာသာယာယာပဲ နားထောင်လိုက်တော့၏။

“ထင်းလင်း ... သား။ မင်းက မြန်မာပြည်လုပ်ငန်းတွေရဲ့ CEO ဖြစ်ပြီး ဒီလိုနေတာက မကောင်းဘူး။ ဝန်ထမ်းတွေအတွက် ဒီလိုစီစဉ်ပေးတာကို ဒယ်ဒီ လက်ခံပါတယ်။ ဒါပေမဲ့ သားကပါ ရောထွေးပြီး မပါသင့်ဘူး။ မင်း club မှာ party ပေးတဲ့ကိစ္စကို ဒယ်ဒီ ဘာမှမပြောတာ မင်းနဲ့ ဝန်ထမ်းတွေ relationship တစ်ခုရအောင် touch တယ်လို့ ယူဆလိုက်လို့။ ပွဲဆက်တွေ သိပ်များလွန်းနေပြီ သား။ မင်း ပျော်ပွဲတွေ သိပ်လုပ်ပေးလွန်းနေတယ်”

“ဒယ်ဒီပဲ ကျွန်တော့်ကို ဒယ်ဒီ့လုပ်ငန်းတွေ အမွေလွှဲပေးခဲ့ပြီးပြီလေ။ You right ဆို”

“မင်း မှားနေတယ်လို့တော့ ဒယ်ဒီ မဆိုလိုသေးပါဘူး။ ဒါပေမဲ့ မင်းလုပ်နေတဲ့ ပုံစံတွေက ဒယ်ဒီပုံစံသွင်းပေးထား





တဲ့ Work is God ဝန်ထမ်းတွေကို စိတ်ပေါ့အောင် လုပ်နေသလို ဖြစ်နေပြီ။ အပျော်တွေ သိပ်များလာရင် အပျက်တွေ ဖြစ်လာနိုင်တယ် သား”

“ဘာမှ စိတ်မပူပါနဲ့ ဒယ်ဒီရယ်။ ဒယ်ဒီ စိတ်ချလို့ မျက်နှာလွှဲလိုက်တဲ့ ကိစ္စတွေကို ဒယ်ဒီ နောက်ဆံငင်မနေပါနဲ့။ သကြိန်မှာ မဏ္ဍာပ်ထိုင်တာလောက်နဲ့တော့ စိတ်တွေပေါ့မသွားပါဘူး”

“မင့် ဒယ်ဒီ့ကို အရွဲ့တိုက်နေတာလား”

“No ... မတိုက်ပါဘူး။ ဒယ်ဒီ ... ကျွန်တော်လည်း Business နဲ့ ဘွဲ့ရထားတဲ့ ပညာတတ် တစ်ယောက်ပါ။ ကျွန်တော် ကောင်းကောင်းကိုင်တွယ်တတ်ပါတယ်။ စိတ်မပူပါနဲ့။ ဒယ်ဒီ အဆင်ပြေတယ်မှလား”

ထင်းလင်းက စကားလမ်းကြောင်း လွှဲလိုက်ကာ ဒယ်ဒီ့ကို တခြား topic ပြောင်းယူလိုက်သည်။ ဒယ်ဒီ စိတ်မချ ဖြစ်နေပြီဆိုတာ သူ သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ်။ ဒယ်ဒီနဲ့ ဂျူလီ သန်ဘက်ခါလောက် ပဲရစ် သွားဖြစ်မယ်။ သားကိုတောင် Coral (ကော်ရယ်)က သတိရနေတယ်"

"ကျွန်တော်ကတော့ သတိမရပါဘူး။ သူတို့နဲ့ ကိုယ်က လူမျိုးလည်း မတူဘူး။ ခရီးသွားဟန်လွဲဆုံပြီး ကိုယ့်နေရာ ကိုယ် ပြန်နေကြရမှာပဲလေ"

"ကျစ် ... တော်ပြီ။ ဒယ်ဒီတို့ ဒီလောက်နဲ့ စကားစပြတ် ရအောင်။ Take Care သား။ သကြၤန်တွင်း အလွန်အကျွံ သောက်တာတို့ ပျော်ပါးတာတို့ကိုတော့ ရှောင်ပါ"

ဒယ်ဒီက သူ့ရဲ့အထွေအထွေအတွက် စကားစကို သာ ဖြတ်ချလိုက်ခြင်းဖြင့် အဆုံးသတ်လိုက်သည်။ ထင်းလင်းက ဖုန်းလေးကို လက်ထဲမှာ လှည့်ပတ်ကစားရင်း ကိုကျော်ဇင့်ကို ဖုန်းဆက်ပြီး ခိုင်းရမယ့်ကိစ္စကို သတိရသွားကာ ဖုန်းလှမ်းဆက် လိုက်သည်။

"ဟယ်လို ... ကိုကျော်ဇင်။ ခင်ဗျား မကျွှပ်ရောက်နေပြီလား"

"........."





"သြော် ... Ok ... Ok ... စားဖို့ သောက်ဖို့ကိစ္စကို လုံးဝ မလစ်ဟင်းစေနဲ့နော်။ ဘီယာတွေလည်း မလောက်ရင် ထပ်ထုတ်ပေးလိုက် ... ဟုတ်လား။ နောက်ပြီးတော့ ဒီနေ့ ညကျရင် ဖန့်ဝါတန်ရူး မွေးနေ့အတွက် ကျွန်တော်တို့ ရုံးခန်းမှာပဲ ပါတီလေး လုပ်ချင်တယ်။ အဲဒီကိစ္စ ကိုကျော် ဇင် စီစဉ်ပေးပါ။ ည ပါတီလုပ်ကြရင်းနဲ့ မနက်ဖြန် အကျနေ့အတွက်ပါ plan တွေ ဆွဲကြတာ ]"

"ဟုတ် ... ဟုတ်ကဲ့ ဘော့စ်။ ဟို ... ဟိုဟာ"

"ခင်ဗျား ဘာပြောချင်လို့လဲ။ ဘာလိုအပ်လို့လဲ"

"မလိုအပ်ပါဘူး။ ဘော့စ်ကို မေးစရာလေးရှိလို့ပါ။ ဘော့စ် က အဲဒီလို ပါတီတွေ ဘာလို့ ခဏ ခဏ လုပ်နေတာလဲ ဟင်။ ဝန်ထမ်းတွေ အကျင့်ပါသွားမှာစိုးလို့ ကျွန်တော်မေး ရတာပါ"

ထင်းလင်းက ကိုကျော်ဇင်ရဲ့ အဲဒီမေးခွန်းအတွက် ကျေနပ်စွာသော အပြုံးလေးတစ်ခုကို ပြုံးလိုက်ရင်း ဖြေပေးလိုက် လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကျင့်ပါသွားလည်း ဘာဖြစ်လဲဗျာ။ ဒီလို အမြဲတမ်းလုပ်ပေးလိုက်မှာပေါ့။ ကဲပါ ... အဲဒီကိစ္စတွေနဲ့ ခင်ဗျား ခေါင်းစားမနေနဲ့ ကိုကျော်ဖင်။ ခင်ဗျား ခေါင်းစားရမှာက ညနေ ပါတီထပ်လုပ်ဖို့ ခင်ဗျားပဲ စီစဉ်လိုက်တော့နော်"

ထင်းလင်းက ဖုန်းချလိုက်ကာ ကျေနပ်ပျော်ရွှင်စိတ်နဲ့အတူ လေလေးတစ်ချက် ချွန်လိုက်သည်။ သကြန်ကိုကြိုဖို့ သူ့ရဲ့ကားလေးဟာ စက်နှိုးသံလေးနဲ့အတူ ရှေ့ကို ဆက်လက်ချီတက်လာလေသည်။

❋ ❖ ❋





ဖန့်ဝါက ဒီနေ့မှာ တကယ့်မွေးနေ့စစ်စစ်နေ့ကိုရောက်တာမို့ စိတ်ထဲက ညစ်ညူးနောက်ကျိမှုတွေကို သကြန်အကြိုနေ့နဲ့အတူ ရောပါသွားစေဖို့ တိတ်တိတ်လေး ဆုတောင်းရင်း မွေးနေ့အတွက် ဘုရားရှိခိုး၏။ မမအေးတို့ ပွင့်သစ်တို့ မိန်းကလေးတစ်အုပ်စုက မမအေး အိမ်မှာပဲ အိပ်ကြကာ မနက်ကို အစောကြီးထ ပြင်ဆင်ပြီး ရုံးကမဏ္ဍပ်ကို လစ်ကြပြီဖြစ်သည်။ ဖန့်ဝါက မွေးနေ့အတွက် ဘုရားရှိခိုး ကုသိုလ်ပြုပြီး နေ့တစ်ပိုင်း ရေပက်နားမှ လာခဲ့မယ်လို့ ပြောကာ မမအေးတို့ကိုအရင်သွားနှင့်နိုင်းလိုက်သည်။

မွေးနေ့နံနက်ခင်း သကြန်အကြိုနေ့မှာတော့ ဖန့်ဝါက တစ်နှစ်မှ တစ်ခါပွင့်တဲ့ ပေါ်ဦး ပေါ်ဖျား ပိတောက်နန်းသွ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘုရားမှာကပ်ကာ သေသေချာချာလေး အရှိ သူ့ ဝတ်ပြုရှိခိုး
ကာ ကုသိုလ်ယူလိုက်သည်။

"တီ ... တီ ... တီ"

အိမ်ရှေ့က အဆက်မပြတ် ထွက်ပေါ်လာတဲ့ ကား
ဟွန်းတီးသံကြောင့် ဖန့်ဝါက ဘယ်ကညည်းသည်ပါလိမ့် ဆိုတဲ့
အတွေးကြောင့် ခြံထဲဆင်းကြည့်လျှင် ဘော့စ်ရဲ့ကား ဖြစ်နေတာမို့
ဖန့်ဝါက ခြံတံခါး ဖွင့်ပေးလိုက်ရသည်။

"ဟေး ... ကားပေါ်တက် ဖန့်ဝါ"

"ဘာ ... ဘာဖြစ်လို့လဲဟင် ဘော့စ်"

"သွားမယ်လေ။ မင်းကို ဘုရားလိုက်ပို့ပေးမယ်။ ပြီးရင်
မဏ္ဍပ်သွားမယ်။ မင်း တစ်ယောက်တည်းဆိုရင် တော်ကြာ
မဏ္ဍပ်ကို မလာဖြစ်မှာစိုးလို့ ငါ လာခေါ်တာ။ ဟိုမှာ
တော်တော်လေး သောင်းကျန်းနေကြပြီ။ မင်းပဲ ကျန်တော့
တာ"





ဘော့စ်က ကားပေါ်ကနေ ဖန့်ဝါကို တရစပ်လှမ်း
ခေါ်လျှင် ဖန့်ဝါကပဲ အံ့အားတသင့် ဖြစ်ရတာဖြစ်သည်။ ဘော့စ်
တစ်ယောက်ဟာ ဘာကြောင့် ဒီလောက်ထိ ကောင်းနေရတာလဲ။

"ဟို ... ဘော့စ်။ ဖန့်ဝါက ခုမှ ဘုရားရှိခိုးပြီးတာ။ အပြင်
ထွက်ဖို့ကို ဘာမှ မပြင်ဆင်ရသေးဘူး"

"ဘုရားရှိခိုးပြီးပြီလား။ ဩော် ... ဒါဆိုရင်လည်း ဘုရား
မသွားတော့ဘူးလေ။ မဏ္ဍပ်ပဲ တန်းသွားမယ်။ အဝတ်
အစား မြန်မြန်လဲသွားလိုက်။ ကားပေါ်က စောင့်မယ်"

"ဘော့စ်"

"ဟေ ... မင်း ဘာဖြစ်နေတာလဲ။ ငါက ဒါဆို ဒါပဲကြိုက်
တယ်။ မြန်မြန်အကျီသွားလဲ။ အားလုံးက မင်းကိုစောင့်
နေကြတယ်"

ဖန့်ဝါက သင်္ကြန်အတွက် အရမ်းကို တက်ကြွနေ
တဲ့ ဘော့စ်ကို အားနာတာကြောင့် အိမ်ထဲဝင်ကာ ခပ်မြန်မြန်
ဖျတ်သွက်ပဲ သွားဖို့ပြင်ဆင်ရလေသည်။ မဏ္ဍပ်ထိုင်ဖို့ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဖန့်ဝါရဲ့သကြံန် ပြင်ဆင်မှုက သိပ်တော့ ထူးထူးထွေထွေလုပ်ဖို့ မလိုအပ်ပေ။ ခပ်ပါးပါး မိတ်ကပ်ပြင်ဆင်မှုနဲ့ လိုက်ဖက်စွာသော ပေါ့ပေါ့ပါးပါးစတိုင်လ် ဖြစ်တဲ့ အဝါရောင်တောက်တောက် ဘလောက်စ်လှလှ တစ်ထည်နဲ့ ဂျင်းကို တွဲဖက်ဝတ်ဆင်လိုက်သည်။ ဒီနေ့မှ အကြိုနေ့ပဲ ရှိသေးကာ မနေ့ကလည်း ကျိုင်တွေ ရှိနေတာမို့ ဆံပင်အတွက်တောင် ပြင်ဆင်မှုက မလုပ်ရသေးဘဲ ရှိစေတော့။ ဒီဆံပင်လေးလည်း အဆင်ပြေပါတယ်။ ဖန့်ဝါက အိတ်ထဲမှာ သဘက်ကြီးကြီးတစ်ထည်ကို ထည့်လိုက်ကာ နေကာ မျက်မှန်ကိုတော့ အင်္ကျီမှာ ချိတ်လိုက်သည်။ ဪ ... မေ့လို့ UV ဒဏ်တွေကာဖို့ Sun Block Lotion ကို လူးရသေးသည်။

အားလုံးပြင်ဆင်ပြီးနောက်မှာ ဖန့်ဝါ အပြင်ထွက်လာလျှင်တော့ ခြံထဲမှာ ထိုင်နေတဲ့ ဘော့စ်က ဖန့်ဝါကို ကြည့်ရင်း ...

"ဟား ... ဒီလိုဆိုတော့လည်း မင်းက လန်းသားပဲ။ ကဲ... တက် ... တက် ... ကားပေါ်"





ဖန့်ဝါက ဘော့စ်ရဲ့ကားပေါ် တက်လိုက်တာနှင့် ဒီသကြံန်လေးရက်မှာ ဖန့်ဝါ ပျော်ရမယ်ဆိုတဲ့ mood တစ်ခုကို သွင်းလိုက်သည်။ ဘာပဲဖြစ်ဖြစ် ဘော့စ်ရှိနေတာဟာ ဖန့်ဝါတို့ ဝန်ထမ်းတွေ အတွက်ကတော့ ကံကောင်းတာပဲ ဖြစ်သည်။ ဘော့စ်ပဲ သကြံန်အတွက် ပျော်ဖို့စီစဉ်ပေးလို့ ဖန့်ဝါအတွက် စိတ်နာစရာကောင်းတဲ့ သူတစ်ယောက်ကို တွေ့ခဲ့တာဖြစ်၏။ မနေ့က ကိုကြီး ပြဿနာရှာတဲ့ ကိစ္စအတွက် ဘော့စ်ကို တောင်းပန်ခြင်းအပေါ် ဘော့စ်က ခွင့်လွှတ်ပေးတာပဲ တော်ပါသေးသည်။

"ဒီနေ့ကတည်းက တော်တော် စည်နေပြီပဲ။ နောက်ရက်တွေ ဆိုရင်တော့ အသားကုန်ကဲကြမယ့် သဘောမှာရှိတယ်"

"အင်း ... ဟုတ်တယ်နော်။ ဘော့စ် ... မနေ့ကိစ္စအတွက် တောင်းပန်ပါတယ်နော်"

"တောင်းပန်ဖို့ မလိုပါဘူး ဖန့်ဝါရယ်။ မင်းနဲ့ ကိုယ်တို့က ပြောရမယ့်လူတွေမှ မဟုတ်တာ။ မင်း ခေါင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမထားပါနဲ့။ ဪ ... ဒီည မင်းအတွက် ရုံးမှာ Party ပွဲလေးလုပ်ဖို့ စီစဉ်ခိုင်းထားတယ်"

"ရှင်"

ဖန့်ဝါက Party ပွဲလုပ်ဦးမည်ဆိုတဲ့ ဘော့စ်စကားကြောင့် ထပ်မံအံ့သြရပြန်သည်။ ဘော့စ်ဟာ မြန်မာပြည် ပြန်ရောက်လာကတည်းက ဒီနေ့အထိ အလုပ်ထက် ပျော်ပွဲရွှင်ပွဲတွေပဲ ကျင်းပနေသလိုပဲ။

"ဘော့စ် ... ဖန့်ဝါ အတွက် အဲဒီလောက် စီစဉ်ပေးဖို့ မလိုပါဘူး"

"မင်းက ငါ့ရဲ့စက္ကထရီလေ။ ဒီလောက်ကတော့ လုပ်ပေးသင့်တာပေါ့"

"စက္ကထရီ ဆိုပေမယ့် ဒီနေ့အထိ ဘာမှမှ အလုပ်မလုပ်ရသေးဘူးလေ။ ဘော့စ်စီစဉ်တဲ့ မဏ္ဍပ်တွေ party တွေအတွက်ပဲ လိုအပ်တာ စီစဉ်ပေးနေရတာ"

ဖန့်ဝါက အဲဒီအတိုင်းပဲ ပြောလိုက်လျှင် ဘော့စ်က သဘောတကျ ရယ်မောရင်း ...





"အဲဒါလည်း အလုပ်လုပ်ပေးတာပဲပေါ့။ ခေါင်းထဲကို လေးလေးလံလံ အတွေးတွေ သိပ်မထည့်ပေးစမ်းပါနဲ့ ဖန့်ဝါတန်ခူးရယ်။ သက်သက်သာသာ,သာ ပျော်စမ်းပါ"

ဖန့်ဝါ ဘာမှ ဆက်မပြောတော့ပေမယ့် ဘော့စ်ဟာ တောက်လျှောက် ပျော်ပွဲတွေပဲ လုပ်နေတယ်ဆိုတာ အကြောင်းတစ်ခုခုတော့ ရှိနေပြီဆိုတာ သိနေပေမယ့် အဲဒါ ဘာလဲဆိုတာတော့ မသိနိုင်ပေ။ ဖန့်ဝါရဲ့ ပဟေဠိတွေက မဏ္ဍပ်ကိုရောက်သွားတာနှင့်ပင် အားလုံးပျောက်ကုန်ကာ တဒုန်းဒုန်း ထုနေတဲ့ Beat တွေကြားထဲ တိုးဝင်ရင်း ရေပိုက်ကိုကိုင်လိုက်တာနှင့် သင်္ကြန်ထဲမှာ ဖန့်ဝါလည်း မျောလို့ လိုက်ပါသွားတော့သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com





14.4.2015. (Tuesday)

မဟာသင်္ကြန် အကျနေ့

www.burmeseclassic.com

www.burmeseclassic.com







(၁၂)

"မြူးကြွတဲ့ xxx တေးသံ xxx ပျံ့လွင့်လို့နေ xxx ကူးပြောင်းစ xxx တန်ခူးနွေမှာ"

MRTV-4 က လာနေတဲ့ ခါသကြီန်အဆိုအကတွေကိုကြည့်နေရင်းက facebook က Newsfeed တွေ ဘာများတက်မလဲ စိတ်ဝင်စားကာ ဖုန်းကိုတစ်ချက်တော့ ဖွင့်ကြည့်လိုက်သည်။ ဒီနေ့ အကျနေ့မှာ သူက တစ်မနက်လုံး မဏ္ဍပ်မှာ ရေပက်ပြီးနောက် ထမင်းစားနားတဲ့ အချိန်မှာ ရုံးခန်းထဲမှာပဲ အင်္ကျီအဝတ်အစားလဲပြီး ခဏနားနေတာ ဖြစ်သည်။ ဒီနေ့ညနေအတွက်



www.burmeseclassic.com

www.burmeseclassic.com



သူတို့မဏ္ဍာပ်က မုန့်လုံးရေပေါ် **စောဒီသာ အစီအစဉ်ရှိတာမို့** ခြံထဲမှာ မမအေးတို့ အမျိုးသမီးတစ်စုက မုန့်လုံးရေပေါ်တွေ စလုံးဖို့ ပြင်ဆင်နေကြပြီဖြစ်သည်။

သူက ရုံးခန်းတွင်းကနေ ခြံထဲမှာ ပျော်ရွှင်နေကြတဲ့ ဝန်ထမ်းတွေကိုကြည့်ပြီး သူ့စိတ်ထဲမှာတောင် အလိုလို ကြည်နူးလာမိသည်။ ဘာပဲဖြစ်ဖြစ် ဒယ်ဒီ့ရဲ့ဝန်ထမ်းတွေဟာ တကယ်ကိုပဲ စည်းစည်းလုံးလုံးနဲ့ ပျော်ရွှင်ကြတာဖြစ်သည်။ ပိုပြီးပျော်နေကြတယ် ဆိုတာကလည်း သူ့ရဲ့တမင်တကာ ပျော်အောင်ဖန်တီးတတ်တဲ့ စိတ်ကြောင့်ပဲ ဖြစ်လိမ့်မည်။

ထင်းလင်းက လှမ်းကြည့် နေရင်းက ထောင့်တစ်နေရာမှာထိုင်ကာ ခပ်နွမ်းနွမ်း မျက်နှာဖြင့် မုန့်လုံးရေပေါ် လုံးနေသော ဖန့်ဝါတန်ရူးကို သူက သတိထားမိသွားသည်။ ဖန့်ဝါတန်ရူး တစ်ယောက် သူ့ဘဲနဲ့ အဆင်မပြေတာကို အတော်လေး ဆွေးနေပုံရသည်။ သူ့ဘဲဟာ ဖောင်းလ်တာတော့ လုံးဝကို ဖောင်းလ်တာဖြစ်၏။ သူ့ကို ဘလိုင်းလာထိုးသွားတဲ့ လက်သီးတစ်ချက်အတွက် သူ့မှာ လျော်ကြေးရစရာ ရှိသေးသည်။



ထင်းလင်းက အဲဒီလျော်ကြေးတွေ အတွက်ရောသူ့ရဲ့ရည်ရွယ်ရာတွေ အတွက်ပါ ရောပေါင်း၍ သူဟာ အတွေးတစ်ခုတော့ တွေးမိသွားသည်။ အဲဒီအတွက် သူက အချိန်သိပ်မဆွဲတော့ဘဲ ရေပုံးတစ်ပုံးထဲ ရေထည့်ကာဆွဲပြီး အသာအယာပင် ဖန့်ဝါတန်ရူးဆီ လျှောက်လာခဲ့သည်။ ဖန့်ဝါက သူ့အတွေးကွေ့နဲ့အတူ သာသာယာယာပင် မုန့်တွေလုံးနေတုန်းမှာ သူက ဖန့်ဝါရဲ့အနောက်မှာ ရောက်နေပြီဖြစ်ကာ သူယူလာတဲ့ ရေပုံးလိုက်ကို ဖန့်ဝါ ကိုယ်ပေါ်သို့ ဗွမ်းခနဲ လောင်းချပစ်လိုက်သည်။

"ဟား ..."

ဖန့်ဝါက အံ့အားတသင့်ဖြင့် ဒေါသတကြီးပုံစံဖြစ်သွားကာ သူ့ကိုကြည့်လိုက်လျှင် ပိုပြီးအံ့သြသွားဟန်ဖြင့် ...

"ဘော့စ် ... ဘာလုပ်တာလဲ"

"ဟား ... ဘာလုပ်ရမှာလဲ။ ဒါသင်္ကြန်လေ ... ရေလောင်းတာပေါ့"

"ဒီမှာ မုန့်တွေလုံးနေတာလေ။ အကုန် ရေတွေရွဲကုန်ပြီ"

www.burmeseclassic.com



"ဟား ဟား … မင်း ဘာမှ အပိုတွေ ပြောမနေနဲ့။ မင်း စိတ်မပါလက်မပါ အလုပ်လုပ်နေတာ ငါ တွေ့တယ်။ အဲဒါကြောင့် လန်းသွားအောင် ရေဖျန်းပေးလိုက်တာ"

"ဘော့စ်နော် … ဘော့စ်က အဲဒီလို လုပ်တယ်ပေါ့ ဟုတ်လား"

"ဒါကတော့ ဘော့စ်လေ။ လုပ်ရမှာပေါ့။ မင်းကို အိုးမဲ သုတ်ခွင့်တောင် ရှိတယ်"

သူက တမင်တကာကို နောက်ရွှတ်ရွှတ် ပြောလိုက်လျှင် ဖန့်ဝါက အဲဒီတော့မှ နည်းနည်းတက်ကြွလာကာ …

"ဩော် … အဲဒီလိုလုပ်လို့ ရတယ်ပေါ့လေ။ အဲဒါဆို ဘော့စ်ကိုလည်း ရေလိုက်ပက်မယ်"

"ဟား ဟား … ဟေ့ … မလုပ်နဲ့လေ"

သူက ရှေ့ကနေ ပြေးထွက်လာလိုက်လျှင် ဖန့်ဝါက အနောက်ကနေ ပြေးလိုက်လာသည်။ သူ့နောက်ကို ရေပက်ဖို့ အမိပြန်လိုက်ရင် ဖန့်ဝါက ခြေခေါက်လဲကျသွားလေသည်။



"ဟာ … ဖန့်ဝါ … ဘာ … ဘာဖြစ်သွားသေးလဲ"

သူက ဖန့်ဝါကို စိုးရိမ်မိသွားစွာ ပြေးထူလိုက်လျှင် ဖန့်ဝါဒူးခေါင်း ပွန်းသွားပြီဆိုတာ သူ မြင်လိုက်လျှင် စိတ်ထဲတော့ မကောင်းဖြစ်သွားရသည်။

"ဒူးပွန်းသွားတာကိုး။ မအေး … ဖန့်ဝါကို တွဲပေးပါဦး။ ကျွန်တော့်အခန်းထဲမှာ ဆေးသွားယူလိုက်ဦးမယ်"

ဖန့်ဝါကို မအေးနဲ့ ထားခဲ့လိုက်ကာ သူက ခပ်သွက်သွက်လေး ရုံးခန်းထဲ ပြေးဝင်သွားလေသည်။ မမအေးက ဖန့်ဝါကို တွဲထူရင်း …

"ဖန့်ဝါလေး … ခြေထောက်နာသွားလား။ ဘော့စ်က အရမ်းကြင်နာတတ်တာပဲနော်။ နင် ခြေထောက်ခေါက်လဲသွားတာကို ပူနေတာပဲ"

ဖန့်ဝါက မမအေး စကားကြောင့် ဘော့စ်ကြားသွားမလားဆိုတဲ့ စိုးရိမ်စိတ်နဲ့အတူ မမအေးကို လှမ်းဟန့်ရသည်။

"တိုးတိုးပြောပါ … မမအေးရယ်။ ဟိုမှာ ထွက်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဘော့စ်က အဆေးဘူးလေးနှင့် ဟန်ဆာပလတ်စ်လေး ယူလာကာ ဖန့်ဝါထိုင်နေတဲ့ ခုံရှေ့မှာ ဒူးထောက်ထိုင်လိုက်တာမို့ ဖန့်ဝါက အရမ်းအားနာမိသွားကာ ...

"ဘော့စ် ... ဘော့စ် ... ဘာလုပ်မလို့လဲ"

"မင်း ... ဒူးပွန်းသွားတာကို ဆေးထည့်ရမယ်လေ။ ဒီမှာက ဆေးနီဘူးပဲ ရှိတယ်။ ဒူးကို ဆေးနီထည့်ထားပြီး ဟန်ဆာပလတ်စ် ကပ်ထားရမှာပေါ့"

"ရပါတယ်။ ကိုယ့်ဘာသာ လုပ်ပါ့မယ်"

"ဟုတ်ပါတယ် ဘော့စ်ရဲ့။ ပွင့်သစ်တို့ လုပ်ပေးလိုက်ပါ့မယ်"

"ရပါတယ်ဗျာ။ ကိစ္စမရှိပါဘူး။ ကျွန်တော့် ဘာသာ လုပ်ပေးလိုက်ပါ့မယ်။ ဒါ ကျွန်တော့်ကြောင့် ဖြစ်ရတာပဲဟာ။ ကျွန်တော်ပဲ လုပ်လိုက်ပါ့မယ်"

ဘောင်းဘီအတိုလေး ဝတ်ထားတာမို့ ဖန့်ဝါရဲ့ဒူးခေါင်းဟာ မြေပြင်နှင့် ထိထားတဲ့ဒဏ်ကြောင့် ပွန်းသွားကာ နီရဲ





နာကျင်နေသည်။ ဘော့စ်က ဖန့်ဝါရဲ့ဒူးကို ဆေးနီလေး ထည့်ပေးတာမို့ ဖန့်ဝါက တကယ်ပဲ နေရထိုင်ရခက်ကာ အားနာလာမိသည်။

"ရ ... ရပါပြီ ဘော့စ်"

"အားမနာပါနဲ့ ... ခဏလေး ဟန်ဆာပလတ်စ် ကပ်ထားလိုက်မယ်"

ဘော့စ်က ဖန့်ဝါကို ဂရုတစိုက် ဟန်ဆာပလတ်စ် ကပ်ပေးပြီးသွားသောအခါမှ ထရပ်လိုက်ကာ ...

"မင်း ကိုယ့်ကြောင့် အနာတရ ဖြစ်သွားတာကို တောင်းပန်ပါတယ် ဖန့်ဝါ။ ကိုယ် မရည်ရွယ်ပါဘူး ... ဆောရီး"

"ရပါတယ် ဘော့စ်"

ဘော့စ်က အသာခေါင်းညိတ်ကာ ရုံးခန်းတွင်း ပြန်ဝင်သွား၏။

ဘော့စ်ဟာ ကြင်နာနူးညံ့တဲ့ နှလုံးသားရှိတဲ့သူလို့ ဖန့်ဝါ ခံစားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘော့စ်က တအားကြင်နာတတ်တာပဲနော်။ နင့်ကိုများ ကြိုက်နေလား မသိဘူး။ ဘော့စ်ပုံစံကို ကြည့်ရတာတော့ နင့်ကို သဘောကျနေတဲ့ပုံပဲ"

"ဟာ ... မမအေးကလည်း ပေါက်တတ်ကရတွေ။ ဘာ တွေလျှောက်ပြောနေတာလဲ"

"ဟယ် ... ဟယ် ... အဲဒါ ထားဦး။ ဖန့်ဝါ ... ဖန့်ဝါ ... ဟိုကားအမည်းကြီးက ကိုမြဲနေထက်ကား မှလား။ ကြည့် စမ်း ... ကြည့်စမ်း"

ပွင့်သစ်က လှမ်းမြေတော့ ဖန့်ဝါ လှမ်းကြည့်လိုက် လျှင် မမီတော့ဘွာ ကားက မောင်းထွက်သွားပြီ ဖြစ်သည်။

"ဘယ်မှာလဲ"

"အာ ... ထွက်သွားပြီ။ ဟဲ့ ... ဖန့်ဝါ သေချာတယ်နော်။ ကိုမြဲနေထက် နင့်ကို လိုက် ch: k နေတာ။ ဘော့စ် ဆေး ထည့်ပေးနေတာကိုလည်း သူ မြင်သွားသလား မသိဘူး"

ဖန့်ဝါအတွက် စိတ်ပူပေးနေသော ပွင့်သစ်က စိုးရိမ် တကြီး ပြောလေလျှင် ဖန့်ဝါက မျက်နှာအလိုလို မှုန်ကုတ်လို့





သွားလေသည်။ ဖန့်ဝါစိတ်ထဲမှာ ကိုကြီးနဲ့ပတ်သက်ပြီး မေ့ထား လိုက်ပြီဖြစ်သည်။ မမေတို့ ပြန်ရောက်လာလျှင်လည်း ဖန့်ဝါ ကိုကြီးကို လုံးဝလက်မခံနိုင်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြ လိုက်တော့မှာပဲ ဖြစ်၏။ ကိုယ့်ကို မကြင်နာတဲ့ သကြိန်ဆိုက်ကို ရှိတဲ့ ကိုကြီးကို ဆက်လက်သည်းညည်းခံဖို့ဆိုတာ ဘယ်နည်းနဲ့ မှ မဖြစ်နိုင်ချေ။

"မြင်လည်း မတတ်နိုင်တော့ဘူးဟာ။ ငါ သူ့ကို စိတ်ကုန် သွားပြီ။ အရာရာတိုင်းကို အလျှော့ပေးဖို့ ငါ စိတ်မကူး တော့ဘူး"

"ဟုတ်တယ်။ မှန်တယ် ... ဖန့်ဝါ။ အစကတည်းက ဒီလို ပဲ ဆုံးဖြတ်သင့်တာ။ အဲဒါကြောင့်မို့လို့ ဒီသကြိန်မှာ ကိုယ့်အတွက် သင်တော်မယ့်သူကို ရှာတော့"

"မမအေးကလည်း။ ကဲပါ ... မုန့်လုံးရေပေါ် သွားလုံး ကြရအောင်ပါ။ လာ ..."

"ဟဲ့ ... ရေတွေစိုနေတာ အကျီလဲဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဖန့်ဝါက ဘော့စ်ရေလောင်းလိုက်လို့ ရွဲရွဲစိုသွားတဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်မိရင်း ခေါင်းအသာယမ်းလိုက်သည်။

"ဟင့်အင်း ... ပြီးရင် မဏ္ဍပ်ထွက်ဦးမှာပဲဟာ။ သင်္ကြန် ရေ ဖျားတယ်ဆိုတာမှ မရှိတာ။ ကဲပါ ... မမအေးရယ် လာပါ၊ ပွင့်သစ် ... လာ"

ဖန့်ဝါက အာရုံလွဲတဲ့ အနေဖြင့် မမအေးနှင့် ပွင့်သစ်ကို မုန့်လုံးရေပေါ် လုံးတဲ့ဆီကို ဆွဲခေါ်လာခဲ့သည်။ သင်္ကြန်ဟာ ဖန့်ဝါအတွက်တော့ ဒီနှစ်ဟာ အထူးခြားဆုံးသော ပြောင်းလဲမှုတွေပဲ ဖြစ်နေတော့တာပဲ ဖြစ်သည်။

❋ ❖ ❋





"ဘော့စ်ရေ ... ဒီနေ့တော့ တကယ်ကိုပဲ ပျော်ရပါတယ်။ သွားပြီ"

အားလုံးက တက်ကြွပျော်ရွှင်စွာဖြင့် သူ့ကိုနှုတ်ဆက်ကြလျှင် သူကလည်း သဘောတကျဖြင့် ပြန်လက်ပြနှုတ်ဆက်လိုက်ကာ အားလုံးပြန်ကြလျှင်တော့ ကိုကျော်ဇင်က သူ့ဘေးနားသို့ ရောက်လာတာမို့ သူက မေးအသာဆတ်ပြရင်း ...

"ဘာလဲ ... ကိုကျော်ဇင်"

"ဘော့စ် ... ဒါ ဒီနေ့အတွက် ကုန်ကျတဲ့ ဘတ်ဂျက်စာရင်းပါ"

"ဪ ... အဲဒါတွေ ပြမနေပါနဲ့။ အားလုံးပျော်ဖို့လုပ်တာပဲဟာ။ မလောက်ရင်လည်း ထပ်ထုတ်လိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



ထင်းလင်းက တဘက်တစ်ထည်ဖြင့် သူ့ခေါင်းက ဆံပင်တွေကို သုတ်လိုက်ရင်း ပြောတာကို ကိုကျော်ဇင်က သိပ်ပြီး အလိုမကျဟန်ဖြင့် သူ့ကို အထွန့် ထပ်တက်လေသည်။

"ဟို ... ဝန်ထမ်းတွေအတွက် ဒီလောက်အထိ ငွေတွေ အကုန်ခံနေတာကို ကျွန်တော့်အနေနဲ့ မဖြစ်သင့်ဘူးထင်လို့ပါ"

"ခင်ဗျားကကော မပျော်လို့လား"

သူ့ရဲ့မေးခွန်းအတွက် ကိုကျော်ဇင်က ခေါင်းအသာ ဆတ်ပြသည်။

"ပျော်တာတော့ ပျော်ပါတယ် ဘော့စ်ရယ်။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်လဲ"

"ဝန်ထမ်းတွေကို ဒီလောက် pass တွေ ပေးတာများသွားရင် အလုပ်မှာ ပေါ့လျော့မှုတွေ ဖြစ်လာနိုင်ပါတယ်။ ကျွန်တော်က ဘော့စ်ရဲ့မန်နေဂျာတစ်ယောက်အနေနဲ့ပြောပြတာပါ။ ဘော့စ်ရဲ့အဖေ ဦးမြတ်သာက ဒီစီးပွားရေးလုပ်





ငန်းကို စီးပွားရေးဆိုတာထက် ပိုပြီးတန်ဖိုးထားခဲ့တာပါ။ သူ ပုံသွင်းလေ့ကျင့်ပေးထားသလို ဝန်ထမ်းတွေအားလုံးက ပုံစံကျနေပြီးသားပါ။ ဘော့စ်က ပျော်ပျော်နေဘတ်တယ်။ သဘောကောင်းတယ် ဆိုတော့ ..."

"အဲဒီတော့ ခင်ဗျား အခုပြောနေတာက ကျုပ်က ဖျက်ဆီးနေတယ်လို့ ပြောချင်တာလား"

သူက ကိုကျော်ဇင့် စကားအဆုံးကိုတောင် မစောင့်တော့ဘဲ ပြောလိုက်လျှင် ကိုကျော်ဇင်က သူ စိတ်ဆိုးသွားပြီဆိုတာ သိတာကြောင့် ပျာပျာသလဲကို တောင်းပန်ကာ ...

"အဲဒီလိုမဟုတ်ပါဘူး ဘော့စ်ရယ်။ ကျွန်တော်က ဘော့စ်ကို ဒီအတိုင်း ပြောပြတာ။ ဒီသင်္ကြန်တွင်းမှာတင် ပွဲဆက်တွေက များနေတော့ သင်္ကြန်ပြီးလို့ အလုပ်ပြန်ဝင်ရင် ဝန်ထမ်းတွေ မနေတတ်တော့ဘဲ စည်းကမ်းတွေ ပျက်သွားမှာ စိုးရိမ်လို့ပါ"

"အဲဒါ ကျုပ်အလုပ်ပါ ကိုကျော်ဇင်ရာ။ အခု ခင်ဗျားက မိကျောင်းမင်း ရေခင်းပြနေတာ။ ကျုပ် ဝန်ထမ်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို Control လုပ်ရမယ် ဆိုတာလည်း ကျုပ်နားလည်တယ်။ ကျုပ် ဘာတွေဆက်လုပ်ရမယ် ဆိုတာကိုလည်း ကျုပ် သိတယ်။ ခင်ဗျားသာ ကျုပ်ခိုင်းတဲ့တာဝန်တွေကို ကျေအောင်လုပ်ပါ။ မနက်ဖြန် ရေပက်ခံထွက်ဖို့ ကားစီစဉ်ထားပြီးပြီလား"

"ဟုတ်ကဲ့ ... လုပ်ထားပါတယ် ဘော့စ်"

ထင်းလင်းက ဘာမှဆက်မပြောတော့ဘဲ ခေါင်းသာ အသာညိတ်ပြလိုက်သည်။ တစ်ဆက်တည်းမှာပဲ သူ့ဖုန်းက လာတာကြောင့် ထင်းလင်းက ကိုကျော်ဇင်နှင့် စကားစဖြတ်လိုက်တာမို့ သူ့ကို သွားတော့ဆိုတဲ့ ပုံစံမျိုး မျက်ရိပ်ပြကာ ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"

"ဟော့ကောင် ... မင်းမှာ အဲဒီလောက်တောင် မိန်းမရှားလား"

သူက ကြားလိုက်ရတဲ့ စကားကြောင့် ဒေါသသွေးတွေက ဖျဉ်းခနဲ ဆူပွက်လာကာ ...





"မင်း ဘယ်သူလဲ။ ဘယ်ကလဲ။ ဘာတွေလာပြောနေတာလဲ"

"ငါ့နာမည် မြနေထက်။ ဖန့်ဝါတန်ရှူးရဲ့ချစ်သူ။ မင်း တွယ်ကပ်နေလို့ ငါတို့ ပြဿနာတက်ကြတာကို မင်း မှတ်မိတယ် မှုလား"

မြနေထက်။

ဟိုဘဲကြီး။ ဒီလူ့နာမည်က မြနေထက်။ သူဟာ အဲဒီနာမည်ကို ကြားလိုက်လျှင် ဦးနှောက်ကို အလျှင်အမြန် Recall ပြန်ခေါ်ကာ စဉ်းစားမိသွားသည်။ ရှတ်တရက်တော့ ဒီနာမည်ဟာ သူ့ကို ငြိမ်သာငြိမ်သက်သွားစေခဲ့ကာ ချက်ချင်းမမှတ်မိသေး။

"ဟော့ကောင် ... မင်း ကြောက်နေလို့ ပြန်မပြောတာလား။ သကြိန်မှာ ငါ့ချစ်သူနဲ့ မင်း တွဲနေတာကို သိပ်ဟုတ်လှပြီ ထင်မနေနဲ့"

သကြိန် ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က ဘာမှမပြောနိုင်ဘဲ ငြိမ်နေတဲ့အပေါ် အခွင့်ကောင်းယူကာ ထပ်မံသွေးတိုးစမ်းလာတဲ့ စကားထဲက "သကြန်"ဆိုတဲ့ အသုံးအနှုန်းကြောင့် သူဟာ အတိတ်တွေကို ချက်ချင်းပဲ မှတ်မိလို့ သွားတော့သည်။ ဟုတ်တာပေါ့။

ထင်းလင်းက တိုက်တိုက်ဆိုင်ဆိုင် လာဆုံတတ်တဲ့ ကံကြမ္မာအတွက် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ရင်းက စချဲတော့တာပဲ ဖြစ်သည်။

"ဒီမှာ ခင်ဗျားနဲ့ ဖန့်ဝါတန်ခူးက ဘာမှမ ဆိုင်တော့တာ။ သူဟာ အခုချိန်မှာ ကျုပ်ရည်ရွယ်ထားတဲ့ မိန်းကလေး ဖြစ်သွားပြီ"

"ဟော့ကောင် ... မင်း ပါးစပ်ကို ပိတ်လိုက်။ ဖန့်ဝါဟာ ငါနဲ့လက်ထပ်မယ့်သူ။ ငါတို့မပြတ်ဘူး။ မင်း သူများကိစ္စ ဝင်မရှုပ်ပါနဲ့"

"အဲဒီတော့ ဆောရီးပဲ။ ဒီနေ့ ခင်ဗျားကို ကျုပ် ကြေညာလိုက်မယ်။ ဖန့်ဝါကို ကျုပ် ရအောင်ယူပြမယ်။ ဘာဖြစ်





လို့လဲဆိုတော့ ဖန့်ဝါက ခင်ဗျား သိပ်ပြီးမက်မောနေတဲ့ သူမို့လို့ပဲ။ ခင်ဗျားတန်ဖိုးထားရင် အဲဒီအရာကို ကျုပ်က ဖျက်ဆီးပစ်မယ်။ ဒါပဲ"

ထင်းလင်းက အဆုံးစွန်သော စစ်ကြေညာမှုအတွက် အပြတ်သားဆုံးစကားကို ပြောလိုက်ကာ ဖုန်းချလိုက်တော့သည်။ ဒါဟာ အမိကရေသောက်မြစ်။ သူတို့တွေအတွက် ရန်သူ့ကိုအခုမှပဲ သူ ရာတွေ့မဲ့ပြီဖြစ်သည်။ အဲဒီအတွက် သူ့ရဲ့အစီအစဉ်တွေဟာ ရည်ရွယ်ရာပြောင်းပြီ ဆိုတာကို သဘောပေါက်လိုက်ရသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com







15.4.2015. (Wednesday)

မဟာသင်္ကြန် အကြတ်နေ့



www.burmeseclassic.com

www.burmeseclassic.com







## (၁၃)

ထင်းလင်းက တတိယမြောက် သကြံန်အကြတ်ရက်မှာတော့ ဖန့်ဝါ မဏ္ဍာပ်မလာခင်မှာ သူက ဦးအောင် အရင်ဆုံး ဖန့်ဝါရှိနေတဲ့ မမအေးရဲ့အိမ်ကို လာခဲ့လိုက်သည်။ သူ့ရဲ့ အာရုံအရ ဖန့်ဝါ မနေ့ညက ဟိုလူ မြနေထက်ရဲ့ အနှောင့်အယှက်ပေးမှုဒဏ်ကို ခံရမယ်ဆိုတာ သိနေသည်။

ပြီးရင် သူ့ကို ဘယ်လိုပေါက်ကွဲကြောင်း ဖန့်ဝါကို ပြောပြတော့မယ်ဆိုတာ သိနေတာမို့ သူက ဖန့်ဝါဆီ အရင်လာခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ မမအေးရဲ့အိမ်ကို ရောက်တော့ မမအေးက သူ ရောက်လာခြင်းအပေါ် အံ့ဩနပန်း ဖြစ်ရကာ သူ့ကို အိမ်ထဲဝင်ဖို့ ဖိတ်ခေါ်ကာ ...

"ဘော့စ် ... ကြွပါ အထဲကို။ ဘော့စ်လာတာ ကိစ္စရှိလို့လား"

"ကိစ္စတော့ မရှိပါဘူး။ ဖန့်ဝါနဲ့ စကားပြောစရာရှိလို့။ ဒါနဲ့ မမအေးတို့မဏ္ဍပ်သွားဖို့ မပြင်ကြသေးဘူးလား"

"အပေါ်ထပ်မှာတော့ ပွင့်သစ်တို့ ဖန့်ဝါတို့တော့ ပြင်နေကြပြီ။ အသက်ကြီးလာတာ လိမ်လို့မရတော့ဘူး ဘော့စ်ရေ။ နှစ်ရက်လုံး ဆက်တိုက် မဏ္ဍပ်ထိုင်လိုက်နေတာ နည်းနည်းပင်ပန်းသွားလို့။ ဒီနေ့ တစ်ရက်တော့ နားမလားလို့ ...

အဲဒါ ဘော့စ်တို့အတွက် မဏ္ဍပ်မှာ စားကြရအောင် ရွှေရင်အေးလေး ထည့်ပေးလိုက်မလို့။ ကျွန်မ လုပ်နေတာ။ ထိုင်ဦးနော် ဘော့စ်။ ဖန့်ဝါရေ ... ဖန့်ဝါ ... ဘော့စ်ရောက်နေတယ်။ ဆင်းလာဦး"





"ရပါတယ် မမအေး။ လုပ်စရာရှိတာ အေးဆေးလုပ်ပါ"

"ဘော့စ်"

ဖန့်ဝါက လှေကားပေါ်က ဆင်းလာကာ သူ့ကို ခေါ်လိုက်တာမို့ ထင်းလင်းက ဆံပင်တွေကို ကျစ်ဆံမြီးအသေးလေးတွေ ကျစ်ထားတာမို့ ရှင်းသန့် လင်းထွက်နေတဲ့ ဖန့်ဝါရဲ့ ကြည်လင်နေသော မျက်နှာကို ခပ်ကြာကြာ ငေးမိသွားသည်။ တကယ်ကြီးကိုပဲ ဖန့်ဝါတန်ခူးဟာ ဟိုဘဲကြီး ရှူးရလောက်အောင် Sweet ဖြစ်တဲ့ အလှတရားကို ပိုင်ဆိုင်ထားတာပဲ ဖြစ်သည်။ ဘာ Eye brow မှ ဆွဲစရာမလိုတဲ့ ပုံသွင်းထားသလို လှပြီးသားကော့စင်းနက်မှောင်နေတဲ့ မျက်ခုံးလေးတွေရဲ့ အောက်က ကြည်တောက်တောက် မျက်ဝန်းလေးတွေ။ နှာတံစင်းစင်းလေး စသဖြင့် တစ်နေရာချင်းစီ လှနေတဲ့ ဖန့်ဝါတန်ခူးကို သူက ကြာကြာကို မမြင်ဘူးတဲ့ လူတစ်ယောက်အလား ကြည့်နေတာကြောင့် မမအေးက ချောင်းအသာဟန့်လိုက်လျှင် သူက သတိပြန်ဝင်ကာ အကြည့်လွှဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဘော့စ်ကို့ အေးအေးဆေးဆေး စကားပြောကြဦးလေ။ မွှေရင်အေးလေး သွားလုပ်လိုက်ဦးမယ်"

မမအေးက အလိုက်တသိပင် ရှောင်ထွက်သွားတာကြောင့် သူက ဖန့်ဝါကို စကားအေးဆေးပြောဖို့ အခွင့်အရေးရသွားလေသည်။

"ဖန့်ဝါ ... ထိုင်လေ"

"ဟုတ်ကဲ့။ ဘော့စ် လာတာ ဘာကိစ္စရှိလို့လဲဟင်။ ဟို–ဘော့စ်ကို သူ ဖုန်းဆက်တယ်ဆို။ အဲဒါကို ..."

သူ မှန်းထားတဲ့ အတိုင်းပဲ ဖြစ်သည်။ ဖန့်ဝါကို ဟိုလူ လှမ်းအနှောင့်အယှက်ပေးမယ်ဆိုတာ ထင်တဲ့အတိုင်းပဲ ဖြစ်သည်။ ဖန့်ဝါက သူ မကျေနပ်လို့ လာပြောဘာကို ထင်နေတဲ့ အထင်ကို သူက တားမြစ်တဲ့ အနေနဲ့ လက်အသာကာပြ၍ –

"ကိုယ် မကျေနပ်လို့ မင်းကို လာပြောနေတာ မဟုတ်ပါဘူး။ အခု မင်းဆီ လာတယ်ဆိုတာ အဲဒီ မြနေထက်ဆိုတဲ့သူနဲ့ ဖန့်ဝါ ဘယ်လိုလုပ် ချစ်သူတွေ ဖြစ်သွားတာလဲ ဆိုတာ သိချင်လို့ပါ။ ပြောပြပေးနိုင်မလား"





"ရှင်"

ဖန့်ဝါက တအံ့တဩဖြင့် သူ့ကို ပြူးကြည့်တာမို့ သူက ပြုံးလိုက်ရင်း ခေါင်းတစ်ချက်ဆတ်ပြလေသည်။

"တကယ်ပဲ ကိုယ် သိချင်လို့ မေးကြည့်တာပါ။ ဖန့်ဝါ အပန်းမကြီးဘူး ဆိုရင်တော့ ဖြေပေးစေချင်တယ်"

"ဟုတ် ...၊ ဟို ... မေမေနဲ့ ကိုမြနေထက်မေမေက မွေးမိတ်ဆွေတွေလေ။ ဖန့်ဝါတို့က သကြိန်ဆို တရားစခန်းဝင်ဖြစ်တော့ အန်တီနဲ့က ရင်းနှီးနေတာ။ အန်တီဝါက ဖန့်ဝါကို သူ့သမီးတစ်ယောက်လို ချစ်တဲ့အခါကျတော့ မေမေတို့နဲ့ လူကြီးချင်းစကားပြောပြီး ကိုကြီးနဲ့ လက်ထပ်ဖို့ သဘောတူထားတာပါ။ ကိုမြနေထက်က ဖန့်ဝါထက် အသက်ကြီးပေမယ့် လူကြီးလူကောင်း အရည်အချင်းရှိတဲ့ သူတစ်ယောက်မို့ ဖန့်ဝါဘက်ကလည်း လက်သင့်ခံခဲ့တယ်။ အဲဒီကပဲ ချစ်သူ ဖြစ်သွားကြတာပါ"

"သြော်"

"ဟို ... ဘာဖြစ်လို့ မေးတာလဲဟင် ဘော့စ်"



www.burmeseclassic.com

www.burmeseclassic.com



ဖန့်ဝါရဲ့ မေးခွန်းအတွက် သူက ဖန့်ဝါကို တစ်ချက်တော့ ကြည့်လိုက်သည်။ သူ့ကြောင့် မားစာခံလုပ်ပေးတာမျိုးကိုတော့ သူလည်း ဖြစ်တော့ မဖြစ်စေချင်ဘူးပေါ့လေ။

"ဘော့စ် … ဘော့စ်ကို ကြည့်ရတာ တစ်ခုခုတော့ ပြောစရာရှိနေပါတယ်။ ဘာဖြစ်လို့လဲဟင်။ ကိုကြီးက ဘာများ ဘော့စ်ကို ပြောလို့လဲ"

"မင်းနဲ့ သူက ပြတ်သွားကြပြီလား"

သူ့ရဲ့ အဲဒီမေးခွန်းအတွက် ဖန့်ဝါက မျက်နှာလေးတော့ အတန်ငယ် ညှိုးသွားလေသည်။ ပြီးတော့မှ သက်ပြင်းတစ်ချက်ကာ …

"အမှန်အတိုင်း ရင်ဖွင့်ရမယ် ဆိုရင်တော့ ဖန့်ဝါအိမ်က သူနဲ့ သဘောတူထားတာလေ။ ဖန့်ဝါ ကိုယ်တိုင်လည်း သူ့ကို လက်ခံနိုင်လို့ ခေါင်းညိတ်ခဲ့တာပါ။ ဒါပေမဲ့ သူကျတော့ ဖန့်ဝါကို သကြံန်မှာ လျှောက်မလည်တတ်ဘဲ အေးအေးဆေးဆေးနေတဲ့ တစ်ချက်တည်းနဲ့ပဲ သူ လက်ခံလိုက်တာတဲ့ …





အဲဒီစကား ကြားပြီးကတည်းက ဖန့်ဝါ သူ့ကို အရမ်းကိုပဲ စိတ်ကုန်သွားတာတော့ အမှန်ပဲ။ အရင်က ဘာပြဿနာမှ မရှိခဲ့ပေမယ့် ဖန့်ဝါ မလျှာပ်ထိုင်မယ်ဆိုတဲ့ အချိန်မှာပဲ ပြဿနာက စတော့တာ။ သူ့မှာ သင်္ကြန်နဲ့ ပတ်သက်တဲ့ အတိတ်တစ်ခုခု ရှိဖူးတယ် ထင်ပါတယ်။ အဲဒါကြောင့် သင်္ကြန်ကို သိပ် sensitive ဖြစ်နေတာ နေမှာပေါ့။ ဖန့်ဝါကလည်း သည်းမခံနိုင်တော့ဘူးဆိုတော့ ဒီသင်္ကြန်ပြီးလို့ လူကြီးတွေ တရားစခန်းက ထွက်လာပြီဆိုရင်တော့ ပြတ်သွားမယ် ထင်တာပါပဲ"

ထင်းလင်းက ဖန့်ဝါ ပြောတဲ့ စကားတွေကို စိတ်ရှည်လက်ရှည် ထိုင်နားထောင်လိုက်ပြီးမှ ပြောပြဖို့ ဆုံးဖြတ်လိုက်ပြီး ဖန့်ဝါကို ဖွင့်ပြောလိုက်တော့သည်။

"သူက သင်္ကြန် sensitive မဟုတ်ဘူး။ သင်္ကြန်ကို ရင်မဆိုင်ရဲတာ။ April လ ရောက်ပြီဆိုတာနဲ့ သူက သူ့ဘာသာ လိပ်ပြာမလုံ ဖြစ်နေတာ နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘော့စ် ... ဆိုလိုချင်တာက။ ဘော့စ် ... သူ့အကြော
တွေ သိထားလို့လားဟင်"

"သိပ်သိတာပေါ့ ဖန့်ဝါရယ်။ သူဟာ ကိုယ်တို့မိသား
တွေရဲ့စိတ်ကို တကွဲတပြားဖြစ်အောင် လုပ်ခဲ့တဲ့သူပဲ

"ရှင်"

ဖန့်ဝါက အံ့သြတကြီးဖြင့် သူ့ကို ကြည့်တော
ထင်းလင်းက ရင်ထဲက အစိုင်အခဲတွေကို ဖွင့်ပြောပြလိုက်လေ
သည်။

"မင်း သိဖို့လိုလို့ ကိုယ် ပြောပြတာ။ အဲဒီ မြဲနေထ
ဆိုတာ ကိုယ့်အစ်မ ရှင်းလင်းသာရဲ့ ချစ်သူပဲ။ အတိုချုံ
ပြောပြရင်တော့ အစ်မနဲ့ အဲဒီလူက ကျောင်းကတည်း
ချစ်သူတွေ ဖြစ်ခဲ့တာ။ ဒါကို ကိုယ့်ဒယ်ဒီက လုံးဝသဘော
မတူဘူး။ တစ်ရက် အစ်မတို့ သက်ြန်လည်ကြတာ
ဒယ်ဒီ တွေ့သွားတယ်။ မမကိုလည်း လုံးဝအပြင်ထေ
ထွက်တော့ဘူးပေါ့ ...





ဒါပေမဲ့ အချစ်ကြီးတဲ့ ကိုယ့်ရဲ့အစ်မက အကြန်
အတက်နေ့မှာ အိမ်ကနေ ရအောင်ခိုးထွက်ပြီး အဲဒီလူနဲ့
ချိန်းတယ်။ မမက ခိုးပြေးဖို့ ပြောတာကို အဲဒီ မြဲနေထက်
ဆိုတဲ့လူက ဘာပြန်ပြောတယ်မှတ်လဲ။ သူ့သူငယ်ချင်း
တွေရဲ့ ရေပက်မဏ္ဍပ်မှာမို့လို့ လာလို့မရဘူး။ နောက်ရက်
မှတွေ့မယ်တဲ့ ...

မမက အဲဒီလို အငြင်းခံလိုက်ရတဲ့ ရက်စိတ်နဲ့
အိမ်အပြန်မှာ အရက်မူးပြီး မောင်းလာကြတဲ့ သင်္ကြန်ကား
နဲ့ တိုက်မိပြီး အဲဒီနားမှာတင် ဆုံးသွားတယ်။ မမ ဆုံး
တာက သင်္ကြန်အတက်နေ့ ညနေပိုင်းလောက်။ မြန်မာ
အယူအဆအရ နှစ်သစ်မကူးရဘူးဆိုလို့ ကိုယ့်အစ်မကို
ချက်ချင်းပဲ အသုဘချခဲ့ရတယ် ...

အဲဒီလိုတွေ ဖြစ်ရတာဟာ ဟိုမြဲနေထက်ဆိုတဲ့ လူ
ကြောင့်။ ဒီလူ သူ့ကြောင့် မမသေရတာကိုသိပြီး သင်္ကြန်
ဆိုတာနဲ့ သူ ကြောက်နေတာ။ မမ ဆုံးသွားတဲ့ အချိန်က



www.burmeseclassic.com

www.burmeseclassic.com



စပြီး မင်း သိတဲ့အတိုင်းပဲ ဒယ်ဒီ နိုင်ငံခြားထွက်
ကယ်။ ငါ နေချင်တဲ့ မိဘားစုဘဝဟာ လုံးဝပျက်စီး
ခဲ့ရတယ်"

သူက အတိတ်ပုံရိပ်တွေဟာ flash back ပြန်
သလို မျက်လုံးထဲမှာ တရိပ်ရိပ် ပြန်မြင်ယောင်လာကာ မျက်
တွေတောင် ဝဲတက်လာရသည်။ သူ့ရဲ့အနာဂတ်တွေ ပျက်စီး
တာတွေအတွက် သူက လက်သီးကို ကျစ်ကျစ်ပါအောင်
ထားရင်း ဆက်ပြောဖြစ်သည်။

"ဒယ်ဒီက မြန်မာပြည်ကို ပြန်လာရင် အတိတ်တွေ
ရမှာစိုးလို့ ဆိုတဲ့ အကြောင်းပြချက်နဲ့ ဟိုမှာ လုပ်ငန်း
လုပ်တယ်။ ကြာလေ ငါနဲ့တွေ့ဖို့ အချိန်ဆိုတာ နည်း
လေပဲ ...

နောက်ဆုံးတော့လည်း ဒယ်ဒီက အဲဒီက အ
တစ်ယောက်နဲ့ လက်ထပ်လိုက်တယ်။ ငါနဲ့ဒယ်ဒီ အဲဒီ
စပြီး သဘောထားတွေ ကွဲလွဲတယ်။ ပြဿနာတွေ တ
ကြတယ်။ ဒယ်ဒီက သူ့ရဲ့စီးပွားရေးကို ဒီထက် တက်





ထက်တက်ဖို့ သူ့ နိုင်ငံခြားသူကို ယူလိုက်တဲ့အခါ ငါနဲ့ နေ့တိုင်း ပြဿနာတက်လွန်းလို့ ဒယ်ဒီက မြန်မာနိုင်ငံမှာ ရှိတဲ့ လုပ်ငန်းတွေအားလုံးကို ငါ့ကို လွှဲပေးပြီး ဒီကိုပြန်ပို့လိုက်တယ်"

"..........."

"အဲဒါကြောင့် ဒယ်ဒီ့ဆန္ဒအရ ဒီမှာ ပြန်လာနေခဲ့ရတယ်။ မင်းတို့စိတ်ထဲမှာ ဘဝင်မကျ ဖြစ်နေတဲ့ ငါ တစ်ချိန်လုံး party တွေ လုပ်ပေးနေတယ် ဆိုတာက ဒယ်ဒီ သေချာ တည်ဆောက်ခဲ့တဲ့ စီးပွား system ကြီးကို ငါက ဖျက်ဆီးမယ့် ရည်ရွယ်ချက်နဲ့ လုပ်နေတာပဲ။ လောကမှာ ငွေထက် ချစ်ခြင်းမေတ္တာက တန်ဖိုးရှိတယ် ဆိုတာ ဒယ်ဒီသိဖို့ သူ့ရဲ့စည်းကမ်းတကျ ဝန်ထမ်းတွေကို ငါ အပျော်တွေပေးပြီး ဖျက်ဆီးနေတာပဲ ...

အဲဒါတွေ အားလုံးကို ပြန်တွေးကြည့်လိုက်ရင် ဘာလို့ ဖြစ်ရတာလဲ ဆိုတော့ အဲဒီ မြဲနေထက် ဆိုတဲ့ လူကြောင့်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက သူ့ရဲ့စိတ်ခံစားချက်တွေ အားလုံးကို ဖွင့်ချပြလိုက်လျှင် စိတ်ထဲမှာ အတန်ငယ် တင်းကျပ်မှုတွေတော့ ပေါ့သွားသလို ခံစားရလေသည်။

"သူသာ လူဆန်ခဲ့ရင် သူသာ အချစ်မေတ္တာကို တန်ဖိုးထားခဲ့ရင် မမလည်း သေမှာမဟုတ်ဘူး။ ဒယ်ဒီလည်း နိုင်ငံခြားကို ထွက်သွားပြီး နိုင်ငံခြားသူနဲ့ ယူမှာမဟုတ်ဘူး။ ဒီလိုအဖြစ်တွေ ဖြစ်ခဲ့ရတာဟာ မင်းရဲ့ချစ်သူကြောင့်ပဲ ဖန့်ဝါတန်ရှူး"

"ဖန့် ... ဖန့်ဝါ ဘာပြောရမှန်းတောင် မသိတော့ဘူး။ ဘော့စ်ရဲ့စိတ်ခံစားချက်တွေကို ဖန့်ဝါ နားလည်ပါတယ်။ ဒါပေမဲ့ တစ်ခုတော့ ပြောပါရစေ ...

ဘော့စ်ရဲ့အဖေ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းနဲ့ တည်ဆောက်ထားခဲ့တဲ့ လုပ်ငန်းတွေကို ဘော့စ်ဖျက်ဆီးပစ်မယ်ဆိုလည်း ပျက်စီးသွားမှာဟာ ဘော့စ်တို့မိသားစုရဲ့ စီးပွားရေးပဲ။ ကိုယ့်ကို ထိခိုက်စေတဲ့ တုံ့ပြန်မှုမျိုးကိုမလုပ်





ပါနဲ့ ဘော့စ်။ ဖန့်ဝါတို့လည်း တစ်သက်လုံး ဘော့စ်ဆီမှာ သစ္စာရှိတဲ့ အကျင့်မှန်ဝန်ထမ်းပဲ ဖြစ်ချင်ပါတယ်"

ထင်းလင်းက ဖန့်ဝါတန်ရှူးရဲ့ ရင့်ကျက်တဲ့စိတ်ကို အံ့သြရစွာ တအံ့တသြ လှည့်ကြည့်မိသည်။ ဖန့်ဝါရဲ့မျက်နှာဟာ ခါတိုင်းထက် ပိုပြီးအေးချမ်းနေသလိုပဲ ဖြစ်သည်။

"မင်း အဲဒီ မြနေထက်ကို မမုန်းဘူးလား ဖန့်ဝါ။ အေးပေါ့လေ။ အဲဒီ အဖြစ်အပျက်တွေဟာ မင်းမှ မခံစားခဲ့ဘူးတာ။ ပြီးတော့ အဲဒီကောင်က မင်းရဲ့ချစ်သူလေ"

"အဲဒီလို မဟုတ်ပါဘူး။ ဘော့စ် ခံစားနေရတာကို ဖန့်ဝါ ထပ်တူကိုယ်ချင်းစာပေးလို့ ရပါတယ်"

"အဲဒါဆို မင်း ကိုယ့်ကို ကူညီပေးပါ ဖန့်ဝါတန်ရှူး"

"ဘာကိုလဲ ဘော့စ်"

"မြနေထက်ကို လက်စားချေမယ်။ သူ့ရဲ့ချစ်သူ မင်းက ငါ့ရဲ့ချစ်သူအဖြစ် မင်း နေပေးပါ။ သူ တန်ဖိုးထားတဲ့ အရာကို ငါ ပိုင်ဆိုင်တယ်ဆိုတာ သူ သိစေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထင်းလင်းက သူ့ရည်ရွယ်ချက်ကို ဖွင့်ပြောပြလိုက်လျှင် ဖန့်ဝါက အတန်ငယ်တော့ ငြိမ်သက်သွားကာ ...

"ဘော့စ်ကို ကူညီဖို့က မခက်ပါဘူး။ ဒါပေမဲ့ ဘော့စ်မှားနေပြီ။ ကိုကြီး တန်ဖိုးထားတာဟာ ဖန့်ဝါ မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"ကိုကြီး တန်ဖိုးထားပြီး ဒီနေ့အထိ မမေ့နိုင်တာဟာ ဘော့စ်ရဲ့အစ်မကိုပါ"

"ဘာ"

သူက အဲဒီစကားကြောင့် မယုံနိုင်စွာဖြင့် အာမေဋိတ်ပြုလိုက်လျှင် ဖန့်ဝါဟာ ထပ်မံ၍ အတည်ပြုပေးလေသည်။

"သူ့ရဲ့သကြၤန်အတိတ်ဟာ ဘာဆိုတာ ဖန့်ဝါ အခုမှသိခဲ့တာပါ။ ဒါပေမဲ့ ကိုကြီးက သကြၤန်တိုင်းမှာ အမြဲတမ်း ကုသိုလ်ကောင်းမှုလုပ်တယ်။ အပြင်လည်တာတို့ မလျှာပ်ထိုင်တာတို့ကို သူ လုံဝလက်မခံဘူးဆိုတာ ဘော့စ် သိနေတာပဲ။ သူ မှားခဲ့တဲ့ စကားတစ်ခွန်းအတွက် ခါးသီးစရာ





အတိတ်ရှိခဲ့တဲ့ အပေါ်မှာ သူ တစ်သက်လုံး ဆိုက်ကိုဖြစ်ခဲ့ရတယ် ဆိုကတည်းက သူ ဘာကိုတန်ဖိုးထားလဲဆိုတာ ရှင်းနေတာပဲလေ။ တကယ်တော့ ဖန့်ဝါက အဖြည့်ခံသက်သက်ပါ ...

မပြည့်မယ့် ကွက်လပ်အတွက် ရှိနေရုံလေး နေရာရခဲ့တာပါ။ ဖန့်ဝါနဲ့ target ယူပြီး ဘော့စ် လက်စားချေလည်း ဘာမှ မထူးပါဘူး"

ဖန့်ဝါရဲ့ စကားအဆုံးမှာ ဖန့်ဝါမျက်ရည်တစ်စက်တောက်ခနဲ ကျသွားတာကို သူက သတိထားမိသွားသည်။ အဲဒီစကားတွေအတွက် သူ့ရင်ထဲမှာ ဆစ်ခနဲတော့ ဖြစ်သွားသည်။

"မင်း အဲဒီလိုတော့ မပြောပါနဲ့။ မင်းကို သူ မချစ်ဘဲနဲ့ ကိုယ့်ဆီကို ဖုန်းဆက်မှာ မဟုတ်ပါဘူး"

"ဘော့စ်ရယ် ... အဲဒါကလည်း သကြၤန်အတွက်ကြောင့်ပဲလေ။ ဘော့စ်မလျှာပ်မှာ ဖန့်ဝါ ရှိနေခြင်းကို သူမှ မနှင်မြို့တာ"

www.burmeseclassic.com



မနှစ်မြို့ဘူး။ အဲဒီ မနှစ်မြို့တာကို အခြေခံပြီးပဲ သူ လုပ်ရမှာပေါ့။ ထင်းလင်းက idea ရသွားကာ ဖန့်ဝါကို ခပ်ရှူးရှူး စိုက်ကြည့်ကာ ...

"ဘာပဲဖြစ်ဖြစ် မင်း ငါ့ရဲ့ချစ်သူ ဖြစ်ပေးနိုင်မလား ဖန့်ဝါ"

"ရှင်"

"ပြောလေ။ မင်းပဲ ငါ့ကို ကူညီဖို့က မခက်ဘူးဆို။ ဖြေပါ ငါ့ရဲ့ချစ်သူ ဖြစ်ပေးနိုင်မလား"

"ဟုတ် ... ဟုတ်ကဲ့။ ကူညီတာ ဆိုတော့ ..."

"ရပြီ ... ဒီလောက်ဆို။ မင်း မထွက်သွားဖို့ ပြင်နေတာမလား။ သွားပြင်တော့။ မင်းနဲ့ ကိုယ် အတူတူ သွားမယ် ဖန့်ဝါ"

"ဘယ်ကို သွားမလို့လဲဟင်"

"မင်းက ငါ့ချစ်သူလေ။ ငါ့ဘဝအတွက် အရေးပါတဲ့ လက်စားချေခြင်းမှာ မင်း ပါကို ပါမှဖြစ်မှာပေါ့။ ကဲပါ သကြ်န်စတိုင်လ်လေး သွားပြင်လာခဲ့"



ဖန့်ဝါက ယောင်နနဖြင့် ခေါင်းညိတ်ပြလိုက်ကာ အပေါ်ထပ်သို့ တက်သွားလေသည်။ ထင်းလင်းက ဒယ်ဒီ့ကိုတောင် ဒီကိစ္စ လှမ်းမပြောရသေးဘဲ ကိုယ့်ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့အတူ ရန်ငြိုးဖွဲ့ဖို့အတွက် ဖန့်ဝါကိုပါ စစ်ကူတောင်းလိုက်ပြီဖြစ်သည်။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com







သင်္ကြန်အကြတ်နေ့ကို ရောက်ပြီဖြစ်သဖြင့် အရမ်းအရမ်းကို လူက ပိုစည်လာကာ ရေပက်ခံကားတွေကလည်း ပိုတောင်များလာပြီဖြစ်သည်။ ဘော့စ်ဟာ ဖန့်ဝါတို့တွေ မဏ္ဍပ်သွားဖို့ ပြင်ဆင်ပြီးတာနှင့် ဒီနေ့ ရေပက်ခံထွက်ဖို့ စီစဉ်ထားတယ် ဆိုတဲ့စကားကြောင့် ဖန့်ဝါတို့က အရမ်းပဲ အံ့သြရလေသည်။

"ဘာဖြစ်လို့လဲ ဘော့စ်။ မဏ္ဍပ် ရှိနေတယ်လေ"

"ဘာမှ မဖြစ်ပါဘူး။ ဒီအတိုင်းပဲ စီစဉ်လိုက်တာလေ။ မမအေးပါ လိုက်မှာ။ မမအေး ... ပြောပြလိုက်ဦးလေ"

"ဟုတ်တယ် ... ဖန့်ဝါရဲ့။ မမအေးပဲ ဒီအကြံ ပေးလိုက်တာ၊ တို့တွေ တစ်နေကုန် နှစ်ရက်လုံး မဏ္ဍပ်မှာပဲ ရေပက်နေတဲ့ဟာ။ ဒီတစ်ခါတော့ ကိုယ်က တစ်လှည့်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ရေပက်ခံကြတာပေါ့။ ဘော့စ်က ကားလည်း စီစဉ်ပေးထားတယ်"

ဖန့်ဝါက မမအေးရဲ့ တိုက်တွန်းမှုကြောင့် ပျော်ရွှင်မှုကို မငြင်းချင်တာမို့ သကြန်ကားနှင့် ရေပက်ခံထွက်ဖို့ လိုက်လာခဲ့သည်။ ဒါပေမဲ့ ဘော့စ် အဲဒီလို စီစဉ်တာဟာ အကြောင်းတစ်ခုခုတော့ ရှိမယ်ဆိုတာ ဖန့်ဝါက သဘောပေါက်ရလေသည်။

"ဖန့်ဝါ ... မင်း အဲဒီလောက်ထိ ခေါင်းစားမနေပါနဲ့။ သကြန်တွင်းမှာ ကိုယ် အကြာကြီး စိတ်အညစ်မခံနိုင်လို့ ရေပက်ခံထွက်လိုက်တာပါ။ မင်းရဲ့အပေါင်းအသင်းတွေ ပျော်နေသလို မင်းလည်း လွတ်လွတ်လပ်လပ် ပျော်ပါ ဖန့်ဝါ"

ဖန့်ဝါက ရေတွေကြားမှာ ခုန်ပေါက်မြူးတူးနေတဲ့ ကြားက ဘေးနားကို ကပ်လာကာ ခပ်တိုးတိုး ပြောတာမို့ ဖန့်ဝါက ဘော့စ်ကို အသာငေးမောကြည့်သည်။ ဘာမှ ပြန်မပြောရသေးခင်မှာ ဘော့စ်ရဲ့ ကြင်နာမှုပြည့်နှက်နေတဲ့ မျက်ဝန်းတွေအောက်





မှာ ခဏလေး ငြိမ်သက်မိနေတုန်းမှာ မဏ္ဍပ်တစ်ခုရှေ့ ကားရပ်လိုက်၍ အလုံးအရင်းနှင့် ဝင်လာသော မီးသတ်ပိုက်ဒဏ်ကို ဘော့စ်က ဖန့်ဝါကို သူ့ကိုယ်ဖြင့် ကာထားရင်း ရေဒဏ်တွေကို သူပဲ ကြုံကြုံခံထားကာ ဖန့်ဝါကို ကာကွယ်ပေးထားသည်။ ရေတွေကြားက ကာကွယ်ထားတဲ့ အနွေးဓာတ်ဟာ လုံခြုံကာကွယ်မှုကို ပေးစွမ်းမှု ရှိလေသည်။

"ချမ်းနေပြီလား ဖန့်ဝါ"

"အင်း ... အဆင်ပြေပါတယ်"

"ဝေး ... ဟေး ... ဟေး ... ဟိုကားပေါ်ကစုံတွဲ ဝေးနေတယ်။ လေစိမ်းတွေ အတိုက်မခံနဲ့။ ချမ်းတယ် ... ချမ်းတယ်"

အလှမ်းနည်းနည်းကွာတဲ့ အနေအထားနဲ့ ဖန့်ဝါနှင့် ဘော့စ်က စကားပြောနေတာကို ဘေးကားတွေက လှမ်းနောက်ကြတာမို့ ဖန့်ဝါက ရှက်တက်တက် ဖြစ်သွားရသည်။

"အဟမ်း ... အဟမ်း"

www.burmeseclassic.com

www.burmeseclassic.com



"မမအေးနော် ..."

"မင်းနဲ့ကိုယ်က အခု ချစ်သူတွေပဲဟာ။ စပါစေ"

"သော့စ် ... ဘာတွေ ပြောနေတာလဲ။ အဲဒါ တကယ်မှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ်လေ။ အဲဒါ ကူညီတာပဲဟာ။ ကူညီတာလည်း တကယ်ပဲပေါ့။ မဟုတ်ဘူးလား"

ဖန့်ဝါက လိုရာကိုဆွဲပြောနေတဲ့ သော့စ်ကို ခေါင်းအသာယမ်းခါ ပြလိုက်သည်။

သွားနေကျ flow အတိုင်း ဖြစ်နေတဲ့ သကြန်ဇာတ်လမ်းမျိုးတော့ ဖန့်ဝါ အဖြစ်မခံနိုင်ပေ။

"သော့စ် ... အဲဒီစကားမျိုးကို နောက်ထပ်, ထပ်မပြောပါနဲ့။ ဖန့်ဝါက သော့စ် အထင်သေးခံရဖို့ သော့စ်ကိုကူညီနေတာ မဟုတ်ဘူး"

"ဟို ... ဖန့်ဝါ ... ကိုယ်ပြောတာ"

"တော်ပါပြီ။ ဆက်လည်း မကြားချင်တော့ဘူး"





ဖန့်ဝါက စိုစိုရွှဲနေတဲ့ သကြန်ရေကြားထဲကနေ အဲဒီရေတွေနဲ့အတူ မျက်ရည်တစ်စက်က တောက်ခနဲ ကျသွားခဲ့တာကို ဘယ်သူမှ မသိလိုက်ပေ။

❋ ❖ ❋

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မေမင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မဗိန္ဒာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**



www.burmeseclassic.com

www.burmeseclassic.com







16.4.2015. (Thursday)

မဟာသင်္ကြန် အတက်နေ့

www.burmeseclassic.com

www.burmeseclassic.com







## (၁၄)

မနေ့က ဖန့်ဝါ သူ့ကို စိတ်ဆိုးသွားတယ် ဆိုတာ သူ သိပါသည်။ သူကိုယ်တိုင်ကလည်း မနေ့က ဒေါသစိတ်တွေများကာ ဟိုလူ မြနေထက်ကို အနိုင်ယူချင်စိတ်တွေကြောင့် သူ ဖန့်ဝါကို စကားပြောဆိုတဲ့ နေရာမှာ ဖော်ဆောင်းလ်တွေများကာ ကြောသလို ဖြစ်သွားတယ်ဆိုတာ သူ သိပါသည်။ အခုမှ နောင်တရကာ ဖန့်ဝါကို အရမ်းပဲ အားနာနေမိသည်။

ပြီးတော့ ဒီကနေ့က အတက်နေ့၊ သင်္ကြန်နောက်ဆုံးရက်ဆိုတော့ မဏ္ဍပ်မှာလည်း လူတွေက စုံနေပြီဖြစ်သည်။ ပြီးတော့ ဒီနေ့က မမရဲ့ နှစ်ပတ်လည်နေ့ ဖြစ်၏။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မနေ့က သူပြောတာ လွန်ခဲ့တဲ့အပေါ် တောင်းပန်ချင်သေးတာမို့ သူက ဖန့်ဝါ ဒီနေ့ မထွာပ်အလာကို စောင့်နေတာဖြစ်သည်။

"ဘောဇ် ... ဘောဇ် မျက်နှာကြီးက သုန်မှုန်နေတာပဲ။ ဘာများ စိတ်အခန့်မသင့် ဖြစ်လို့လဲဟင်"

ကိုကျော်ဇင်က သူ့ကို လာစပ်စုနေတာမို့ ထင်းလင်းက ခေါင်းအသာယမ်းပြရင်း ...

"အေးရာအေးကြောင်း နေစမ်းပါ ကိုကျော်ဇင်ရာ။ ကျွန်တော် စိတ်ရှုပ်နေတယ်"

"ဘောဇ် ... အရင်တုန်းက ကိစ္စတွေကို သတိရနေတာလား"

"ဟုတ်တယ်။ ဒီလိုနေ့တွေဟာ သူများတွေအတွက်တော့ အပျော်ဆုံး ဖြစ်လိမ့်မယ်။ ကျုပ်အတွက်ကတော့ ဝမ်းအနည်းဆုံးနေ့ပဲ"

ထင်းလင်းက စိတ်ညစ်ညူးစွာဖြင့် လေပူတစ်ခုကို မှုတ်ထုတ်လိုက်သည်။ သူ့စိတ်တွေဟာ တကယ်ပဲ ရှုပ်ထွေးနောက်ကျိနေတာဖြစ်သည်။ အထူးသဖြင့် ဒီနေ့လို နေ့မျိုးဟာ သူ့အတွက် ပိုပြီးကြေကွဲမှုတွေ ဖြစ်စေသည်။





"ဘောဇ် ဘာလုပ်ချင်သလဲ။ ဘာဖြစ်ချင်လဲ။ ကျွန်တော် ဘာလုပ်ပေးရမလဲဟင်"

သူ့ကို ဘေးနားကနေ နှစ်သိမ့်ပေးနေတဲ့ ကိုကျော်ဇင်ကို သူက တစ်ချက်ကြည့်ရင်း သူ့ခံစားချက်တွေကို ရင်ဖွင့်ဖြစ်သည်။

"ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် ဘာတွေ လျှောက်လုပ်မိနေလဲ မပြောတတ်တော့ဘူးဗျာ။ ကျွန်တော် စိတ်ထင်ရာတွေ တော်တော်လုပ်ခဲ့မိတယ်။ ကျွန်တော့်ကို ဘေးကနေ စောင့်ရှောက်ပေးတဲ့အတွက် ကိုကျော်ဇင့်ကို ကျွန်တော် ကျေးဇူးအများကြီး တင်ပါတယ်"

"မလိုပါဘူး ဘောဇ်ရယ်။ ကျွန်တော်တို့အပေါ်ကို ဘောဇ်ရဲ့အဖေ ဦးမြတ်သာရဲ့ ကျေးဇူးတရားတွေမှ အများကြီးပါ။ ဘောဇ်ကို စောင့်ရှောက်ပေးရမှာ ကျွန်တော်တို့ တာဝန်ပါ။ နောက်ပြီးတော့ ဘောဇ် ဒီသကြ်န်ပြီးရင် ပျော်ပွဲရွှင်ပွဲတွေကို ငွေကုန်ခံပြီး မလုပ်ပါနဲ့တော့ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တွေ အားလုံး စည်းမပျက်အောင် ကိုယ့်ကိုယ်ကိုယ် ထိန်းကြသလို ဒီကုမ္ပဏီကြီးအတွက် အမြဲတမ်း အကျင့်မှန်ဝန်ထမ်းတွေ ဖြစ်ရမယ်လို့ ကိုယ့်ကိုယ်ကိုယ် မောင်းတင်ထားပြီးသားပါ ...

ဘော့စ်ကိုလည်း ကျွန်တော်တို့က ဘော့စ်ရဲ့အဖေလို leader ကောင်းတစ် ယောက် ဖြစ်စေချင်တာပါ။ ဘော့စ်ကို ကျွန်တော်တို့ အားလုံး မျှော်လင့်နေကြပါတယ်"

သူဟာ မဆိုင်တဲ့သူတွေကို သွားပြီး ဖျက်ဆီးနေသလို ဖြစ်မိပြီဆိုတဲ့ နောင်တက ရင်မှာ လာပိုက်လေသည်။ သူက ဖျက်ဆီးချင်တဲ့စိတ်နဲ့ သူ့စည်း သူ့ကမ်းနဲ့ အလုပ်လုပ်ကြတဲ့ ဝန်ထမ်းတွေကို သူက အလုပ်လုပ်ချင်စိတ်တွေ ပေါ့ပြီး အပျော်တွေဘက်ရောက်အောင် ဖျက်ဆီးနေမိတာပဲ ဖြစ်သည်။

"ကျွန်တော် အများကြီး မှားသွားပြီဗျာ။ ကျွန်တော့်စိတ်ထဲမှာ အလိုမကျတာနဲ့ပဲ အားလုံးကို ဖျက်ဆီးသလို ဖြစ်ခဲ့ရပြီ"





"အဲဒီလို မတွေးပါနဲ့ ဘော့စ်ရယ်။ ဘော့စ်ကြောင့်ပဲ ကျွန်တော်တို့တွေ အားလုံး မရဘူးတဲ့ ပျော်ရွှင်မှုတွေ ရခဲ့ကြတာပါ။ ဘော့စ်စိတ်ထဲမှာ ဘာမှမထားပါနဲ့ ...

လာမယ့် ရုံးဖွင့်ရက်တွေကစပြီး ဘော့စ် ကျွန်တော်တို့ကို အကောင်းဆုံး အောင်မြင်မှုတွေရဖို့ စခိုင်းပေးဖို့ကိုပဲ ကျွန်တော် မျှော်လင့်ပါတယ်"

ကိုကျော်ဇင့် စကားတွေဟာ သူ့ရင်ထဲကို လင်းခနဲ ဝင်စေတဲ့ စကားလုံးတွေမို့ ထင်းလင်းဟာ ကိုကျော်ဇင့်ကို တကယ်ပဲ ကျေးဇူးတင်မိလေသည်။ တကယ်ဆို သူဟာ အတိတ်တွေထဲမှာ နစ်နစ်ပြီး သူ့ကို ဂရုစိုက်နေတဲ့ သူ့ကို မျှော်လင့်အားကိုးနေတဲ့ သူတွေကို လျစ်လျူရှုမိနေတာဟာ အမှားပဲ ဖြစ်လေသည်။

"စိတ်ချပါ။ ကျွန်တော့်ဒယ်ဒီလို အရည်အချင်းရှိတဲ့ လူတစ်ယောက်ဖြစ်ဖို့ ကျွန်တော် ကြိုးစားမှာပါ။ ကိုကျော်ဇင်တို့ မျှော်လင့်ထားတဲ့ leader ကောင်းတစ်ယောက် ဖြစ်အောင် ရပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဝမ်းသာလိုက်တာ ဘော့စ်ရယ်။ ဒီနှစ်သစ်က ကျွန်တော်တို့တွေအတွက် တကယ့်ကို မင်္ဂလာရှိသွားပါပြီ"

"အင်း ... ကျန်တဲ့ကိစ္စလေးတွေ ကျွန်တော် ဆက်ရှင်းစိုရှိပါသေးတယ်"

"ခင်ဗျာ ... ဘာလဲ ... ဘော့စ်"

ထင်းလင်းက ကိုကျော်ဇင့် မေးခွန်းအတွက် ဘာမှ ပြန်မဖြေဘဲ မဏ္ဍပ်ဘက် အသာလှမ်းကြည့်လိုက်ရင်း ...

"ဖန့်ဝါ ရောက်ပြီလား ကိုကျော်ဇင်"

"ဖန့်ဝါ မရောက်သေးဘူး"

ဒီအချိန်ထိ ရောက်မလာသေးဘူးတဲ့လား။ ဖန့်ဝါ သူ့ကို တော်တော်စိတ်ဆိုးသွားပြီ ထင်သည်။ အသည်းနှလုံးမှာ ဒဏ်ရာရနေတဲ့ ဖန့်ဝါကို သူက ထပ်မံပြီး နာကျင်စေမိသည်။ ဒီနေ့ဟာ သင်္ကြန်နောက်ဆုံးနေ့ ဖြစ်သည်။ ဖန့်ဝါလည်း ပျော်ကို ပျော်ရွှင်စေရမည်။ ထင်းလင်းက ကားသော့ကို ကောက်ကိုင်လိုက်ကာ မတ်တတ်ထရပ်လိုက်လျှင် ကိုကျော်ဇင်က သူ့ကို လှမ်းမေးလေ၏။





"ဘော့စ် ... ဘယ်သွားမလို့လဲ။ ကားတွေ အရမ်းကျပ်နေတယ်"

"ကျွန်တော် သွားမှဖြစ်လိမ့်မယ်။ ကျွန်တော့် အမှားအတွက် တောင်းပန်မှ ဖြစ်လိမ့်မယ်"

ထင်းလင်းက ခပ်သွက်သွက်ပင် မဏ္ဍပ်က ထွက်လာခဲ့သည်။ မင်းကို ကိုယ် အထင်သေးတဲ့စိတ်နဲ့ ပြောခဲ့တာ မဟုတ်. သလို လဂ်စားချေချင်တဲ့စိတ်နဲ့လည်း ပြောခဲ့တာ မဟုတ်ပါဘူး ဖန့်ဝါ။ မင်းကို ချစ်တဲ့စိတ်ကြောင့် မင်းနဲ့ ချစ်သူဖြစ်ချင်စိတ်ကြောင့် ကိုယ် လောမိသွားတာကို ခွင့်လွှတ်ပေးပါ ဖန့်ဝါ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com







ဒီသင်္ကြန်ဟာ ဖန့်ဝါအတွက်တော့ စိတ်ညစ်ရ စိတ်မကောင်းဖြစ်ရတာတွေနှင့်သာ ပြည့်နှက်နေတာမို့ နောက်ဆုံး တစ်ရက်ပဲကျန်တဲ့ ဒီသင်္ကြန်အတက်နေ့ တစ်ရက်မှာတော့ ဖန့်ဝါ လည်ချင်ပတ်ချင်စိတ်လည်း မရှိတာကြောင့် ဖန့်ဝါ တစ်ယောက် တည်း အိမ်မှာနေခဲ့လိုက်သည်။ အချစ်ဟာ လူတွေအတွက် ဆိုးကျိုးဖြစ်စေတဲ့ အရာပဲ ဖြစ်သည်ဟု ကြားခဲ့ဖူးတဲ့ စကားတွေ ဟာ တကယ်ပဲ မှန်ခဲ့ပြီဖြစ်၏။

ပျော်ချင်လို့ သင်္ကြန်မှာလည်ဖို့ မဏ္ဍပ်ထိုင်ဖို့ ဆုံး ဖြတ်ကာ တကယ်ပဲ ပျော်ခဲ့မယ် ထင်ခဲ့ပါသော်လည်း တကယ် တမ်းမှာ ဖန့်ဝါအတွက် ပျော်ရွှင်မှုက မရှိခဲ့ချေ။

"တီ တီ ... တီ တီ"

www.burmeseclassic.com

www.burmeseclassic.com



ခြံရှေ့က ဟွန်းသံကြောင့် ဖန့်ဝါက ဒီကနေ့ရဲ့ သင်္ကြန်မြင်ကွင်းတွေကို TV က ပြနေတာကို မကြည့်နိုင်တော့ဘဲ ခြံထဲဆင်းလာခဲ့တော့သည်။ ဘယ်သူများပါလိမ့်လို့ ကြည့်လိုက်လျှင်တော့ ဖန့်ဝါ လုံးဝထင်မထားသူမို့ ဖန့်ဝါက တကယ်ကိုပဲ အံ့အားတသင့် ဖြစ်ရလေသည်။

"မေ ... မေမေ"

"မေမေ လုပ်မနေနဲ့။ ခုချက်ခြင်း တံခါးဖွင့်စမ်း"

မေမေက ဘယ်လိုဖြစ်ပြီးတော့ ဒီရောက်လာတယ်ဆိုတာ အထူးတလည် စဉ်းစားနေဖို့ကို မလိုတော့ချေ။ ကိုကြီးရဲ့ ကားနဲ့ လာခဲ့တာဖြစ်တာမို့ ကိုကြီး တစ်ယောက် မေမေ့ဆီသွားတိုင်ပြီး မေမေ့ကိုပါ တစ်ပါတည်း ခေါ်လာခဲ့တယ်ဆိုတာ အသိသာချည်းပဲ ဖြစ်သည်။

ဖန့်ဝါက ခြံတံခါးကို ဆွဲဖွင့်ပေးလိုက်လျှင် မေမေနဲ့ ကိုကြီးက ခြံထဲထိ ကားမောင်းဝင်လာကာ မေမေက ကားပေါ်က ဆင်း၍ ဒေါကြီးမောကြီးဖြင့် ပြောတော့တာဖြစ်သည်။





"ဖန့်ဝါ ဘယ်လိုတွေ ဖြစ်ကုန်တာလဲ။ သမီးကို မေမေ စိတ်ချလို့ ထားခဲ့တာလေ"

"ဟုတ် ... ဟုတ်ပါတယ် မေမေရဲ့။ ဖန့်ဝါက ဘာလုပ်လို့လဲ"

"မေမေ့ကို မောင်နေထက် အားလုံး ပြောပြပြီးပြီ။ သမီးနဲ့ သမီးဘော့စ် ဆိုတဲ့သူက ဘာတွေလဲ။ ဘယ်လိုပတ်သက်နေကြတာလဲ"

မေမေ့ဆီက ဒီစကား ထွက်လာပြီမို့ ဖန့်ဝါက မေမေ့ဘေးမှာ ရပ်နေတဲ့ ကိုကြီးကို ဆတ်ခနဲ ကြည့်လိုက်မိသည်။

"ဖန့်ဝါ ... မောင်နေထက်ကို အပြစ်မမြင်နဲ့။ သမီး ... မေမေ မေးတာကိုဖြေ။ သမီးနဲ့ အဲဒီကောင်လေး ဘယ်လိုပတ်သက်ကြလဲ"

"မေမေ ... မေမေ ဖန့်ဝါကို မယုံဘူးလား"

"ဟုတ်တယ် မဟုတ်ဘူးကိုပဲ သိချင်တာ သမီး။ မောင်မြနေထက်ကလည်း မေမေ့ကို ဒီကိစ္စ ရှင်းပေးပါလို့ လာပြောနေလို့ မေမေ တရားစခန်းကနေတောင် ထွက်လာခဲ့ရတာ"



www.burmeseclassic.com

www.burmeseclassic.com



ဖန့်ဝါက ဖန့်ဝါအပေါ်ကို ယုံကြည်မှု လုံးဝကင်းမဲ့လေသော ကိုကြီးကို တကယ်ပဲ ကြာလေ စိတ်ကုန်သွားလေဖြစ်လာသည်။

"ကိုကြီး ... ဒီကိစ္စက လူကြီးတောင် သွားခေါ်လာရလောက်အောင် ဖန့်ဝါရဲ့ အနေအထိုင်က လော်လီဖောက်ပြားနေလို့လား"

"ဖန့်ဝါ ... ညည်း ငါမေးတာကို အရင်ဖြေဦးလေ။ ဘာမှ ပတ်ယမ်းမနေနဲ့"

"မဟုတ်ဘူး မေမေ။ ဖန့်ဝါက ပျော်ရွှင်မှုကိုပဲ လိုချင်ခဲ့တာ။ မေမေ့ရှေ့မှာပဲ သမီးနဲ့ ကိုမြနေထက်ရဲ့ကိစ္စကို ဖျက်လိုက်ဖို့ ပြောပါရစေ"

"ဖန့်ဝါတန်ရူး"

"အန်တီ ... ခဏလေးပါ။ ဖန့်ဝါ ... မင်း ဘာဖြစ်လို့ ဒီလောက်ထိ ပြောင်းလဲသွားတာလဲ။ ကိုယ်တို့ကိစ္စက ကလေးကစားနေတာ မဟုတ်ဘူး။ စကားကို မင်း လွယ်လွယ် မပြောပါနဲ့"





ဖန့်ဝါက အဲဒီစကားကြောင့် ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်း နာကျင်ခြောက်ကပ်စွာ ပြောလိုက်မိသည်။

"စကားကို လွယ်လွယ် ဖန့်ဝါ ဘယ်တုန်းကမှ မပြောခဲ့ဘူး။ ပြီးတော့ ဘယ်တုန်းကမှလဲ ကိုယ့်ပျော်ရွှင်မှုရဖို့အတွက် ကိုယ့်ဂုဏ်သိက္ခာ ရှိဖို့အတွက် သူများကို ဘယ်တုန်းကမှ စိတ်မဆင်းရဲစေဖူးဘူး"

"မင်း ဘာကို ဆိုလိုချင်တာလဲ ဖန့်ဝါ"

"ကောင်းပြီလေ။ သိပ်သိချင်တယ် ဆိုတော့လည်း ပြောပြရတာပေါ့။ ရှင့်ရဲ့ အပြစ်တွေမှ တန်းစီနေတာပဲ ...

နံပါတ်(၁) ရှင် ဖန့်ဝါကို မချစ်ဘဲ သကြိန်မလည်တတ်တဲ့ အကျင့်ကြောင့် ရှင် လက်ထပ်ဖို့ ဖွတ်ဆုံးဖြတ်ခဲ့တယ် ...

နံပါတ်(၂) ရှင့်ရဲ့ သကြိန်က အတိတ်တွေကို ရှင် အခုထိ မမေ့ဖျောက်နိုင်ဘဲ ဖန့်ဝါကို ချုပ်ချယ်တယ်"

"ဖန့်ဝါ ... မင်း ဘာတွေပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာတွေ ပြောနေတာလေ။ ရှင် သိပ်အံ့ဩနေတယ်မှလား။ ရှင့်ကြောင့် သင်္ကြန်မှာ ဆုံးသွားခဲ့ရတဲ့ ရှင့်ရဲ့ချစ်သူ မရှင်းလင်းသာကို မမေ့နိုင်ဘဲ ဖန့်ဝါကို ဘာဖြစ်လို့ ရွေးနေသေးတာလဲ"

ဖန့်ဝါရဲ့ အဆုံးစွန်သော စကားတို့အဆုံးမှာ ကိုကြီးက သိသိသာသာကို မျက်နှာပျက်သွားကာ ဖန့်ဝါကို အထိတ်ထိတ် အလန့်လန့်ဖြင့် ကြည့်ကာ ...

"မင်း ... မင်း ... ဒါတွေကို ဘယ်လိုလုပ် သိနေတာလဲ"

"သိနေတာပေါ့။ ရှင် အခု ဖန့်ဝါနဲ့ စွပ်စွဲပြီး တစ်ချိန်လုံး ရန်လိုနေတဲ့ ဘော့စ်က မရှင်းလင်းသာရဲ့ မောင်အရင်းခေါက်ခေါက် ထင်းလင်းသာပဲ ...

ရှင် သင်္ကြန်မှာ ပြောလိုက်တဲ့စကားလေး ပေါ့ပေါ့ပါးပါး တစ်ခွန်းက ဘော့စ်တို့မိသားစုဘဝကို ပျက်စီးစေခဲ့တယ်။ ကိုကြီးကတော့ အခုချိန်ထက်ထိ သင်္ကြန်ဆိုက်တွေနဲ့ပဲ အချိန်တွေ ကုန်တယ်။ ဖန့်ဝါကိုကော မရှင်းလင်း



သာလိုပဲ စိတ်ဆင်းရဲစေချင်နေလို့လား။ ဖန့်ဝါကို မချစ်တဲ့သူ ရင်ထဲမရှိတဲ့သူကို ဖန့်ဝါ ဆွဲမထားဘူး"

"တော်ပါတော့။ တော်ပါတော့ ဖန့်ဝါ။ ဟုတ်တယ် ... ကိုယ် ဝန်ခံတယ်။ ရှင်းလင်းကို ကိုယ်ပြောခဲ့တယ်ဆိုတာ သူ့အဖေက ကိုယ်နဲ့ သဘောမတူလို့ ကိုယ် ဖြစ်ပါ့မလား ဆိုတဲ့စိတ်နဲ့ ပြောခဲ့မိတာ ...

ရှင်းလင်း ဆုံးသွားတော့ ကိုယ်လည်း ခံစားခဲ့ရတာပါပဲ။ ဒါပေမဲ့ ကိုယ် မင်းကို ဘယ်သူ့နေရာကိုမှ အစားထိုးခဲ့တာ မဟုတ်ဘူး ဖန့်ဝါ။ သင်္ကြန်ဟာ ကိုယ့်အတွက် အတိတ်ဆိုးတွေ ရှိခဲ့လို့ ကိုယ် မင်းကို ချုပ်ချယ်ခဲ့တာပါ"

"ကဲ ... ကဲ ... ဒီအချိန်မှာ သွေးပူနေတဲ့ အချိန်ဆိုတော့ ပြောတဲ့စကားတွေဟာ အမှားတွေပဲ ဖြစ်နေမှာပဲ။ သမီး ဖန့်ဝါ ... အခု မေမေနဲ့ အိမ်ပြန်လိုက်ခဲ့"

ဖန့်ဝါက မေမေ့ရဲ့စကားကြောင့် ခေါင်းအသာညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... မေမေ။ ဖန့်ဝါ မမအေးကို လှမ်းပြောလိုက်ဦးမယ်"

ဖန့်ဝါက ဖုန်းဘက်ကို လက်လှမ်းလိုက်လျှင်တော့ တိုက်ဆိုင်စွာပင် ဖန့်ဝါရဲ့ဖုန်းလေးက မြည်လာလေသည်။

"ဟယ်လို ... မမအေး။ ဖန့်ဝါလည်း အခုပဲ ဆက်တော့မလို့"

"ဖန့်ဝါ ... ဖန့်ဝါ ... အရေးကြီးတယ်။ မမအေး ပြောတာ နားထောင်ဦး ...

ဘော့စ်လေ ... ဘော့စ် ..."

မမအေးရဲ့အသံက အရေးတကြီးဖြင့် ကတုန်ကယင် ဖြစ်နေတာမို့ ဖန့်ဝါက ရင်ထဲမှာ ဒိန်းခနဲ ဆောင့်တက်လာကာ မမအေးကို အသည်းအသန် မေးရတော့သည်။

"မမအေး ... မမအေး ... ဘာဖြစ်တာလဲ။ ဘော့စ် ... ဘာဖြစ်လို့လဲ"

"ဘော့စ်လေ ... ဘော့စ် ကားဆက်စီးဒင့် ဖြစ်လို့တဲ့"





"ရှင်"

ဖန့်ဝါရဲ့နားထဲမှာ ကြားလိုက်ရတဲ့ စကားကြောင့် ဖန့်ဝါဟာ ဟိုးအမြင့်ကြီးကနေ ပြုတ်ကျလာတဲ့ သူတစ်ယောက်လို တစ်ကိုယ်လုံးက တုန်ယင်လှုပ်ခတ်ကာ ရင်ထဲမှာ ဆို့လို့နေလေသည်။

"ဖန့်ဝါဆီ အလာမှာ ဖြစ်တာ။ မအေးတို့လည်း အခုပဲ ဆေးရုံသွားကြမလို့"

ဖန့်ဝါရဲ့နားထဲမှာ ဘာမှကို မကြားနိုင်တော့။ ဘော့စ် အခုလိုဖြစ်တဲ့ သတင်းစကားကတင် လူကို ရူးလောက်အောင် ခံစားစေရ၍ ဘော့စ်ဆီကို အပြေးသွားဖို့အတွက် ကိုကြီးကိုပဲ အကူအညီ တောင်းရတော့သည်။

"ကိုကြီး ... ကိုကြီး ... ဖန့်ဝါကို ဆေးရုံလိုက်ပို့ပေးပါနော်။ ဖန့်ဝါ တောင်းပန်ပါတယ်"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com







ဖန့်ဝါက သတိလစ်မေ့မြောနေတဲ့ ဘော့စ်ကို ကြည့်ကာ မျက်ရည်တို့က အလိုလို ကျဆင်းလာလေသည်။ ဘော့စ်က ဖန့်ဝါဆီကိုလာရင်း အခုလို ဖြစ်ရတာတဲ့။ အသက်အန္တရာယ်မှ လွတ်ကင်းလာပြီ ဖြစ်သော်လည်း အခုထိ သတိမရသေးတဲ့ ဘော့စ်အတွက် ဖန့်ဝါဟာ ဘုရားစာတွေရွတ်ကာ ဘော့စ်သတိရလာဖို့ ဆုတောင်းနေရသည်။

"ဖန့်ဝါ ... ဘော့စ် မကြာခင် သတိရလာမှာပါ။ စိတ်မပူပါနဲ့"

"ငါ့ကြောင့် အခုလို ဖြစ်ရတာ"

"ဖန့်ဝါ ... ကိုယ် ပြန်လိုက်တော့မယ်"

ကိုကြီးက ဖန့်ဝါရဲ့ပခုံးတစ်ဖက်ကို ခပ်ဖွဖွပုတ်ကာ ပြောလျှင် အဲဒီတော့မှ ကိုကြီးတစ်ယောက် ဖန့်ဝါ ဘေးနားရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တာကို သတိရသွားမိသည်။ ကိုကြီး ပြန်တော့မယ် ဆိုတဲ့အခါ မှာတော့ ဖန့်ဝါက ဆေးရုံအဝင်းဝထိ ပြန်လိုက်ပို့ကာ ...

"ဖန့်ဝါကို လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်"

"ရပါတယ်။ ဪ ... ဖန့်ဝါ၊ ကိုယ် မင်းရဲ့ အဲဒီလောက် ပျော်ယာခတ်အောင် စိတ်ပူတတ်တဲ့ အမူအရာကို ကိုယ် အခုမှပဲ မြင်ဖူးတော့တယ်။ မင်းနဲ့ ထင်းလင်းသာက သိ နေတာ ကြာခဲ့ပြီလား"

ကိုကြီးရဲ့မေးခွန်းစကားက တကယ်ပဲ အဆန်း တကြယ် ဖြစ်ရတာမို့ ဖန့်ဝါက ကိုကြီးကို ငေးကြည့်မိလိုက်သည်။ ကိုကြီးက ဖန့်ဝါကို သိမ်မွေ့စွာ ပြုံးပြရင်း ...

"ကိုယ် တကယ်သိချင်လို့ မေးကြည့်တာပါ"

"ဘော့စ်နဲ့ ဖန့်ဝါက သိတာ တစ်လတောင် မပြည့်သေး ပါဘူး ကိုကြီး"

"ဟုတ်တယ် ... အင်း ... ကိုယ်နဲ့ ဖန့်ဝါကတော့ သိခဲ့ တာ နှစ်,နှစ်တောင် ရှိပြီ။ ကိုယ် နားလည်သွားပြီ ဖန့်ဝါ။





တကယ်တော့ အချစ်မှာ အချိန်ကာလထက် စိတ်ခံစားချက် က တကယ် အရေးကြီးတယ်ဆိုတာ ကိုယ် သိလိုက်ပါ ပြီ ...

ထင်းလင်းသာ သတိရလာရင် ကိုယ် သူ့ကို အရာအားလုံးအတွက် တောင်းပန်ပါတယ်လို့ ပြောပေးပါ ဖန့်ဝါ။ ကိုယ် သွားတော့မယ်"

ကိုကြီးရဲ့ ဆိုလိုရင်းတွေဟာ အရမ်ကို အဓိပ္ပာယ် လေးနက်စွာ ရှိတယ်ဆိုတာ ဖန့်ဝါ ခံစားမိသည်။ ကိုကြီးက ဖန့်ဝါကို ကျောခိုင်းထွက်ခွာပြီးမှ ပြန်လှည့်လို့ လာလေသည်။

"ဪ ... ဖန့်ဝါ၊ ခြောက်နာရီ ထိုးခါနီးပြီ။ ဒီနေ့က သကြိန်အတက်နေ့လေ။ ကိုယ် တစ်နှစ်မှ ဖန့်ဝါကို ရေမ လောင်းခဲ့ဖူးဘူး။ ကိုယ် ဖန့်ဝါကို ရေလောင်းလို့ ရမလား ဟင်"

ဖန့်ဝါက ကြည်နူး ကျေနပ်လွန်းလို့ ဘာစကားမှ မပြောနိုင်တော့ချေ။ ဖန့်ဝါရဲ့ စိတ်တွေဟာ အခုမှပဲ လွတ်လပ် ပျော်ရွှင်သွားသလို ခံစားမိသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ရ ... ရပါတယ်"

"အဲဒါဆို ခဏလေးစောင့်နော်"

ကိုကြီးက ဖန့်ဝါကို ခဏထားခဲ့ကာ ဆေးရုံအောက်ထပ်ကို မြန်မြန်ဆင်းသွားလေသည်။ ပြီးတော့ ရေသန့်ဘူးလေးတစ်ဘူးနှင့်အတူ ပီတောက်တစ်ခက်ကို ကိုင်လာကာ ကိုကြီးက ဖန့်ဝါရှေ့ ပြန်ရောက်လာသည်။

"ဖန့်ဝါရဲ့ သင်္ကြန်ရက်တွေကို ကိုယ် စိတ်အနှောင့်အယှက် ပေးမိတာ တောင်းပန်ပါတယ်။ ဒီပီတောက်တစ်ခက်က တောင်းပန်တာပါ။ ကိုယ် ရေလောင်းမယ်နော်"

ဖန့်ဝါက ခေါင်းအသာ ညိတ်ပြလိုက်လျှင် ကိုကြီးက ရေဘူးလေးကို ဖွင့်ကာ ဖန့်ဝါရဲ့ ပခုံးသားပေါ်သို့ အသာအယာ လောင်းလိုက်လေသည်။ အေးစိမ့်သော သင်္ကြန်ရေရဲ့ အထိအတွေ့နဲ့အတူ ဖန့်ဝါ ချုပ်ချယ်ခံရတယ်ဆိုတဲ့ စိတ်ဖိစီးမှုတွေက လွတ်မြောက်ကင်းစင်သွားသလို ခံစားရလေသည်။

❋ ❖ ❋





17.4.2015. (Friday)

## နှစ်ဆန်းတစ်ရက်နေ့

www.burmeseclassic.com

www.burmeseclassic.com







(၁၅)

အစကတော့ ဒီနေ့ဟာ နှစ်ဟောင်းက အညစ်တွေကိုစွန့်ပြီး နှစ်သစ်ကို ကူးပြောင်းတဲ့ ကာလမို့ ဖန့်ဝါတို့ အားလုံးဟာ ဘိုးဘွားရိပ်သာတွေသွားပြီး အလှူအတန်းလုပ် စတုဒိသာတွေကျွေးကာ ကုသိုလ်ယူဖို့ စိတ်ကူးထားခဲ့ပေမယ့် တကယ့်လက်တွေ့မှာတော့ မမျှော်လင့်ဘဲ အက်စီးဒင့် ဖြစ်သွားခဲ့လေသော ဘော့စ်ရဲ့အခြေအနေကြောင့် အားလုံးဟာ ဘော့စ်ကိုပဲ စိတ်ပူကာ ဘော့စ်အနီးအနားမှာပဲ အချိန်ပြည့် နေ့နေရတာမို့ ဖန့်ဝါ တစ်ယောက်တည်းပဲ ဘော့စ်အတွက် ကုသိုလ်ကောင်းမှု လာလုပ်ပေးနေတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့က နှစ်ဆန်းတစ်ရက်နေ့ ဖြစ်တာကြောင့် လေးရက်လုံး ပျော်ခဲ့ ကဲခဲ့သမျှ အားလုံးအတွက် မပင်ပန်းနိုင်ဘ နှစ်ဆန်းတစ်ရက်နေ့မှာလည်း နေရာတိုင်းဟာ ကြိတ်ကြိတ်တိုး စည်ကားနေတာပဲ ဖြစ်သည်။ ဖန့်ဝါက တစ်ယောက်တည်း မဟာဝိဇယဘုရားကို လာဖူး၍ ဘော့စ်အတွက် ဆုတောင်းပေး ဖြစ်သည်။

တစ်နှစ်လုံးမှာမှ ဒီနေ့ တစ်ရက်တည်း နေက ဘုရားလာဖူးတဲ့ ဒီမဟာဝိဇယဘုရားမှာ လူတွေတိုးနေတဲ့ ကြားထဲ က ဖန့်ဝါ ရအောင် ဘော့စ်အတွက် တောင်းဆုပြု လှူဒါန်းခဲ့ သည်။ သူ့မှာ ဖန့်ဝါကို ပြောစရာစကား ရှိခဲ့တယ်မို့လို့ ဖန့်ဝါ ဆီ လာခဲ့တာပေါ့။ အဲဒီမှာမှ တိုက်တိုက်ဆိုင်ဆိုင် ကားအက်စီး ဒင့် ဖြစ်ရတယ်လို့။

ဖန့်ဝါ တစ်ယောက်တည်း ဘော့စ်အတွက် ဘုရား ဝတ်ပြုရှိခိုး အမိဋ္ဌာန်ပုတီးတွေစိပ်ကာ ဒါနပြုလုပ်ပြီး အားလုံးပြီး စီးသွားတဲ့အချိန်မှာ နေ့ခင်းထမင်းစားချိန်တောင် ရောက်နေပြီ





ဖြစ်၏။ ဆေးရုံရောက်မှပဲ တစ်ခုခု စားပါတော့မယ်လေ။ ဖန့်ဝါ က ဘုရားကနေ တက္ကစီငှားကာ ဆေးရုံကိုပဲ တန်းလာခဲ့လိုက် သည်။

ဖန့်ဝါ ဆေးရုံရောက်လျှင်တော့ အခန်းမှာ မမအေး နှင့် ပွင့်သစ်ကိုပဲ တွေ့တာကြောင့် ဖန့်ဝါက အံ့ဩသွားရကာ ...

"မမအေး ... ဘော့စ်ကော။ ဘော့စ်ကောဟင်"

"ဟို ... ဟို"

မမအေးက မျက်စိပျက် မျက်နှာပျက်နှင့် ဟို ... ဟို တွေ ထပ်နေကာ ထစ်ငေါ့ငေါ့ လုပ်နေလျှင် ရင်ထဲ ဒိန်းခနဲဖြစ် ကာ မျက်ရည်က ချက်ချင်းဝေ့တက်လာမိသည်။ ဟင့်အင်း ... ဟင့်အင်း ... မဟုတ်ပါဘူး။

"မမအေး ... ပွင့်သစ် ... ဘော့စ်ကော။ ဘော့စ်ကောလို့ မေးနေတယ်လေ"

"ဘော့စ်ရဲ့အဖေ ခုနလေးကပဲ ပြန်ရောက်တယ်။ ဘော့စ် ကို အိမ်ပဲ ခေါ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖန့်ဝါက ထင်ထားသလို မဟုတ်လိုက်တာကြောင့် အခုမှပဲ ရင်ဘတ်က အပူလုံးက ဟုတ်ခနဲ ငြိမ်းရတော့သည်။ ဘော့စ် ဘာမှမဖြစ်တော့ဘူး ဆိုတာနဲ့တင် တော်ပါသေးသည်။

"တော်ပါသေးရဲ့။ ဘော့စ် သက်သာတယ်မှလား။ သတိ ရပြီလားဟင်"

"သတိက ရတစ်ချက် မရတစ်ချက်ပဲ။ MD က နိုင်ငံခြားကို ပြန်ခေါ်သွားမယ်လို့ ပြောတယ်။ ဘော့စ်ကို နိုင်ငံခြားမှာ ကုဖို့အတွက် MD တို့ ဆရာဝန်ကြီးတွေနဲ့ တိုင်ပင်ပြီး အခုလောလောဆယ် အိမ်ပြန်ခေါ်သွားကြတာ"

"ဪ"

တကယ်လည်း အခုချိန်မှာ ဪလို့ပဲ တစ်လုံးတည်း ရေရွတ်နိုင်သည်လေ။ ဘော့စ်ဟာ နိုင်ငံခြားကလာတဲ့ သူတစ်ယောက် ဖြစ်သလို နိုင်ငံခြားကို ပြန်ရမှာပေါ့။ ဖန့်ဝါ ဘာကြောင့် ငြိမ်သက် တုံ့ဆိုင်းသွားမှန်းလဲ ကိုယ့်ကိုယ်ကိုယ် သတိမထားမိချေ။





"ဖန့်ဝါ … စိတ်မကောင်း မဖြစ်ပါနဲ့။ တို့တွေရဲ့ဘော့စ်က သူ့ နေကောင်းသွားပြီ ဆိုတာနဲ့ တို့တွေဆီ ပြန်လာမှာပါ"

မမအေး စကားကြောင့် ဖန့်ဝါက ခေါင်းအသာအယာလေး ညိတ်ပြလိုက်သည်။ တကယ်ဆို ဖန့်ဝါ ဘာကိုဆွေးနေမှန်းလဲ ကိုယ့်ကိုယ်တိုင် မသိပေ။ ဒီအချိန်မှာ ဖန့်ဝါ စိတ်ချမ်းသာသင့်နေတာလေ။

ကိုကြီးဟာ ဖန့်ဝါကို လက်လွှတ်ပေးလိုက်တာ။ ပြီးတော့ ဖန့်ဝါ အစစ အဆင်ပြေသွားတာ။ ဒါတွေဟာ စိတ်ချမ်းသာရတယ် ဆိုပေမယ့် ဆွေးစရာဟာ ရင်ထဲမှာ နှစ်ဝင်နေကာ နှလုံးသားတစ်ခုလုံးက သွေးပေါင်ကျနေသလို လုံးဝ pressure တက်မလာတော့ပေ။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com







အကြောင်းတစ်စုံတစ်ရာ တိုက်ဆိုင်လို့

သတိရမိတာမျိုးက ... ချစ်ခဲ့ဖူးတာ။

ဘာအကြောင်းတိုက်ဆိုင်မှုမှ မရှိပါဘဲ

အတွေးထဲ ရောက်နေ သတိရနေမိတာက

•
•
•

ချစ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com





## (၁၆)

သော့စ်အတွက် ဖန့်ဝါ ကိုယ်တိုင် မီးဖိုချောင်ဝင်တာ ကြက်စွပ်ပြုတ် ပြုတ်နေတာဖြစ်သည်။ ဒီနေ့မှာ ဖန့်ဝါတို့ရုံးက မိန်းကလေးတစ်စုက သော့စ်အိမ်သွားပြီး သတင်းမေးကြမယ်ဟု ချိန်းထားတာကြောင့် ဖန့်ဝါက သော့စ် ကြိုက်လောက်မည့် ကြက်စွပ်ကို သေသေချာချာ ပြင်ဆင်ချက်ပြုတ်ပြီးနောက် ရေမိုးချိုး အလှပြင်ဆင်ပြီးချိန်မှာ မေမေက ဖန့်ဝါ အခန်းတံခါးကို လာခေါက်၏။

"သမီးရေ ... ဖန့်ဝါ ... မောင်နေထက် ရောက်နေတယ်၊ ထွက်လာခဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဟုတ်ကဲ့ မမေ"

ဖန့်ဝါက အသံပြုကာ အမြန်လေး ပြင်လိုက်ပြီး အခန်းထဲက ထွက်လာခဲ့သည်။ ကိုကြီးဟာ အခုဆို ဖန့်ဝါ အတွက် သာမန်မိတ်ဆွေတွေလို ရုံဖန်ရံခါ အိမ်လာလည်၊ မမေ၊ ဘွားဘွားတို့ လိုအပ်တာကို ကူညီပေးတတ်တဲ့ မိတ်ဆွေ ကောင်းအဖြစ် ရှိနေပေးတာဖြစ်သည်။

"ကိုကြီး ရောက်နေတာလား"

"ဟုတ်တယ်။ ဖန့်ဝါ ... လှနေပါလား။ အလုပ်သွားမလို့ လား။ အလုပ်က ပိတ်သေးတယ် မဟုတ်လား"

"အင်း ... ပိတ်သေးတယ်။ 21 မှ ပြန်စကြမှာလေ။ အခု ဘော့စ်ဆီ သွားပြီး သတင်းမေးမလို့"

"သူ ဘယ်လိုနေလဲ ဖန့်ဝါ"

"စိုးရိမ်စရာ မရှိတော့ဘူး ဆိုပေမယ့် ဂရုစိုက်နေရတဲ့ အနေအထားမျိုးပါ။ ကိုကြီး မမေတို့နဲ့ စကားပြောနှင့် လေ။ ဖန့်ဝါ မမအေးတို့နဲ့ ချိန်းထားလို့ သွားလိုက်ဦး မယ်"





"ကိုယ် လိုက်ပို့ပေးမယ် ဖန့်ဝါ"

ဖန့်ဝါက ကိုကြီးရဲ့ လိုက်ပို့ပေးမှုကို အားနာသွား တာကြောင့် ငြင်းဆန်ရလေသည်။

"အို ... နေပါစေ။ ရပါတယ်"

"ကိုယ့်ညီမကို အပြင်လိုက်ပို့ပေးတယ်ပဲ သဘောထားပါ။ ကိုယ် လိုက်ပို့ပေးပါ့မယ်"

"ဟုတ်သားပဲ သမီးရယ်။ လိုက်သွားလိုက်ပါ။ မောင်နေ ထက်က ဒီလောက်တောင် လိုက်ပို့ပေးမယ် ပြောနေတဲ့ ဟာ"

မမေကပါ တိုက်တိုက်တွန်းတွန်း ပြောနေတာမို့ ဖန့်ဝါလည်း မငြင်းချင်တာကြောင့် ကိုကြီးနဲ့ လိုက်ခဲ့လိုက်ရ သည်။ ကားပေါ်မှာ ဖန့်ဝါကပဲ အားနာစိတ်ကြောင့် ပါးစပ်ပိတ် ၍ ငြိမ်နေလျှင် ကိုကြီးက ဖန့်ဝါကို အကဲခတ်ကြည့်ရင်း ...

"ကိုယ်တို့ မတွေ့တာ လေးရက်ပဲ ရှိပါသေးတယ်၊ ဒါပေမဲ့ ဖန့်ဝါကတော့ သိပ်တည်ငြိမ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးရဲ့ အဲဒီဝေဖန်စကားအတွက် ဖန့်ဝါက ပြုံးလိုက်ရင်း ကိုကြီးကို ကြည့်မိလိုက်လျှင် အကြည့်ချင်း ဖျတ်ခနဲ လာဆုံလေသည်။ ဖန့်ဝါ တစ်ယောက်တည်း ပြောင်းလဲတာတော့ မဟုတ်တန်ရာ။ ပြောင်းလဲခဲ့တယ် ဆိုရင်တောင် ကိုကြီးလည်း ပြောင်းလဲခဲ့တာပဲလေ။

"ဖန့်ဝါ,တင် မဟုတ်ပါဘူး။ ကိုကြီးလည်း ပြောင်းလဲသွားတယ်"

"ဟုတ်လား။ အင်း ... သကြၤန်နဲ့ နှစ်ဟောင်းက အညစ်အကြေးတွေ ဆေးချလိုက်တဲ့ သဘောကြောင့် နေမှာပေါ့။ ကိုယ့်ရင်ထဲမှာ ရှင်းလင်းအတွက် အပြစ်ရှိတယ်ဆိုတဲ့ စိတ်ခံစားချက်တစ်ခု ကျန်ခဲ့တာကလွဲရင် ကိုယ် သကြၤန်ဆိုတာကို ဖန့်ဝါကြောင့် အမြင်ပြောင်းခဲ့လိုက်ပါပြီ ...

ဖန့်ဝါကို တစ်ခုတော့မေးချင်တယ်။ ဖန့်ဝါ အချစ်ကို အဓိပ္ပာယ်ဖွင့်ဆိုလို့ ရတဲ့အထိ တွေ့ခဲ့ပြီလား"

အဲဒီမေးခွန်းအတွက် ဖန့်ဝါက ခါးကိုဆန့်ကာ ထိုင်ခုံနောက်မှီကို မှီလိုက်ရင်းက ရှုပ်ထွေးနောက်ကျနေတဲ့ အာရုံခံစားမှုတွေအတွက် သက်ပြင်းတစ်ချက် ချလိုက်ရင်းက ပြန်ဖြေလိုက်သည်။





"ဟင့်အင်း ... မသိဘူး။ ဖန့်ဝါလည်း ကိုယ့်ကိုယ်ကိုယ် မသိဘူး"

"ကိုယ်ကတော့ သိခဲ့တယ်။ ဒါပေမဲ့ ကိုယ်သိလိုက်တဲ့ အချိန်က သိပ်နောက်ကျသွားပြီ။ တစ်ခါတလေကျတော့ အချိန်ဟာ အချစ်ဖြစ်လာဖို့ စောင့်နေပေမယ့် အဲဒီအချစ် ရောက်လာတော့ စောင့်နေတဲ့အချိန် လွန်သွားပြီ ...

ကိုယ်တို့တွေ အနောက်မှာ ကျန်နေခဲ့တဲ့ ပျော်ရွှင်စရာ၊ ဝမ်းနည်းစရာ အဖြစ်အပျက်တွေကို ပြန်သယ်ယူလာလို့ မရသလို လွန်သွားတဲ့ အချိန်တွေအတွက် အမှတ်တရ ဖြစ်နေရုံကလွဲပြီး ပြန်သွားလို့ မရတော့ဘူး ...

ကိုယ် အဲဒါကြောင့် ဖန့်ဝါကို ကိုယ့်ညီမလေးလို သဘောထားပြီး ပြောခဲ့ပါရစေ။ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေတယ်ဆိုတာ သိအောင်ကြိုးစားပါ။ ကိုယ် ဒီအချိန်မှာတော့ ဖန့်ဝါကို အမှတ်တရ အဖြစ်သာ ရင်ဘတ်ထဲ သိမ်းထားလို့ ရမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးရဲ့စကားတွေက အရမ်းကို နူးညံ့နေကာ နူးညံ့သလောက်လည်း သိပ်ကို ပညာသားဆန်တဲ့ အဓိပ္ပာယ်တွေ ပါနေတယ်ဆိုတာ ဖန့်ဝါ သိသည်။ ဖန့်ဝါကို ကြည့်တဲ့အကြည့်တွေရဲ့ နောက်ကွယ်မှာ ကြေကွဲရိပ်တွေ နှောင်တရိပ်တွေ ပါနေတာကို ဖန့်ဝါ ရိပ်စားမိသည်။

"ကိုကြီး ဖန့်ဝါကို နားလည်ပေးတာ ကျေးဇူးတင်ပါတယ်"

"ပြောဖို့ မလိုပါဘူး ဖန့်ဝါ။ ကိုယ့်ကြောင့် နာကျင်ရတဲ့ နှလုံးသားတွေ ရှိသလို ကိုယ့်ကြောင့် ပျော်ရွှင်တဲ့ နှလုံးသားတွေလည်း ရှိစေချင်ပါသေးတယ်"

ကိုကြီး တော်တော်လေးကို ပြောင်းလဲသွားပြီဆိုတာ သိသာလှစွာ အရမ်းကို ပြောတတ်လာတဲ့ စကားလုံးတွေအတွက် ဖန့်ဝါ တကယ်ပဲ ကျေနပ်မိလေသည်။ ဒါပေမဲ့လည်း ဒီအချိန်မှာ ဖန့်ဝါကို ဘယ်သူချစ်ခဲ့သလဲ ဖန့်ဝါ မသိသလို၊ ဖန့်ဝါက ဘယ်သူ့ကိုချစ်သလဲ ဆိုတာလည်း ဖန့်ဝါ မသိပေ။

❋ ❖ ❋





ကိုကြီးက ဘော့စ်ရဲ့ ခြံရှေ့အထိ ဖန့်ဝါတို့ကို လိုက်ပို့ပေးပြီးနောက်မှာတော့ ဖန့်ဝါတို့က ဘော့စ်ကို သတင်းမေးဖို့အတွက် ခြံတံခါးဘဲလ်ကို နှိပ်လိုက်လျှင် ခြံထဲက ကောင်လေးတစ်ယောက်က တံခါးလာဖွင့်ပေးကာ ...

"အိမ်ထဲဝင်ပါ ခင်ဗျ။ အိမ်ထဲမှာ ကိုကြီးကျော်ဇင်တော့ ရှိပါတယ်"

ချာတိတ်လေး စကားက နားမရှင်း ဖြစ်ရတာမို့ ဖန့်ဝါတို့တွေက တစ်ယောက်မျက်နှာ တစ်ယောက်ပြန်ကြည့်ကြကာ မျက်စပစ်ပြရင်း ...

"ခြံမှားလာတာတော့ မဟုတ်လောက်ပါဘူးနော်"

"အယ် ... မမှားပါဘူး။ ငါ ဘော့စ်ဦးမြသာ လက်ထက်ကတည်းက ဒီရောက်ဖူးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... မမအေး၊ ဖန့်ဝါတို့ပါလား။ လာလေ ... အိမ်ထဲလာကြ"

ဂျာကြီး ထွက်ကြိုတော့မှ ဖန့်ဝါတို့ ခြံမများဘူးဆိုတာ သိရကာ အခုမှ သက်ပြင်းချနိုင်ကာ အားလုံး အိမ်ထဲလိုက်ဝင်ကြသည်။

"လာ ... ထိုင်ကြဟော့။ ဘော့စ်တို့က မနေ့ညက midnight flight နဲ့ ပြန်သွားကြပြီ"

"ဟမ်"

"ဘယ်လို"

ဂျာကြီးဆီက ကြားလိုက်ရတဲ့ စကားဟာ ဟုတ်ရဲ့လားလို့တောင် သံသယရှိမိသည်အထိ ဖြစ်ရလေသည်။ ဘော့စ်တို့ ပြန်သွားကြပြီ။

"ဟယ် ... ဟုတ်ရဲ့လား ကျော်ဇင်ရယ်။ နင် လာနောက်နေတာမှလား"

"ကျွန်တော်က ဘာကိစ္စ နောက်ရမှာလဲ မမအေးရ။ MD က သူ့သား အခုလိုဖြစ်ရတာတွေဟာ သူ့ကြောင့်ဆိုပြီး





စိတ်မကောင်းတွေဖြစ်။ ဘော့စ်ကို နိုင်ငံခြားမှာပဲ ဆေးကုမယ်ဆိုပြီး အားချင်း နှစ်ရက်အတွင်း ပြန်ဖို့စီစဉ်တော့တာ။ ကျွန်တော့်ကိုတောင် ကုမ္ပဏီကို ယာယီလွှဲပေးထားတဲ့ကိစ္စတွေ ပြောဖို့အတွက် မနေ့ကမှ လှမ်းခေါ်တာ"

"ဟယ်တော် ... အဲဒါဆို ဘော့စ်ကော၊ MD ပါ သွားကြပြီပေါ့။ ဘော့စ် ... ဘော့စ် ... ဘယ်လိုနေလဲဟင်။ သတိရပြီလား"

"သတိက ပြန်လည်လာပါပြီ။ ဒါပေမဲ့ ဘာမှ လှုပ်ရှားမှု မပြသေးဘူး။ ဘော့စ် တစ်စုံတစ်ခု ဖြစ်သွားမှာကို MD ကလည်း တအားတွေ စိုးရိမ်ပြီး အားချင်းစီစဉ်လိုက်တာ"

ဂျာကြီး စကားအဆုံးမှာ ဖန့်ဝါဟာ ဟိုးအဝေးကြီးကမြင်နေရတဲ့လမ်းဟာ မျက်တောင်တဆုံး အကြည့်နဲ့ နီးတယ်ထင်ခဲ့ပေမယ့် တကယ်တမ်းကျ ဝေးလွန်းတယ် ဆိုတာကို သဘောပေါက်ခဲ့ရလေသည်။

"အေးလေဟယ်။ တို့တွေလည်း ဒီတလောမှာ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်မှန်းကို မသိတော့ဘူး။ ဘော့စ် အမြန်ဆုံးနေကောင်းလာဖို့ကိုပဲ ဆုတောင်းရတော့မှာပဲ”

“အင်း … ဘော့စ်က နေကောင်းတာနဲ့ သူ ပြန်ရောက်လာမှာပါ။ ဖန့်ဝါ … အဲဒီ အတက်နေ့က ဘော့စ်က နင့်ကို တောင်းပန်ဖို့ဆိုပြီး ဖွတ်ထွက်သွားတာ။ ဘော့စ်ကို ကြည့်ရတာ နင့်ကို ပြောစရာတွေ အများကြီး ရှိနေပုံပဲ …

တကယ်တော့ ဘော့စ်က မေတ္တာငတ်နေရှာတဲ့ လူငယ်လေးတစ်ယောက်ပါပဲ။ ဒီတစ်လလေးအတွင်းမှာ ဘော့စ်က ငါတို့အားလုံးကို ပျော်အောင်ဖန်တီးပေးခဲ့နိုင်တယ်။ ဖန့်ဝါ … ငါတို့ ဘော့စ်အတွက် နင့်ရဲ့ဆုတောင်းက ပိုထိရောက်မှာပါ။ ဘော့စ်ကို ဆုတောင်းပေးပါဦးနော်”

ဖန့်ဝါက ဘာမှ ပြန်မဖြေဖြစ်ပေ။ ဘော့စ် ပြန်လည်နေကောင်းလာဖို့ ဖန့်ဝါ ဆုတောင်းပေးပါမည်။ ဒါပေမဲ့ ဂျာကြီးပြောသလို ပုံစံမျိုးနဲ့ ဖန့်ဝါ ဆုမတောင်းရက်ခဲ့ပါဘူး။





ဘော့စ်ဟာ ခဏလေး ဖန့်ဝါနဲ့ ဆုံတွေ့ခဲ့တယ်။ ဇာတ်လမ်းတွေ ရှိခဲ့မယ်ဆိုရင်တောင် အဲဒါဟာ သကြံန်ချိန်ခဏလေးအတွက်ပဲ ဖြစ်ပေလိမ့်မည်။ ဘော့စ် တစ်ယောက် ဖန့်ဝါတို့နှင့် အချိန်တွေ ကွာနေတဲ့ တစ်နေရာမှာ နေကောင်းပြီး သူလိုချင်နေတဲ့ မေတ္တာတရားတွေ ပိုင်ဆိုင်နိုင်ဖို့ပါ ဖန့်ဝါက ထပ်လောင်းဆန္ဒပြုမိသည်။

တကယ်တော့ သကြံန်အိပ်မက်ကို ဖန့်ဝါ သာယာမိခဲ့တာပါ။

ဘော့စ်နဲ့ ဖန့်ဝါက ကွာခြားတာမှ အများကြီးပဲလေ။ ဖန့်ဝါက ဘာကြောင့်မှန်းမသိ မျက်ရည်တွေ ဝဲချင်လာခဲ့ကာ တစ်နေရာကနေ ခပ်တိုးတိုးကြားရတဲ့ လွှမ်းပိုင်ရဲ့ သီချင်းတစ်စတလည်း ဖန့်ဝါကို ထိခိုက်ရှနာ ဖြစ်စေခဲ့ပါသည်။

“ကြယ်လေး xxx မင်းအမြင့်ကို ပျံသန်းသွားလိုက်ပါ xxx
ဒီမြေကြီးကလူမှာ xxx မင်းခိုနားဖို့နေရာ xxx မလောက်င
တာ သိလိုက်ပြီကွာ xxx ”

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com







2015 - June

www.burmeseclassic.com

www.burmeseclassic.com







(၁၇)

ဖန့်ဝါရဲ့ "နုတ်ထွက်စာ"ကြောင့် ကုမ္ပဏီတစ်ခုလုံးဟာ ဂယက်တွေ ရိုက်ကုန်ကာ ဖန့်ဝါကို နုတ်မထွက်ဖို့ အတင်းဝိုင်းတားကြသည်။ ဒါပေမဲ့ ဘဝရှေ့ရေးအတွက် ဖန့်ဝါလည်း မခွဲချင်ဘဲ ခွဲရမှာပဲဖြစ်သည်။

"ဖန့်ဝါ မျှော်လင့်ထားတဲ့ Scholarship ကလည်း ရတယ်ဆိုတော့ ဒါဟာ ဖန့်ဝါအတွက် အခွင့်အရေးမို့လို့ ကျောင်းပြန်တက်ဖို့ ဆုံးဖြတ်လိုက်ရတာကို အားလုံး နားလည်ပေးကြပါနော်"

www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ဒါဟာ ဖန့်ဝါအတွက် ပျော်ရွှင်မှု အခွင့်အရေးလို့ ယူဆရတဲ့ MBA Full Scholar အတွက် ဖန့်ဝါ အလုပ်ထွက်လိုက်တာဟာ မမှားဘူးလို့ ဖန့်ဝါကတော့ ယူဆလေသည်။

ဖန့်ဝါ ကိုယ်တိုင်လည်း ကိုယ်သံယောဇဉ် ကြီးလွန်းလှတဲ့ ဒီအလုပ်ကနေ မထွက်ချင်ပေမယ့် ကိုယ့်ဘဝအတွက် တက်လမ်းတွေ အခွင့်အရေးတွေ ထပ်ရမယ့် လှေကားထစ်တစ်ခုမို့ ဖန့်ဝါ မနှင်းဘူးဆိုပြီး မျက်စိမှိတ် ကျော်မသွားနိုင်ပေ။

တစ်ခါတလေတော့လည်း ဘဝမှာ လုပ်ချင်တာနှင့် လုပ်သင့်တာ ဖြစ်ချင်တာနှင့် ဖြစ်သင့်တာဆိုတဲ့ ဦးနှောက်နှင့် ခံစားချက် လွန်ဆွဲပွဲအတွက် ရွေးရခက်ခက်နှင့်ပင် ဦးနှောက်ကို ရွေးလိုက်ရတတ်သည်။ ကိုယ် ခံစားရတာ လူမသိပေမယ့် ကိုယ် ရက်စက်တာကတော့ လူပြောခံရတာပဲ ဖြစ်သည်။

❋ ❖ ❋





တစ်မနက်

တစ်နေ့လယ်

တစ်ညနေ

ဘေးနား မင်းမရှိ

မျက်လုံးမှိတ်ကြည့်

အတွေးထဲ မင်းရှိ



www.burmeseclassic.com

www.burmeseclassic.com





2016 - April

www.burmeseclassic.com

www.burmeseclassic.com







(၁၈)

ပြန်မရောက်တာ တစ်နှစ်နီးပါး ရှိတော့မည်ဖြစ်တဲ့ မြန်မာမြေကို သူ ပြန်ရောက်လာချိန်မှာ နှလုံးသားဟာ အရှင်အတိုင်း နွေးထွေးဆဲပင် ဖြစ်သည်။ Bankok ထရန်စစ်ဖြစ်တာမို့ သူက Bankok Airways ကနေတစ်ဆင့် မြန်မာနိုင်ငံကို အရောက်ပြန်လာခဲ့တာပဲ ဖြစ်သည်။

"တစ်နှစ် တစ်ခေါက်တော့ xxx အရောက်လာမယ် xxx
မိန်းမချောလေးရယ် xxx ပိတောက်ပွင့်တဲ့ရက်မှာ xxx
ရေကာစား ထွက်ကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



သကြန်နား နီးလာပြီမို့ ကြားရတဲ့ မရိုးနိုင်သကြန် သီချင်းလေးက သူ့စိတ်ကို ပျော်ရွှင်မှုတစ်ခုကို ပေးစေ၏။ ထင်းလင်းက အင်မီဂရေးရှင်း ဖြတ်ဖို့ဒါနီးမှာ ခပ်သဲ့သဲ့ ကြားနေရတဲ့ LED TV stand တွေက သီချင်းသံကြောင့် တကယ်ပဲ လန်းဆန်းမှုတစ်ခုကို ဖြစ်စေတာ ဖြစ်သည်။ သကြန်နား နီးလာပြီဆိုတဲ့ စိတ်ခံစားချက်နဲ့တင် သူဟာ တစ်ယောက်သောသူကို အကြီးအကျယ် လွမ်းမိလာသည်။

ထင်းလင်းက အင်မီဂရေးရှင်း ဖြတ်ဖို့ တန်းစီနေတုန်း မျက်လုံးကစားမိအသွားမှာ သူဟာ နှစ်ခါပြန်ကြည့်ရတဲ့ အခြေအနေမျိုးဖြစ်အောင် အံ့အားသင့်ရတဲ့ တစ်စုံတစ်ယောက်ကို လှမ်းတွေ့လိုက်သည်။ သူနှင့်က ဂိတ်ချင်းလည်း လှမ်းနေတာကြောင့် သွားလို့က မရတော့ပေမယ့် သူ့အမြင်အာရုံဟာ လုံးဝ မလွဲချေ။

အဲဒါဟာ ဖန့်ဝါတန်ရူးမှ လုံးဝသေချာပေသည်။ ဖန့်ဝါဟာ အခု အင်မီဂရေးရှင်း ဖြတ်နေတယ်ဆိုတော့ သူနဲ့





လေယာဉ်တစ်စီးတည်း အတူစီးလာခဲ့တယ်ဆိုတဲ့ သဘောပေါ့။ ဟား ... ကွာ။

"ဖန့်ဝါ"

သူ လှမ်းအခေါ်မှာတော့ ဖန့်ဝါဟာ သူ့ကိုလည်း လှည့်မကြည့် မကြားနိုင်စွာ အင်မီဂရေးရှင်းက ထွက်ကာ အိတ်သွားရွေးနေသည်။ သူက မီမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ အင်မီဂရေးရှင်း ဖြတ်ပြီးတာနဲ့ ဖန့်ဝါနောက် အသည်းအသန်လိုက်လည်း ဖန့်ဝါက ဘယ်ရောက်လို့ ရောက်သွားမှန်း မသိတော့ချေ။

ထင်းလင်းက ရုတ်တရက်ကြီး ပြန်တွေ့လိုက်ရတဲ့အခါ ပူနွေးကာ ချက်ချင်း လှုပ်ရှားလာတဲ့ ရင်ခုန်သံတွေကြောင့် ဖန့်ဝါရှိရာ အရပ်ဒေသကို အရောက်သွားဖို့က ပိုမို၍ နိုင်မာသေချာနေခဲ့ပေသည်။ သူ ကားအက်စီးဒင့်ဖြစ်ကာ နိုင်ငံခြားမှာ ဆေးကုသမှု ခံယူနေစဉ်အတွင်းမှာ ဒယ်ဒီဟာ သူ့ကို အဆက်အသွယ် ဘယ်သူနဲ့မှ ပေးမလုပ်ခဲ့တဲ့အတွက် အားလုံးဟာ အဆက်အသွယ်တွေ ပြတ်ကုန်ကာ အခုမှ ပြန်လည်စတင်ရတော့မှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး သူသိခဲ့ရတဲ့ သတင်းစကားကတော့ ဖန့်ဝါ အလုပ်ထွက်သွားပြီ ဆိုတာပဲ ဖြစ်သည်။ ဖန့်ဝါ ဘာတွေ လုပ်နေတယ်ဆိုတာ သူ ဘယ်လိုမှ ဆက်သွယ်လို့ မရပေမယ့် သူ့ရင်ထဲမှာ တစ်နေ့မှ မေ့မရအောင် ဖမ်းစားနိုင်ခဲ့သူဟာ ဖန့်ဝါပဲ ဖြစ်သည်။ ထင်းလင်းက သူ မြန်မာပြည် ပြန်ရောက်တာကို လာကြိုနေမည့် ကိုကျော်ဇင့်ကို အခုမှ ရှာဖို့သတိရပြီး သူ့ရဲ့ လက်ဆွဲအိတ်တွေ trolly ပေါ်တင်ကာ တွန်းရင်း ထွက်လာခဲ့သည်။

❋ ❖ ❋





ဖန့်ဝါက မိတ်ကပ်အပြီးသတ် ပြင်ဆင်မှုအနေနဲ့ MAC နှုတ်ခမ်းနီ ဆိုးပြီးသွားသောအခါ Shinning Face ဖြစ်စေဖို့အတွက် Makeup store ရဲ့ face mist လေးကို မျက်နှာမှာ ဖျန်းပြီးသောအခါ အားလုံးက ready perfect ဖြစ်လို့သွားလေသည်။ ဒီနေ့ လူကြီးတွေနှင့် တွေ့ရမှာမို့ ဖန့်ဝါက အဖြူရောင်ဇာ လက်ပြတ် ဂါဝန်လေးကို ရွှေရောင်ခါးပတ်သေးလေး ပတ်ထားလိုက်လျှင် အရမ်းကြီးလည်း မကလက်ဘဲ class တစ်ခုရှိတဲ့ အမျိုးသမီးတစ်ဦးအသွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိအောင် ပြင်ဆင်ထားတာပဲ ဖြစ်၏။

ဒီမှာ ဖန့်ဝါ အလုပ်လုပ်ရမယ့် ထိုင်းကုမ္ပဏီက လူကြီးတွေနှင့် တွေ့ရမှာမို့ ဖန့်ဝါက အချိန်ကိုပိုင်ပြီး right time



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် စောထွက်လာခဲ့သည်။ မြကျွန်းသာထဲက Sabai မှာ ချိန်းထားတာကြောင့် ဖန့်ဝါက ကြိုစောရောက်နေကာ စောင့်နေလိုက်သည်။

"ဖန့်ဝါ ..."

ဖန့်ဝါရဲ့နာမည် ခေါ်သံကြောင့် လှည့်ကြည့်မိသွားလျှင် ထင်မထားတဲ့သူ ဖြစ်နေတာမို့ ဖန့်ဝါက အံ့အားသင့်စွာ ထိုင်နေရာမှ ထရပ်လိုက်ရင်း တအံ့တသြ ရေရွတ်မိသည်။

"ဘော့စ်"

ဒီလိုအချိန် ဒီလိုနေရာမျိုးမှာ ဖန့်ဝါ ဘော့စ်ကို ပြန်တွေ့လိမ့်မယ်လို့လည်း လုံးဝမစဉ်းစားမိချေ။ ဘော့စ်က အရင်လို နှစ်လိုဖွယ် အပြုံးတစ်ခုနှင့်အတူ ပြုံးလိုက်ရင်း ...

"ကိုယ်တို့ မတွေ့တာ တော်တော်ကြာခဲ့ပြီနော်"

"ဖန့်ဝါ ဘော့စ်ကုမ္ပဏီမှာ အလုပ်မလုပ်ဖြစ်တော့ဘူး"

"ကိုယ် ကြားပါတယ်။ ကိုယ်လည်း တစ်နေ့ကမှ ပြန်ရောက်တာ။ ဖန့်ဝါ MBA အတွက် နိုင်ငံခြားမှာ ကျောင်း





သွားတက်တာကိုလည်း ကိုယ် အခုမှ ကြားတယ်။ ဖန့်ဝါ ကိုယ်တို့ စကားအေးဆေးပြောရအောင်"

ဘော့စ်က ဖန့်ဝါကို တွေ့ခွင့်တောင်းနေတာကို ဖန့်ဝါ လက်မခံဖို့ ဆုံးဖြတ်လိုက်သည်။ ပြီးခဲ့တာတွေ ပြန်မစချင်တော့ပေ။

"ဖန့်ဝါ ဒီကို အလုပ်ကိစ္စနဲ့ လာတာမို့ အချိန်မရတော့လို့ပါ ဘော့စ်"

"ရတယ်လေ။ ဖန့်ဝါ ပြီးတဲ့အထိ ကိုယ် စောင့်မယ်၊ ကိုယ် မပြောလိုက်ရတဲ့ စကားတွေ ပြောမှဖြစ်လိမ့်မယ်"

ဘော့စ်က ဖန့်ဝါကို တစ်ခါတည်းကို ပြောတော့မယ့်ဟန်တွေမို့ ဖန့်ဝါက စိတ်ထဲမှာ တကယ်ပဲ ကတုန်ကယင်တွေ ဖြစ်လာကာ ရှောင်ပြေးဖို့သာ စဉ်းစားတော့သည်။

"ဘော့စ် ... ဖန့် ... ဖန့်ဝါ ... အလုပ်ရှိနေလို့ပါ"

"ခဏ ... ခဏလေးပါ။ ကိုယ်ပြောတာလေးကိုတော့ ဖန့်ဝါ ဆုံးအောင် နားထောင်ပေးသွားပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘော့စ်ရယ် ...။

ဖန့်ဝါက လုံးဝတွေ့တော့မယ်လို့ကို ထင်မထားတဲ့ အချိန်မှာ ဘွားခနဲပေါ်လာကာ အခုမှ စတွေ့တွေ့ချင်းကို ဘော့စ် ဘာတွေ ပြောမှာလဲ။

"မင်းနဲ့ ကိုယ် မတွေ့ရတာ တစ်နှစ်နီးပါးတောင် ရှိတော့ မယ်။ ကိုယ့်ဘဝမှာ မင်းကြောင့် အမှတ်တရတွေ ရှိခဲ့ဖူး တော့ မင်းနဲ့ အခုလို မထင်မှတ်ဘဲ ပြန်ဆုံတဲ့အချိန်မှာ ကိုယ် မင်းကို တစ်ခါတည်း ဖိတ်ပါရစေ"

ဟင် ...။

ဖန့်ဝါက အဲဒီစကားလုံးအတွက် ထပ်မံမမျှော်လင့် ထားစွာ ဘော့စ်ကို ကြည့်မိသွားသည်။ ဟားကွာ ...။ ဒီအချိန်ထိ ဖန့်ဝါ ရှုးနေတုန်း။ အချိန်တစ်နှစ်အတွင်းမှာ အားလုံး ပြောင်းလဲ ကုန်ပြီဆိုတာ သိရက်နဲ့ ဖန့်ဝါ ရှုးမိတုန်းပင်။

"ဖန့်ဝါ ... ဟေး ... ဖန့်ဝါ"

"ပြော ... ပြောလေ ဘော့စ်"





"ဪ ... ပွဲက သင်္ကြန်အကြိုနေ့ ၁၃ ရက်နေ့ပေါ့။ ကုမ္ပဏီကိုပဲ ကျေးဇူးပြုပြီး လာခဲ့ပေးပါနော်။ ဖန့်ဝါက လည်း ကုမ္ပဏီရဲ့ဝန်ထမ်းဟောင်း တစ်ယောက် အနေနဲ့ ကော ကိုယ့်ရဲ့အထူးဧည့်သည် အနေနဲ့ပါ ဖိတ်ပါတယ်"

"ဘာပွဲလဲဟင်"

"ကိုယ့်ရဲ့ ကြေညာမှုတစ်ခုကို လုပ်တဲ့ပွဲပါ။ ကိုးနာရီ လောက်ဆို လာလို့ရပါတယ် ...

ဆက်ဆက်လာခဲ့ပါနော်"

ဖန့်ဝါက အဲဒီဖိတ်ကြားမှုကိုလည်း နားတော့သိပ် မလည်ပေ။ ရုတ်တရက်ကြီး ဘော့စ်က ထပြောကာ ပွဲဆိုပြီးဖိတ် ထားသေးသည်။ ပြီးတော့ ဘော့စ်ရဲ့စကားတွေက ထူးဆန်းလွန်း နေတာကြောင့် ဖန့်ဝါမှာ ပိုပြီးအံ့သြရလေသည်။

"ဘော့စ်"

"ကဲပါ ... ဘာမှမပြောနေနဲ့။ ဖန့်ဝါ ... ဆက်ဆက်လာ ပေးပါနော်။ ကိုယ် သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘော့စ်က ပြောချင်တာတွေပြောကာ ထွက်သွားလေ၏။ တစ်ခုခုတော့ တစ်ခုခုပဲ ဆိုတာတော့ ဖန့်ဝါ အတတ်ပြောနိုင်လေသည်။

❋ ❖ ❋





၂၀၁၆ - မဟာသင်္ကြန် အကြိုနေ့

www.burmeseclassic.com

www.burmeseclassic.com







(၁၉)

မဖြစ်မနေ လာခဲ့ပါဆိုသော တောင်းဆိုမှုတွေဟာ သောှစ်တစ်ယောက်တင်မက ဝန်ထမ်းအားလုံးက ဖန့်ဝါဆီ စုန်းတဂွမ်ဂွမ် ဆက်ကြတာမို့ ဖန့်ဝါ မလာလို့ မရတော့ချေ။ တစ်ခါက အလုပ်လုပ်ခဲ့တဲ့ ဖန့်ဝါရဲ့ ကုမ္ပဏီကြီးဟာ အရင်အတိုင်းပဲ ရှိနေလျက် ဘာတစ်ခုမှ မပြောင်းလဲချေ။ အေးပေါ့လေ ...။ အဆောက်အအုံတွေထက် လူတွေကပဲ ပြောင်းလဲနေကြတာပဲဟာ။

"ဟယ် ... ဖန့်ဝါလေး ... လာ ... လာ။ ကြည့်စမ်းပါဦး လှလာလိုက်တာ။ လာ ... ထိုင်"

www.burmeseclassic.com

www.burmeseclassic.com



မမအေးက ဖန့်ဝါ ဝင်လာတာကိုမြင်လျှင် ပျာပျာသလဲ လှမ်းခေါ်က နှုတ်ဆက်၏။ ဖန့်ဝါက ဘယ်လိုမှ မေးလို့မရတဲ့ မေးခွန်းအတွက် သိလို သိရငြား မမအေးကို မေးလိုက်သည်။

"မမအေး ... ဘော့စ်က ဘာအစီအစဉ်ရှိလို့လဲ"

"မသိဘူးလေ။ Meeting Room ထဲမှာတော့ လူစုခိုင်းထားတယ်။ အထူးဖွည့်သည်တော် ဖန့်ဝါလာရင် ပွဲကစလို့ရပြီလာ"

မမအေးက ဖန့်ဝါလက်ကိုဆွဲကာ Meeting Room ထဲ ခေါ်လာခဲ့သည်။ ဝန်ထမ်းတွေ အားလုံးဟာ ပုံမှန်ပဲ ထိုင်နေတာမို့ ဘာမှတော့ ထူးခြားမှုမရှိ။ ဒီနှစ် ဘော့စ်မဏ္ဍပ်မလုပ်တော့ဘူးလား။ ဖန့်ဝါက တစ်ယောက်တည်း စုံနေတဲ့ အတွေးတွေအတွက် ဘာမှ တိတိပပ ထွက်မလာသေးတော့ ဖန့်ဝါက ထိုင်ခုံမှာသာ ဝင်နေရာယူလိုက်သည်။



အားလုံး လူစုံရင်တော့ ဘော့စ်က မင်းသားတစ်ပါးလို ရောက်လာကာ အနောက်မှာလည်း သူ့ရဲ့တပည့်တွေကကပ်လျက် အနေအထားဖြစ်၏။ ဘော့စ်က ဖန့်ဝါကို ပြုံးပြ၍ CEO ခုံနေရာဆီ သွားလိုက်ကာ ဘာများပါလိမ့် သိချင်နေတဲ့ မေးခွန်းအတွက် အဖြေကို ပြောပြလေသည်။

"အားလုံးပဲ။ ဒီနှစ်မှာ ကျွန်တော့်ဘက်က ဝန်ထမ်းတွေကို ပျော်ပွဲရွှင်ပွဲ မလုပ်ပေးနိုင်တာကို ခွင့်လွှတ်ပေးစေချင်ပါတယ်။ ဒီတလောမှာ ကျွန်တော် ပြန်ရောက်တာကလည်း ပြီးခဲ့တဲ့ရက်ကမှဆိုတော့ ဒီသကြံန်အတွက် ဘာမှကို မစီစဉ်ရသေးပါဘူး ...

ဘာပဲဖြစ်ဖြစ် ဒီအချိန် ရောက်လာပြီဆို ကျွန်တော့်အတွက် အမှတ်တရတွေ အများကြီးကို ပြန်ဖြစ်စေတယ်၊ အဲဒါကြောင့် ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ကျွန်တော်ကိုယ်တိုင် လုပ်ထားတဲ့ သကြံန်စာလေး ကျွေးချင်လို့ ဖန့်ဝါကိုပါ တကူးတက ဖိတ်ထားရတာ



www.burmeseclassic.com

www.burmeseclassic.com



ဖန့်ဝါတို့ ရှေ့ကို waiter လေးတွေက မုန့်လုံးရေပေါ် ပန်းကန်လေးတွေ လာချပေးလေသည်။ ဖန့်ဝါက အခုချိန်ထိ လုပ်ချင်တာ လုပ်နေတဲ့ ဘော့စ်ရဲ့ပုံစံတွေကို မြင်ရပြန်ကာ ခေါင်းတော့ အသာယမ်းမိသွားသည်။

"ဒါ ကျွန်တော်ကိုယ်တိုင် လုံးထားတဲ့ မုန့်လုံးရေပေါ်မို့ စားကြည့်ကြည့်ပါ။ လျှာလည်သွားစေရမယ်"

ဖန့်ဝါက စိတ်တွေ နှောက်ကျလာကာ မြန်မြန်ပြီး၊ ပြီးအောင် ဖန့်ဝါပဲ အရင်ဆုံး စိတ်မကြည်စွာ မုန့်လုံးရေပေါ်ကို ခက်ရင်းနှင့်တိုးကာ ပါးစပ်ထဲ ထည့်ဝါးလိုက်သည်။

"ဘယ် ... ဘယ်လိုနေလဲ ဖန့်ဝါ။ စားကောင်းရဲ့လား"

"အင်း ... ကောင်းပါတယ်"

"ကောင်းရင် များများစား။ ထပ်စားဦးလေ"

ဖန့်ဝါက နောက်ထပ်တစ်လုံးကို ထပ်စားလိုက်သည်။ အင့် ... နေပါဦး။ ပျော့အိ ပျော့အိ မုန့်လုံးရေပေါ်က ဘယ်လိုလုပ် ဒီလောက်တောင် မာရတာပါလိမ့်။





ဖန့်ဝါက တစ်ရှူးပေါ်ကို ဝါးမိတဲ့ မာကျောကျော အရာတစ်ခုကို ထွေးထုတ်လိုက်သည်။

"ဖန့် ... ဖန့်ဝါ ... ဘာဖြစ်လို့လဲ"

"ဟင်"

"ဟာ ... လှလိုက်တဲ့ လက်စွပ်လေး"

ဖန့်ဝါ ကိုယ်တိုင်လည်း ပါးစပ်ထဲက ထုတ်လိုက်မိတဲ့ မာကျောကျော အရာဟာ လက်စွပ်တစ်ကွင်း ဖြစ်နေတာမို့ အရမ်းကို အံ့အားသင့်ရလေသည်။ အားလုံးက ဖန့်ဝါဆီအံ့လာကာ ရှုပ်ရှုပ်သဲသဲ ဖြစ်နေချိန်မှာမှ ဘော့စ်က ဖန့်ဝါရဲ့ ထိုင်ခုံရှေ့မှာ ဒူးထောက်ထိုင်ချလိုက်တာမို့ ဖန့်ဝါက အိုးတိုးအမ်းတမ်းတွေ ဖြစ်သွားချိန်မှာ ဘော့စ်က ဖန့်ဝါရဲ့မျက်နှာကို တမေ့တမော ငေးကြည့်ရင်း ...

"ကိုယ့်မှာ စကားတွေ များများစားစား ပြောဖို့မရှိပါဘူး ဖန့်ဝါ။ အချိန်ကာလ တစ်ခုတိုင်အောင် ကိုယ့်ရဲ့အချစ်တွေ အစမ်းသပ်ခံခဲ့တယ်။ ကိုယ်လည်း ဖန့်ဝါကို တစ်နေ့

www.burmeseclassic.com



မှမေ့မရခဲ့ဘူး။ ဖန့်ဝါဟာ ကိုယ့်အတွက် လိုအပ်မှုပဲ ... ကိုယ့်ကို လက်ထပ်ခွင့်ပေးပါ ဖန့်ဝါ"

"ဝါး ... ဘော့စ်တို့ Romantic ချက်ဟော့"

"ဖန့်ဝါ ... အဖြေပေးလိုက်တော့လေ"

အားလုံးက လက်ခုပ်လက်ဝါးတီးကြကာ ဘော့စ်ကို ချီးကျူးနေကြသလို ဖန့်ဝါ ကိုယ်တိုင်ကလည်း အံ့သြလွန်းလို့ ဘာဆက်ပြောလို့ ပြောရမယ်မှန်းကို မသိတော့ချေ။ ဘော့စ် အဲဒီလို လုပ်လိမ့်မယ်လို့လည်း ထင်မထားပေ။ ဆပ်မရိုက်စ် ဖြစ်တာတွေကော ရှက်တာတွေကော ကြည်နူးတာတွေပါ ရောပေါင်းကာ ဖန့်ဝါက မျက်ရည်တောင် ဝဲတက်လာမိသည်။

"ဖန့်ဝါ ... ကိုယ့်ကို တစ်ခုခု ပြန်ဖြေပါဦး။ ကိုယ် အခုလို လုပ်တာကို အပိုင်ချည်လိုက်တယ်ဆိုပြီး ဖန့်ဝါမထင်ပါနဲ့နော်။ ကိုယ်တို့နှစ်ယောက်အတွက် သကြန်ရက်လေးတွေကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းရင်းနဲ့ တစ်သက်လုံး ဖန့်ဝါကို သစ္စာရှိသွားချင်လို့ပါ"





"ကဲပါ ... မင်းသမီးရယ်၊ မင်းသားက ဒီလောက်တောင် ရိုမန်တစ်နေမှတော့ ဘာမှလုပ်မနေနဲ့။ ဒီသကြန်အတွက် သကြွားဖျန်းပေးလိုက်တော့"

ဂျာကြီးက အရောက်ကို ပို့ပေးနေလျှင် ဘော့စ်က ပိုတောင် သဘောကျသွားကာ ဖန့်ဝါကို မျှော်လင့်တကြီး မျက်ဝန်းတို့ဖြင့် လက်ကမ်းပေးသည်။

ဖန့်ဝါက သူ့ကို လက်ခံရကောင်း နီးနီး ဝေခွဲရခက်နေတုန်းမှာ ကိုကြီးရဲ့စကားသံက နားထဲ ပြန်ကြားယောင်လာမိသည်။

အချစ်ဖြစ်ဖို့ အချိန်ရောက်နေချိန်မှာ ဖန့်ဝါ ငြင်းနေရင် အချိန်လွန်သွားဖို့ပဲ ရှိတယ်ဆိုပြီး ခဏ ခဏ ပြောတဲ့ ကိုကြီးဟာ ခုချိန်ထိ သူလည်း မရှင်းလင်းသာ အပေါ်မှာ သစ္စာရှိနေဆဲပင်။

ဖန့်ဝါက ရှေးရှေးက ဥပမာတွေကို နမူနာယူလိုက်ကာ သိပ်ပဲများမနေတော့ဘဲ ဘော့စ်ကမ်းပေးတဲ့ လက်တွေထဲသို့ ဖန့်ဝါရဲ့လက်တစ်ဖက်ကို ယုံကြည်စွာ အပ်နှံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ပျော်ရွှင်စွာ လက်ခုပ်တွေတီးကြတာမို့ ဖန့်ဝါလည်း အရမ်းကိုပဲ ပျော်ရွှင်နေမိသည်။

"Ok ... ဒီနေ့ သကြံန်အကြိုနေ့။ ဖန့်ဝါဆိုတဲ့ ကျွန်တော့်ရဲ့ အသစ်စက်စက် ချစ်သူလေးရဲ့မွေးနေ့ ...

ဒီတော့ ကိုကျော်ဇင် ... သကြံန်မှာ အပြတ်ပျော်ဖို့ အားလုံး စီစဉ်ပေးပါ"

"Yes ... Boss"

အားလုံးက အပျော်တွင် အပျော်ဆင့်ကာ ဖန့်ဝါနှင့် ဘော့စ်ကို ရေတွေလောင်းကုန်ကြ၏။ ဒီရေကတော့ သကြံန်ရေတွေထဲမှာမှ အချစ်နဲ့ပေါင်းပြီး လောင်းတဲ့ရေမို့လို့ သကြားဖျန်းထားသလို ချိုမြနေကာ မင်္ဂလာရှိသော နှစ်သစ်ကို ကြိုဆိုမှုက အရမ်းကို ရှိမန့်တစ်ဖြစ်အောင် ဘော့စ်က မှန့်လုံးရေပေါ်ထဲက လက်စွပ်ကို ဖန့်ဝါရဲ့ လက်သူကြွယ်မှာ စွပ်ပေးရင်း တစ်ဘဝစာ ပျော်ရွှင်မှုအတွက် သေချာအောင် သကြံန်အကြိုနေ့မှာ စရန်တစ်ဝက် သပ်ထားလိုက်လေသည်။

❋ ❖ ❋





မင်္ဂလာရှိသော သကြံန်နှစ်သစ်ကို အချစ်စစ်ဖြင့် ဆင်နွှဲနိုင်ပါစေ။

ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ

11 - March - 2015.

6:19 A.M

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ မွေ့စိန္တာလမ်း၊ ကျောက်မြောင်း တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"

www.burmeseclassic.com